http://www.dhammadownload.com

အမရပူရမြို့
ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်
အရှင်ဇနကာဘိဝံသ
၏

# မဟာဂန္ဓာရုံဝတ်ရွတ်စဉ်

[ပရိတ်ကြီးနိဿယများ ပါဝင်သည်။]



၁၃၆၂-ခုနှစ် ဝါခေါင်လ

နယူးဘားမားအော့ဖ်ဆက်ပိဋကတ်ပုံနှိပ်တိုက်
အမရပူရမြို့။

http://www.dhammadownload.com

http://www.dhammadownload.com

အမရပူရမြို့

ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်

# အရှင်ဇနကာဘိဝံသ

၏

# မဟာဂန္ဓာရုံဝတ်ရွတ်စဉ်

ပရိတ်ကြီးနိဿယများ ပါဝင်သည်။

[ရဟန်း သာမဏေများ, လူဥပါသကာများ, နေ့စဉ် သံဝေဂဘာဝနာ ပွားများ၍ ကိုယ်ကျင့်တရား တိုးတက်ရန်နှင့် အန္တရာယ်ကင်းရန်အတွက် ရည်ရွယ်ထုတ်ဝေပါသည်။]



၁၃၆၂-ခုနှစ်　　　ဝါခေါင်လ

နယူးဘားမားအော့ဖ်ဆက်ပိဋကပုံနှိပ်တိုက်

အမရပူရမြို့။

http://www.dhammadownload.com

# ဤကျောင်းတိုက်၌

| | | |
|---|---|---|
| ၁။ | စိတ်ကောင်းရှိဖို့က | ပထမ။ |
| ၂။ | ဝိနည်းလေးစားဖို့က | ဒုတိယ။ |
| ၃။ | ကျန်းမာဖို့က | တတိယ။ |
| ၄။ | သန့်ရှင်းဖို့က | စတုတ္ထ။ |
| ၅။ | အဝတ်အစားတတ်ဖို့က | ပဉ္စမ။ |
| ၆။ | အနေအထိုင်တတ်ဖို့က | ဆဋ္ဌမ။ |
| ၇။ | အပြောအဆိုတတ်ဖို့က | သတ္တမ။ |
| ၈။ | အသွားအလာတတ်ဖို့က | အဋ္ဌမ။ |
| ၉။ | စည်းကမ်းလိုက်နာဖို့က | နဝမ။ |
| ၁၀။ | စာတတ်ဖို့က | ဒသမ။ |

ဤ(၁၀)ချက်ကို အစဉ်အတိုင်း ဂရုစိုက်ပါ။

http://www.dhammadownload.com

# အချီနိဒါန်း

ကျောင်းတိုက်တည်ထောင် ကျေးဇူးတော်ရှင် အမရပူရမြို့ မဟာဂန္ဓာရုံ ဆရာတော်ဘုရား သည် ၁၃၀၂–ခုနှစ်က စတင်၍ အမရပူရမြို့ မဟာဂန္ဓာရုံ စာသင်တိုက်ကို သံဃာ(၄)ပါးဖြင့် စတင်တည်ထောင်ခဲ့သည်၊ သို့သော်–တည်ထောင်စမှာပင် ဒုတိယကမ္ဘာစစ်မီးကြောင့် ခေတ္တ အဆက်ပြတ်ခဲ့ရ၏။

**စာဝါပို့ချ** တစ်ဖန် စစ်ပြီးကာလ ၁၃၀၆–ခုနှစ်လောက်မှ ပြန်၍ စတင်ခဲ့ရာ ၁၃၀၉–ခုနှစ်၌မူ သံဃာ (၇၀) ကျော်ခန့်ရှိနေပေပြီ ထိုသို့ စာသင်တိုက် စတင်ချိန်မှစ၍ ဆရာတော်သည် နံနက်စောစော အရုဏ်တက်လျှင် တက်ချင်း အရုဏ်ဆွမ်း သံဃာများပါ စားစေ၍ ဆွမ်းခံမထွက်မီ အချိန်ပိုင်း၌ စာဝါတစ်ဝါပို့ချတော်မူလေ့ရှိ၏၊ စာဝါမှာ အင်္ဂုတ္တိုရ်, သံယုတ်ပါဠိတော် အဋ္ဌကထာများ, ဝိနည်းဆိုင်ရာ ပါဠိ အဋ္ဌကထာစာဝါများ ဖြစ်၏။

**ဩဝါဒပေး** ထိုစာဝါကို မချမီ ကျောင်းတိုက်နှင့် စပ်၍ဖြစ်စေ, သံဃာများ၏ ကိုယ်ကျင့်သိက္ခာနှင့် စပ်၍ဖြစ်စေ အနည်းငယ် အဆုံးအမ ဩဝါဒပေးလေ့ရှိ၏။

ထိုသို့ပြုလုပ်ရာမှ တဖြည်းဖြည်း သံဃာအရေအတွက်မှာ များ၍များ၍လာရာ သံဃာသုံးရာ,လေးရာမှ ငါးရာကျော်အထိ ဖြစ်လာသောအခါ စာဝါလျှော့၍ ဩဝါဒ အဆုံးအမ ပေးမှုကို အချိန်ပို၍ ပေးခဲ့ရလေသည်၊ ထိုသို့ ဩဝါဒပေးရာ၌ ဩဝါဒ မနာယူမီနှင့်

http://www.dhammadownload.com



နာယူပြီးနောက်၌ သံဃာများအတွက် ဗုဒ္ဓါနုဿတိဘာဝနာ, မေတ္တာဘာဝနာ, သံဝေဂဉာဏ် ပွားများဖွယ်ရာ, ဝိပဿနာ ဘာဝနာများဖြစ်ပွားဖွယ်ရာ ဂါထာပါဠိ, ဂါထာနိဿယ, လင်္ကာ, သံပေါက်, စကားပြေ စသည်များကို ချပေးလေ့ရှိ၏။

**ဝတ်ရွတ်စဉ်ဖြစ်** ထိုဂါထာ စသည်တို့ကို သံဃာများအားလုံး ညြဝါဒ အချိန်၌ တစ်ညီတစ်ညွတ် ရွတ်ဆို ပွားများကြရ၏၊ ထိုရွတ်ဆို ပွားများကြသော ဂါထာ, လင်္ကာ စသည်များသည် နှစ်ပေါင်းကြာညောင်းလာသောအခါ အတော် များများ စုမိပြီး ဖြစ်လာလေသည်၊ နောက်ပိုင်းကာလ၌ အသုံး များသော ရတနသုတ်,မေတ္တသုတ်,ခန္ဓသုတ်,ဝဋ္ဋသုတ်–ပရိတ်များ ကိုလည်း နိဿယနှင့်တကွ ရွတစေခဲ့ပါသည်၊ ၄င်းပရိတ်များကို ရပ်ရွာများ၌လည်း တစ်ရံတစ်ခါ နိဿယပါ ရွတ်ဆိုကြရပါသည်။

ထိုဂါထာ,လင်္ကာစသည်တို့သည် "မဟာဂန္ဓာရုံဝတ်ရွတ်စဉ်" ဖြစ်လာခဲ့ပေသည်။

**နေ့စဉ်ရွတ်ဆို** ထိုညြဝါဒ ဝတ်ရွတ်စဉ်များကို ယနေ့အထိ မဟာဂန္ဓာရုံ သံဃာတော် ၆ရာ ကျော်တို့ လည်း ညြဝါဒအချိန်၌ ရွတ်ဆိုနေကြ၏၊ ဂန္ဓာရုံတိုက်ခွဲ ကျောင်း တိုက်များလည်း နံနက်စောစော ညြဝါဒချိန် သတ်မှတ်၍ ဤ ဝတ်ရွတ်စဉ်များကို ရွတ်ဆိုနေကြပါသည်။

http://www.dhammadownload.com



ပုံနှိပ်လုပ်ဆောင် ယခုအခါ ၄င်းဝတ်ရွတ်စဉ်များ တစ်မူတည်း တစ်မျိုးတည်း ဖြစ်စေရန်နှင့် အလားတူရွတ်ဆိုပွားများလိုသော သံဃာတော်များ, အမျိုးကောင်းသား, အမျိုးကောင်းသမီးများလည်း ရွတ်ဆိုပွားများနိုင်ကြစေရန် ရည်သန်၍ ဤ"မဟာဂန္ဓာရုံဝတ်ရွတ်စဉ်"ကို စာအုပ်အဖြစ် ပုံနှိပ်လုပ်ဆောင်ရခြင်းဖြစ်ပါသတည်း။

နာယကဆရာတော်များ
မဟာဂန္ဓာရုံကျောင်းတိုက်
အမရပူရမြို့။

၁၃၄၃–ခုနှစ်၊ နတ်တော်လဆန်း (၁) ရက်, သောကြာနေ့။

http://www.dhammadownload.com



## အရှင်ဇနကာဘိဝံသ ဆရာတော် ၏

### သာသနာရေး ဩဝါဒလင်္ကာ

၁။ ရှင်တော်ဘုရား သားတော်များဟု,
မှတ်သားခေါ်ရ သံဃာမည်၊
သံဃာဆိုက နှစ်မျိုးရသည့်,
ပရမတ္ထ သမ္မုတိ၊
တရားသိကာ•ရိယာဖြစ်မှ,
ပရမတ္ထ ခေါ်ကြသည်၊
သမ္မုတိဆို ထိုသံဃာ၌,
ဆိုးကောင်း နှစ်ဝ ရှိကြသည်။

၂။ ပစ္စည်းလေးဖြာ လှူရှာကြသည့်,
ဗုဒ္ဓဝါဒ တို့တိုင်းပြည်၊
အကောင်းကိုသာ ကိုးကွယ်ကြဖို့,
စိတ်က နိစ္စ ထားရမည်၊
အကောင်းတွေက အသက်ပေးလို့,
သာသနာရေး ဆောင်သင့်ပြီ၊
မဆောင်နိုင်သော် ဘာသာပျက်၍,
သာသနာသက် ဆုံးလိမ့်မည်။

http://www.dhammadownload.com



# အမှာစာ

**အိပ်ရာမှထ** မဟာဂန္ဓာရုံကျောင်းတိုက်၌ နံနက်အရုဏ်မတက်မီ တစ်နာရီကြိုတင်၍ တုံးကြီးခေါက်လိုက်လျှင်(ငယ်လွန်းသော သာမဏေနှင့် ဦးသူတော်မှ လွဲ၍ ) သံဃာအားလုံး အိပ်ယာမှ ထပြီး မျက်နှာသစ်, ကျင်ကြီးကျင်ငယ်အမှု ပြုပြီးနောက် သင့်လျော်သော ကုသိုလ်ယာပုထ်ဖြင့် တရားတစ်မျိုးမျိုးကို နှလုံးသွင်းကာ ငြိမ်သက်စွာ နေကြရပါသည်။

**နံနက်ဆွမ်းစား** အရုဏ်တက်၍ တုံးကလေး ခေါက်သောအခါ အဆာပြေ လေမထရုံမှ ငံပြာရည်, ပဲပြုတ်, ရေနွေးကြမ်းဖြင့် ဆွမ်းစားကြရပါသည်၊ ( အချို့လည်း ယာဂု သောက်ကြ၏ )

**ဩဝါဒနာ** အရုဏ်တက်ပြီးနောက် ၂၅ မိနစ်လောက်ကြာလျှင် ( ဩဝါဒတုံး )ဟု ခေါ်အပ်သော တုံး ခေါက်ပါသည်၊ ထိုအခါ မကျန်းမာသူနှင့် ကျောင်းစောင့်ကို ချန်၍ ကျန်သံဃာ အားလုံးပင် သတ်မှတ်ထားအပ်သော ကျောင်းဆောင်သို့ ဩဝါဒနာယူရန် သက်နှုံးလက်ကတော့ထိုး, နေရာထိုင် လက်ယာ ပခုံးပေါ်တင်ကာ လက်အုပ်ချီလျက် ဣန္ဒြေရှိစွာ ဝင်ကြရပါသည်။

**ဝတ်ရွတ်စဉ်ဆို** တော်တော်ကလေး စုဝေးမိလျှင် ရှေးဦးစွာ ဘုရားဂုဏ်တော်,တရားဂုဏ်တော်,သံဃာ့ဂုဏ်တော် ပါဠိ အနက်ကို တစ်ပုဒ်စီ အလှည့်ကျ ညီညီညာညာ ရွတ်ဆို၍ ကျေးဇူးတော်ရှင် ဆရာတော်ကြီး စီစဉ်တော်မူခဲ့သော

http://www.dhammadownload.com



သီလ,သမာဓိ,ပညာ,တိုးပွားဖွယ်ရာ သံဝေဂဖြစ်ဖွယ်ရာ စကားပြေ, ဂါထာ, လင်္ကာ, သံပေါက်များကို အလှည့်ကျ ရွတ်ဆိုကြရပါသည်၊ ထို ဩဝါဒအချိန်၌ နေ့စဉ် ရွတ်ဆိုအပ်သော ဂါထာစသည်များပင် "ဝတ်ရွတ်စဉ်"ဟု နာမည်တွင်နေပါသည်။

ဝတ်ရွတ်စဉ် ၂ မျိုး

မဟာဂန္ဓာရုံကျောင်းတိုက်၌...

၁။ နံနက် ဩဝါဒအချိန်တွင် ရွတ်ဆိုအပ်သော ဩဝါဒ ဝတ်ရွတ်စဉ်။

၂။ ညဉ့်ဘုရားဝတ်တက်ချိန်တွင် ရွတ်ဆိုအပ်သော ညဉ့်ဝတ်ရွတ်စဉ် ဟု နှစ်မျိုးရှိရာ...ဤကျမ်းငယ်ပါ ဝတ်ရွတ်စဉ်မှာ ဩဝါဒ ဝတ်ရွတ်စဉ် ဖြစ်ပါသည်၊ ညဉ့်အချိန်မှာမူ (က) ပစ္စဝေက္ခဏာ, လိင်,ဒဏ်, သေခိယ,စုဒ္ဒသခန္ဓကဝတ်, ဓုတင်တေရသ ၃၂-ကောဋ္ဌာသ, ဒသဓမ္မသုတ် ပါဠိ အနက်၊ (ခ) ပါတိမောက်၊ (ဂ) ပရိတ်တော်များ၊ (ဃ) ဓမ္မစကြာ စသော သုတ်တော်များ၊ (င) ပဋ္ဌာန ပစ္စယုဒ္ဒေသ, ပစ္စယနိဒ္ဒေသ ပါဠိတော်များကို အလှည့်ကျ ရွတ်ဆိုကြရပါသည်။

**ဒါန သီလ ဘာဝနာ** ဗုဒ္ဓဘာသာဝင်တို့ အရေးတကြီး သိရမည့် ကျင့်နည်း, ကျင့်ရမည့် ဒါန, သီလ, ဘာဝနာ အကြောင်းကို ကောင်းကောင်း နားလည်စေရန် ကျေးဇူးတော်ရှင် ဆရာတော်ကြီးသည် ၁၃၂၅-ခုနှစ်လောက်က နံနက်

http://www.dhammadownload.com



ဩဝါဒပေးချိန်၌ (စိတ်ထဲမှာသိရုံမျှမက)နှုတ်မှာတက်၍ သွက်သွက် လက်လက် ရွတ်ဆိုနိုင်အောင် ဆိုရိုး "ဝတ်ရွတ်စဉ်" အဖြစ်ဖြင့် စီစဉ်တော်မူခဲ့ပါသည်၊ ထို အခန်းကိုလည်း ဤကျမ်းငယ်၌ ထည့် သွင်းထားပါသည်။

**ပရိတ်တော်** ၁၃၂၉–ခုနှစ်၌မူ သာရေးနာရေး ကိစ္စများ၌ ရွတ် ဆိုလေ့ရှိသော ရတနသုတ်တော်, မေတ္တသုတ် တော်စသော ပရိတ်များ၏ နိဿယကို ဩဝါဒပေးချိန်၌ပင် တစ် နေ့လျှင် တစ်ဂါထာစီလောက် ပို့ချတော်မူခဲ့ပါသည်၊ ထို နိဿယ များကိုလည်း ဤ၌ပြထား ပါသည်။

**ညွှန်ကြားချက်** ၁၃၃၅–ခုနှစ်ကဆုန်လ၌ ထူးထူးခြားခြားရာသီ ပူပြင်းသဖြင့် အမရပူရမြို့ဝယ် ဝမ်းရောဂါဖြစ် ပွားခဲ့ရာ ကျေးဇူးရှင်ဆရာတော်ဘုရားသည် ကျောင်းတိုက်သံဃာ များအား ကားကြီး(၁၀)စီးဖြင့် တစ်မြို့လုံးပတ်၍ ပရိတ်ရွတ်ဖတ်ရန် စီစဉ်တော်မူလျက်, ပရိတ်ရွတ်ဖတ်ရာ၌လည်း တန်ခိုးထက်မြက် အကျိုးရစေရန် နာသူ ,ရွတ်သူ နှစ်ဦး လိုက်နာရမည့် အချက်နှင့် ခန္ဓာကိုယ်အတွင်းသို့ ရောဂါမဝင်နိုင်အောင် နေထိုင်စားသောက် နည်းကိုလည်း စနစ်တကျ ညွှန်ပြတော်မူခဲ့ပါသည်။

**စုပေါင်းစီစဉ်** ထို အားလုံးကို စုပေါင်း၍ ဂဏဝါစကအဖွဲ့က ကျမ်းစာအဖြစ် စီစဉ်လိုက်ပါသည်၊ အမျိုးကောင်း သား အမျိုးကောင်းသမီး တို့သည် နှုတ်တက်အာဂုံ ဆောင်ပြီး

http://www.dhammadownload.com



( သို့မဟုတ် ) ကြည့်ရှုလေ့လာ၍ သဒ္ဓါ၊ ပညာ တိုးပွားစေကာ ကုသိုလ်တရား ကြီးစားနိုင်ကြပါစေ။

ဂဏဝါစက.စာချဘုန်းကြီးများ
မဟာဂန္ဓာရုံကျောင်းတိုက်
အမရပူရမြို့။

၁၃၄၃–ခုနှစ်၊ နတ်တော်လဆန်း (၅) ရက်၊ အင်္ဂါနေ့။
၁၉၈၁–ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်။

http://www.dhammadownload.com



# ခေါင်းစဉ် မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ကံသာလျှင် ကိုယ်ပိုင် | ... ၁ |
| ဩဝါဒ ပါတိမောက် | ... ၂ |
| စတုပါရိသုဒ္ဓိသီလအကျိုး | ... ၅ |
| စတုပါရိသုဒ္ဓိသီလ | ...၆–၇–၈–၉ |
| သီလမစင်ကြယ်သူ၏ အပြစ် | ... ၁၀ |
| စိတ်မထိန်းလျှင် ဘာဝနာအလုပ် မဖြစ် | ... ၁၀ |
| ဂုဏ်,လာဘ်နှင့် နိဗ္ဗာန် တစ်လမ်းစီ | ... ၁၁ |
| **ဗုဒ္ဓါနုဿတိဘာဝနာ** | |
| ဗုဒ္ဓဘွဲ့တော် | ... ၁၃ |
| ဇိနဘွဲ့တော်, သဗ္ဗညုတဉာဏ်တော် | ... ၁၃ |
| ဘုရားပွင့်လာ ကျိုးများစွာ | ... ၁၄ |
| စေတနာ တူလျှင် အကျိုးတူ | ... ၁၅ |
| **မေတ္တာဘာဝနာ** | |
| အရပ်(၁၀)မျက်နှာ မေတ္တာပို့ | ... ၁၆ |
| မေတ္တာအကျိုး(၁၁)မျိုး | ... ၁၈ |
| **အသုဘဘာဝနာ** | |
| ဆံပင်စသည်ကို စက်ဆုပ်ဖွယ် ရှုပုံ | ... ၁၈–၁၉ |
| **မရဏာဿတိဘာဝနာ** | |
| နောက်ဆုံးသေရမည် | ... ၂၄ |
| **ဝိပဿနာအခြေခံ** | |
| သံဝေဂဝတ္ထု(၈)ပါး၊ မီး(၁၁)ပါး | ... ၂၅ |

http://www.dhammadownload.com



အကြောင်းအရာ                                                    စာမျက်နှာ

## ဝိပဿနာတာဝနာ


| | | |
|---|---|---|
| အစိတ် ၆ ပါးရှုပွားပုံ၊ အသံ၌ ဝိပဿနာရှုပွားပုံ | ... | ၂၆ |
| အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အနတ္တခန္ဓာ | ... | ၂၇ |
| ပုံ့လွှမ်းခါနီး ရေးခဲ့သည့် သံဝေဂလင်္ကာ(၁၀)ပုဒ် | ... | ၂၈ |
| ဆရာတော်အား ကန်တော့လင်္ကာ | ... | ၂၈ |


## ဓေဝဒူတသုတ်


| | | |
|---|---|---|
| ငရဲကြီးရှစ်ထပ် | ... | ၂၉ |
| ဥဿဒ ငရဲငယ်များ | ... | ၃၆ |


## ဒါနခန်း


| | | |
|---|---|---|
| ပုညကြိယာဝတ္ထု၊ ဒါန ၂ မျိုး | ... | ၃၉ |
| မသန့်ရှင်းသောဒါန၊ တိဟိတ်, ဒွိဟိတ်ကုသိုလ် | ... | ၄၀ |
| တိဟိတ်, ဒွိဟိတ်, အဟိတ်ပုဂ္ဂိုလ် | ... | ၄၁ |
| အကျိုးကြီး–မကြီး | ... | ၄၂ |


## သီလခန်း


| | | |
|---|---|---|
| သီလ ၂ မျိုး, ဥပုသ် ၃ မျိုး | ... | ၄၄ |
| သီလ ၄ မျိုး | ... | ၄၇ |


## ဘာဝနာခန်း


| | | |
|---|---|---|
| စိတ်သေး စိတ်ငယ် | ... | ၄၈ |
| ကမ္မဋ္ဌာန်း | ... | ၅၀ |
| ကမ္မဋ္ဌာန်း ၂ မျိုး၊ သမထ ၂ မျိုး | ... | ၅၀ |
| သမထ ၄၀, စရိုက် ၆ မျိုး | ... | ၅၁ |
| စတုရာရက္ခ | ... | ၅၃ |

http://www.dhammadownload.com




| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| **ဗုဒ္ဓါနုဿတိဘာဝနာ** | | |
| အကြောင်းကောင်း, အကျိုးကောင်း | ... | ၅၄ |
| ကျေးဇူးများ, ကျေးဇူးဆပ် | ... | ၅၅-၅၆ |
| စိတ်ကြည်လင်, ဉာဏ်တော်ကြီး, သဒ္ဓါပညာတိုး | ... | ၅၇ |
| မေတ္တာဘာဝနာ | ... | ၅၉ |
| အသုဘဘာဝနာ | ... | ၆၀ |
| မရဏာနုဿတိဘာဝနာ | ... | ၆၂ |
| **ဝိပဿနာဘာဝနာ** | | |
| သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ | ... | ၆၄ |
| ဒိဋ္ဌိဝိသုဒ္ဓိ, ခန္ဓာဝန် | ... | ၆၅ |
| ရုပ်တရားကို ရှုပုံ, နာမ်တရားကို ရှုပုံ | ... | ၆၆ |
| ရုပ်နာမ် နှစ်ပါးကို ဣရိယာပုထ် ၄ ပါးဖြင့်ရှုပုံ | ... | ၆၇ |
| **စတုရာရက္ခနှင့် စပ်၍မှတ်ဖွယ်** | | |
| ဗုဒ္ဓါနုဿတိ, မေတ္တာ, အသုဘ | ... | ၇၀ |
| မရဏာနုဿတိ | ... | ၇၁ |
| **မေတ္တာပို့နည်း** | | |
| ကျောင်းတိုက်သံဃာ | ... | ၇၁ |
| ကျောင်းတိုက်နတ်,ဆွမ်းခံရွာ,အရပ် ၁၀ မျက်နှာ | ... | ၇၂ |
| **မရဏာနုဿတိပွားနည်း** | | |
| သေခြင်း,သင့်တင့်အောင်နှလုံးသွင်း | ... | ၇၃-၇၄ |
| ပြည့်စုံမှု ပျက်စီးမှု, အားလုံးသေရ | ... | ၇၅ |
| ဘေးရန်များ,အသက်အားနည်း | ... | ၇၆ |

http://www.dhammadownload.com




အကြောင်းအရာ ... စာမျက်နှာ

အပိုင်းအခြားမရှိ, အနှစ်တစ်ရာ အလွန်ဆုံး ... ၇၇
ဝိပဿနာ အခြေခံ ... ၇၈
သံဃာတော်များ၏ ညွှန်ကြားချက် ... ၇၉
ဆရာဝန်၏ ညွှန်ကြားချက် ... ၈၂

ပရိတ်အချီ

ပရိတ်နာသူ အင်္ဂါ ... ၈၃
ပရိတ်ရွတ်သူ အင်္ဂါ ... ၈၄

ပရိတ်ကြီးနိဿယ

နတ်ပင့် ... ၈၇
ရတနသုတ်ပါဠိ ... ၉၃
ရတနသုတ် နိဿယ ... ၉၉
မေတ္တသုတ် ပါဠိ ... ၁၂၃
မေတ္တသုတ် နိဿယ ... ၁၂၆
ခန္ဓသုတ် ပါဠိ ... ၁၃၇
ခန္ဓသုတ် နိဿယ ... ၁၃၉
ဝဋ္ဋသုတ် ပါဠိ ... ၁၄၃
ဝဋ္ဋသုတ် နိဿယ ... ၁၄၅
မောရပရိတ်ပါဠိ ... ၁၄၉
မောရပရိတ် နိဿယ ... ၁၅၂
ပါဠိတော် မောရပရိတ်ပါဠိ ... ၁၅၇
ပါဠိတော် မောရပရိတ် နိဿယ ... ၁၅၉
နောက်ဆက်တွဲ ... ၁၆၃

http://www.dhammadownload.com

## အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်

## နံ့နက်ပြဲဝါဒ

# ဝတ်ရွတ်စဉ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ကံသာလျှင် ကိုယ်ပိုင်

ကမ္မဿကော•မှိ ကမ္မဒါယာဒေါ, ကမ္မယောနိ ကမ္မဗန္ဓု,
ကမ္မပ္ပဋိသရဏော၊ ယံ ကမ္မံ ကရိဿာမိ ကလျာဏံ
ဝါ ပါပကံ ဝါ၊ တဿ ကမ္မဿ ဒါယာဒေါ ဘဝိဿာမီတိ,
ပစ္စဝေက္ခိတဗ္ဗံ။ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

အဟံ–ငါသည်၊ ကမ္မဿကော–ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်၊ ကမ္မဒါယာဒေါ–ကံပေးအပ်သော အမွေကို ခံယူရသည်၊ ကမ္မယောနိ–ကံဟူသောအကြောင်းရှိသည်၊ ကမ္မဗန္ဓု–ကံဟူသောဆွေမျိုးရှိသည်၊ ကမ္မပ္ပဋိသရဏော–ကံဟူသောလဲလျောင်းရာရှိသည်၊ အမှိ–ဖြစ်ပါတကား၊ ကလျာဏံဝါ–ကောင်းသည်မူလည်း ဖြစ်သော၊ ပါပကံဝါ–မကောင်းသည်မူလည်းဖြစ်သော၊ ယံကမ္မံ–အကြင်ကံကို၊ ကရိဿာမိ–ပြုလိုက်အံ့၊ တဿကမ္မဿ–ထိုကံကောင်း ကံဆိုး, အမျိုးမျိုး၏၊ ဒါယာဒေါ–အမွေခံသည်၊ ဘဝိဿာမိ–ဖြစ်ရမှာပါတကား။

http://www.dhammadownload.com



ဏ္ဏတိ–ဤအကြောင်းကို၊ ပဗ္ဗဇိတေန–သာသနာ့ဝန်ထမ်း, ရဟန်း သာမဏေသည်၊ အဘိဏှံ–နေ့စဉ်မပြတ်၊ ပစ္စဝေက္ခိတဗ္ဗံ–ဆင်ခြင် ထိုက်၏။

## ဩဝါဒပါတိမောက်ဂါထာ

၁။ ခန္တီ ပရမံ တပေါ တိတိက္ခာ,
နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ,
န ဟိ ပဗ္ဗဇိတော ပရူပဃာတီ,
န သမဏော ဟောတိ ပရံ ဝိဟေဌယန္တော။

တိတိက္ခာ–မိမိကသာ, အရာရာဝယ်, အသာမစံ, အနာခံခြင်း ဟူသော၊ ခန္တီ–တောင်တောင်ဤဤ, မကြံစည်ဘဲ, ခန္တီတရား, ကိုယ်မှာထားခြင်းသည်၊ ပရမံ တပေါ–အကျင့်တရား,များအပြား ထက်, ထူးခြားလွန်တင့်, အသာဆုံး အကျင့် ဖြစ်ပါပေသတည်း။ ဗုဒ္ဓါ–ဂင်္ဂါသဲတူ, ပွင့်တော်မူသည့်, ဆူဆူထွင်မှုထား, မြတ်ဘုရား တို့သည်၊ နိဗ္ဗာနံ–ဒုက္ခခပ်သိမ်း, အေးငြိမ်းရာမှန်, အေးနိဗ္ဗာန်ကို၊ ပရမံ–မင် ဖိုလ်ရှစ်တန်, ဓမ္မကွန်ထက်, ကဲလျှံလွှမ်းဖုံး, အမြတ်ဆုံး တရားဟူ၍၊ ဝဒန္တိ–ရတနသုတ်လာ, မြတ်သစ္စာဝယ်, သေချာ ထုတ်ဖော်, ဟောပြတော်မူကြကုန်၏။

ပရူပဃာတီ–ရှင်လူအများ, ကိုယ်နှုတ်အားဖြင့်, ထိပါးပုတ်ခတ်, ညှင်းဆဲတတ်သော ပုဂ္ဂိုလ်သည်၊ န ဟိ ပဗ္ဗဇိတော–ဒေါသကိုဖြုတ်, မနှင်ထုတ်သဖြင့်, အဟုတ်အစစ်, ပဗ္ဗဇိတ မဖြစ်နိုင်ချေ၊ ပရံ–ကိုယ်မှတစ်ပါး, ရှင်လူများတွင်, သနားဖွယ်ရာ, အဖြာဖြာကို၊

http://www.dhammadownload.com



ဝိဟေဌယန္တော–ကရုဏာကင်း, မေတ္တာရှင်း၍, နှိမ်နင်းပုတ်ခတ် ညှင်းဆဲတတ်သောပုဂ္ဂိုလ်သည်၊ သမဏော–ကိလေသာငြိမ်းအေး, အပူဝေးမှ, ခေါ်ဆိုရသည့်, သမဏအစစ်သည်၊ နဟောတိ–သမဏ အမှန်, သူဝန်ခံလည်း, ကေန်စင်စစ်, မဖြစ်နိုင်တော့ချေ။

၂။ သဗ္ဗပါပဿ အကရဏံ,
ကုသလဿုပသမ္ပဒါ၊
သစိတ္တပရိယောဒါပနံ,
ဧတံ ဗုဒ္ဓါန သာသနံ။

သဗ္ဗပါပဿ–ယုတ်မာသော့သွမ်း, ဟော့ရမ်းသမျှ, အကုသိုလ် အစုစုကို၊ အကရဏံ–လုံးဝပြောင်စင်အောင်, ရှောင်ကြဉ်သမျှ, မပြု လုပ်ခြင်းသည်လည်းကောင်း။ ကုသလဿ–ကာမ မဟဂ္ဂုတ်, လော ကုတ်အထိ, ရှိရှိသမျှ, ကုသလကို၊ ဥပသမ္ပဒါ–တစ်ဆင့်တစ်ဆင့်, ရင့်ထက်ရင့်၍, မလင့်ပုံသေ, ပြည့်စုံစေခြင်းသည်လည်းကောင်း၊ သစိတ္တပရိယောဒါပနံ–မိမိစိတ်ရင်း, ပွတ်သစ်ဝင်းသည့်, ခရသင်း အနေ, ဖြူစင်စေခြင်းသည်လည်းကောင်း၊ ဧတံ–အကုသိုလ်ကင်း, ကုသိုလ်သွင်း၍, စိတ်ရင်းစင်ရိုး, ဤ ၃ မျိုးသည်၊ ဗုဒ္ဓါနံ–ဂါ သဲတူ, ပွင့်တော်မူသည့်, ဆူဆူထွန်းထား, မြတ်ဘုရားတို့၏၊ သာသနံ–လိုရင်းနှုန်းပြ,ထုံးအရဖြင့်,သုံးကြပစေ, ဆုံးမတော်မူချ ပါပေတည်း။

http://www.dhammadownload.com



၃။ အနုပဝါဒေါ အနုပဃာတော,
ပါတိမောက္ခေစ သံဝရော၊
မတ္တညုတာစ ဘတ္တသ္မိံ,
ပန္တဉ္စ သယနာသနံ၊
အဓိစိတ္တေစ အာယောဂေါ,
ဧတံ ဗုဒ္ဓါန သာသနံ။

အနုပဝါဒေါ–သူတစ်ပါး၌, ဖြစ်ပွားတတ်လင့်, ပြုအကျင့်ကို, နှုတ်ဖြင့်မဲ့ရှဲ့, မကဲ့ရဲ့ခြင်းသည် လည်းကောင်း။ အနုပဃာတော–ရှင် လူအများ, ကိုယ်စိတ်အားဖြင့်, ထိပါးသတ်ညှင်း, မဖျက်ဆီးခြင်းသည်လည်းကောင်း။ ပါတိမောက္ခေ–ဝိနည်းပိဋကတ်, အရပ်ရပ်ဝယ်, ပညတ်ထုတ်ဖော်, ပါတိမောက် သီလတော်၌၊ သံဝရော စ–သဒ္ဓါတရား, သတိထား၍, ကြီးမားလွန်မင်း, စောင့်စည်းခြင်းသည်လည်းကောင်း။ ဘတ္တသ္မိံ–မစားရလျှင်, သက်မရှင်၍, နေ့စဉ်စားရ, ဆွမ်းပစ္စည်းဟူသော အာဟာရ၌၊ မတ္တညုတာစ–ခံယူသောခါ, စားသုံးရာဝယ်, ကိုယ်မှာလိုသမျှ, အတိုင်းအရှည် ပမာဏကို သိသူ၏ အဖြစ်သည်လည်းကောင်း၊ ပန္တဉ္စ သယနာသနံ–ရှင်လူ သီးသီး,အရောက်နည်းသည့်, တိုက်ကြီးစွန်ဖျား, တောကျောင်းများ ဝယ်, တစ်ပါးတည်းပျော်, မွေ့လျော်ခြင်းသည် လည်းကောင်း။ အဓိစိတ္တေ–ဝိပဿနာအခြေခံ, သမာပတ်ရှာန်နှင့်, ရှစ်တန်ဖိုလ်မဂ်, အလွန်ထက်သော စိတ်ကောင်း စိတ်မြတ်၌၊ အာယောဂေါစ–ယနေ့နက်ဖြန်, ရမည့်ဟန်ဖြင့်,မှန်မှန်ကြိုးကုတ်,အားထုတ်ခြင်းသည် လည်းကောင်း။ ဧတံ–အနုပဝါဒ, စသည်အပြား, ဤ ၆ ပါးသည်၊

http://www.dhammadownload.com



ဗုဒ္ဓါနံ–ဂရိုသဲတူ, ပွင့်တော်မူသည့်, ဆူဆူထွတ်ထား, မြတ်ဘုရား ဘို့၏၊ သာသနံ–လိုရင်းနှုန်းပြ, ထုံးအရဖြင့်, သုံးကြပစေ,အဆုံး အမတော်ပါပေတည်း။

## စတုပါရိသုဒ္ဓိ သီလအကျိုး

သာသနေ ကုလပုတ္တာနံ,
ပတိဋ္ဌာ နတ္ထိ ယံ ဝိနာ၊
အာနိသံသပရိစ္ဆေဒံ,
တဿ သီလဿ ကော ဝဒေ။

သာသနေ–ကမ္ဘာ့ ကမ္ဘာ, လွန်လေပါလည်း, တစ်ခါတစ်ဖန်, ကြုံရန်ခဲကပ်, အမြတ်ရတနာ, သာသနာတော်မြတ်ကြီး၌၊ ကုလ ပုတ္တာနံ–မျိုးရိုးကိုကျင့်, အစုံတင့်၍, ဆင့်ဆင့်ကြီးစား, အမျိုး ကောင်းသားတို့၏၊ ယံသီလံ–စတုပါရိ, သုဒ္ဓိလေးဖြာ, သိက္ခာညီမျှ, အကြွင်းသို့သော သီလကို၊ ဝိနာ–ကိုယ် နှုတ်နှလုံး, မစောင့်သုံးဘဲ, ရှုမှန်းသောအား, ကြဉ်ဖယ်ထား၍၊ ပတိဋ္ဌာ နတ္ထိ–သမာဓိ ပညာ, တက်ဖို့ငှာလျှင်,တည်ရာအခြေ,မရှိနိုင်တော့ချေ၊ တဿ သီလဿ– သမာဓိကောင်း, ပညာကောင်းဖို့, အကြောင်းရင်းမှန်, ထိုအခြေခံ သီလ၏၊ အာနိသံသပရိစ္ဆေဒံ–ကိုယ့်မှာ တိုးတက်, အကျိုးရင်း, အကျိုးဆက်, အပိုင်းအခြားကို၊ ကော–နတ်နှင့်လူ ဝယ်,အဘယ် သူတစ်ယောက်သည်၊ ဝဒေ–အကုန်အစင်, စုံအလင်ဖြင့်, ခံမင် သောမန, သဘောကျအောင်, ပြောပြနိုင်ပါတော့အံ့နည်း။

http://www.dhammadownload.com



## ပါတိမောက္ခသံဝရသီလ

ပါတိမောက္ခံ ဝိသောဓေန္တော,
အပ္ပေဝ ဇီဝိတံ ဇဟေ၊
ပညတ္တံ လောကနာထေန,
န ဘိန္ဒေ သီလသံဝရံ။

ပါတိမောက္ခံ–ဝိနည်းပိဋကတ်, အရပ်ရပ်၌, ပညတ်ထုတ်ဖော်, သိက္ခာပုဒ်သီလတော်ကို၊ ဝိသောဓေန္တော–မကျိုးမပေါက်, မညှိုး, ပျောက်ဘဲ,တိုးတောက်စေချင်, သုတ်သင်သူသည်၊ ဇီဝိတံ–လွန်စွာစုံမက်, ကိုယ့်အသက်ကို၊ အပ္ပေဝ ဇဟေ–မငံ့တငံ့, ရှံ့တရှံ့ဖြင့်, တွန့်ကာလွန့်ကာ, စွန့်လိုက်ရစေကာမူ၊ လောကနာထေန–ပြဟ္မာလူနတ်, မြတ်ထက်မြတ်သည့်,နတ်နတ်ထွတ်ထား,ဘုရားသည်၊ ပညတ္တံ–အာဏာတော်မြတ်, မိန့်တော်မှတ်၍, ပညတ်ထုတ်ဖော်, ဟောပြတော်မူအပ်သော၊ သီလသံဝရံ–ကိုယ် နှုတ်နှစ်တွေ့, စောင့်စည်းစေဖို့, ကုရှေ့ကိုးထောင်, ကျော်ခေါင်မြင့်ဟီး, သီလတော်ကြီးကို၊ နဘိန္ဒေ–အမိန့်တော်ချက်, ဦးထိပ်ရွက်၍, မဖျက်မိစေ, စောင့်စည်းသင့်ပေသတည်း။

## ဣန္ဒြိယသံဝရသီလ

စက္ခုနာ သံဝရော သာဓု, သာဓု သောတေန သံဝရော၊
ဃာနေန သံဝရော သာဓု, သာဓု ဇိဝှာယ သံဝရော၊
ကာယေန သံဝရော သာဓု, သာဓု မနေန သံဝရော၊
သဗ္ဗတ္ထ သံဝုတော ဘိက္ခု, သဗ္ဗဒုက္ခာ ပမုစ္စတိ။

စက္ခုနာ–အကြောင်းစက္ခု, တင်စားပြုသည့်, စက္ခုဝိညာဉ်ဖြင့်၊ သံဝရော–အဘိဇ္ဈာနှင့်, ဗျာပါဒေါသ, မဖြစ်ရအောင်, နှေ့ညစောင့်ငြား,

http://www.dhammadownload.com



သတိထားခြင်းသည်၊ သာဓု–ခုဘေးမခ, နောင်အေးမြဖို့, ဘဝတာရှည်(ရှေ), ကောင်းမြတ်လှပေ၏။

သောတေန–အကြောင်းသောတ, တင်စားရသည့်, သောတဝိညာဉ်ဖြင့်၊ သံဝရော–အဘိဇ္ဈာနှင့်, ဗျာပါဒေါသ, မဖြစ်ရအောင်, နှေးညှ စောင့်ကြား, သတိထားခြင်းသည်၊ သာဓု–ခုဘေးမခ, နောင်အေးမြဖို့, ဘဝတာရှည်(ရှေ), ကောင်းမြတ်လှပေ၏။

ဃာနေန–အကြောင်းဃာန, တင်စားရသည့်, ဃာနဝိညာဉ်ဖြင့်၊ သံဝရော–အဘိဇ္ဈာနှင့်, ဗျာပါဒေါသ, မဖြစ်ရအောင်, နှေးညှ စောင့်ကြား, သတိထားခြင်းသည်၊ သာဓု–ခုဘေးမခ, နောင်အေးမြဖို့, ဘဝတာရှည်(ရှေ), ကောင်းမြတ်လှပေ၏။

ဇိဝှာယ–အကြောင်းဇိဝှာ, တင်စားရာသည့်, ဇိဝှာ ဝိညာဉ်ဖြင့်၊ သံဝရော–အဘိဇ္ဈာနှင့်, ဗျာပါဒေါသ, မဖြစ်ရအောင်, နှေးညှ စောင့်ကြား, သတိထားခြင်းသည်၊ သာဓု–ခုဘေးမခ, နောင်အေးမြဖို့, ဘဝတာရှည်(ရှေ), ကောင်းမြတ်လှပေ၏။

ကာယေန–အကြောင်းကာယ, တင်စားရသည့်, ကာယဝိညာဉ်ဖြင့်၊ သံဝရော–အဘိဇ္ဈာနှင့်, ဗျာပါဒေါသ, မဖြစ်ရအောင်, နှေးညှ စောင့်ကြား, သတိထားခြင်းသည်၊ သာဓု–ခုဘေးမခ, နောင်အေးမြဖို့, ဘဝတာရှည်(ရှေ), ကောင်းမြတ်လှပေ၏။

မနေန–ဘဝင်မနော, တင်စားပြောသည့်, မနောခေါ်တွင်, ဇော ဝိညာဉ်ဖြင့်, သံဝရော–အဘိဇ္ဈာနှင့်, ဗျာပါဒေါသ, မဖြစ်ရအောင်, နှေးညှ စောင့်ကြား, သတိထားခြင်းသည်၊ သာဓု–ခုဘေးမခ, နောင်အေးမြဖို့, ဘဝတာရှည်(ရှေ), ကောင်းမြတ်လှပေ၏။

http://www.dhammadownload.com



သဗ္ဗတ္ထ–အလုံးစုံသော စကျွေးသား, ၆ ပါးသော ဒွါရတို့၌၊ သံဝုတော–အဘိဇ္ဈာနှင့်, ဗျာပါဒေါသ, မဖြစ်အောင်, နှေးညံမခြား, သတိထား၍ စောင့်ရှောက်သော၊ ဘိက္ခု–သံသရာရေး, လာမည့်ဘေးကို, မျှော်တွေးရှုတောင်း, ရဟန်းကောင်းသည်၊ သဗ္ဗဒုက္ခာ–အလုံးစုံသော ပဋိသန္ဓေ, အိုနာသေရေး, ဆင်းရဲဘေးမှ၊ ပမုစ္စတိ–မုချမိုင်ပိုင်, လွတ်မြောက်နိုင်ပေသတည်း။

## အာဇီဝပါရိသုဒ္ဓိသီလ

အနေသနာယ စိတ္တံပိ,
အဇနေတွာ ဝိစက္ခဏော၊
အာဇီဝံ ပရိသောဓေယျ,
သဒ္ဓါပဗ္ဗဇိတော ယတိ။

ဝိစက္ခဏော–ဘုရားမျက်နှာ, သာသနာနှင့်, ကိုယ့်မှာနောင်ရေး, မြော်တွေးဆင်ခြင်, ပညာရှင်လည်း, ဖြစ်ပေထသော၊ သဒ္ဓါပဗ္ဗဇိတော–ဘယာမဖက်, သဒ္ဓါတွက်ကြောင့်, ရွာထွက်သမူ, ရဟန်းပြုခဲ့သူလည်း ဖြစ်ပေထသော၊ ယတိ–သာသနာ့ဝန်, အားသွန်ကြိုးပမ်း, ထမ်းဖို့ ရည်ရော်, ရဟန်းတော်သည်၊ အနေသနာယ–ဘုရားစက်ဆုပ်, လွန်သေးနုပ်သည့်, အယုတ်တမာ, လေးဖြာပစ္စည်း, ရှာဖွေနည်း၌၊ စိတ္တံပိ–ပြုလုပ်ဖို့ရန်, စိတ်အကြံကိုမျှလည်း၊ အဇနေတွာ–သာသနာ့အရှိန်, ကိုယ့်အရှိန်ဝယ်, ဂုဏ်သိရ်ညစ်ပေ, မဖြစ်စေဘဲ၊ အာဇီဝံ–တစ်သက်လျှာမျှ, တစ်ဝမ်းဝဖို့, တစ်ခဏာအတွက်ကလေး, အသက်မွေးကို၊ ပရိသောဓေယျ–ဝန်းကျင်ခပင်း, ပြစ်မျိုးကင်းအောင်, ရှင်းလင်း သုတ်သင်ရာသတည်း။

http://www.dhammadownload.com



## ပစ္စယသန္နိဿိတသီလ
## ဓာတုပဋိကူလ, ဝိပဿနာပစ္စဝေက္ခဏာ

ဖိနပ်, ဆိမ်းကို အစပြု၍, ဤယခုနေ့, ရှေ့နောက်အရဏ်နှစ်ခု အကြား သုံးစားမှီဝဲအပ်သမျှ သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး, ပစ္စည်းလေးပါးတို့ကို ကစားစံပယ်, မြူးရယ်မာန်ကြွ, လှပရေဆင်း, ပြည့်ဖြိုးခြင်းငှာ, သုံးဆောင်အပ်သည်မဟုတ်ပါ။

နိဿတ္တ, နိဇ္ဇီဝ,အဗျာကတ, သုည, ဓာတ်ရုပ်အစစ်၊ အနိစ္စ, ဒုက္ခ,အနတ္တ,အသုဘ,အရိုးစုဖြစ်သော၊ ဤကိုယ်ခန္ဓာ အတွင်းအပြင် ရောဂါ ဘေးဘယာ ကင်းကွာ၍ ကျန်းမာ ချမ်းသာ အသက်ရှည် ကြာစွာ တည်နေလျက်...

စာပေကျမ်းဂန် သင်အံလေ့လာနိုင်ခြင်း, သီလ, သမာဓိ, ဝိပဿနာ ရဟန်းတရားကို ပွားများအားထုတ်နိုင်ခြင်း အကျိုးငှာ မှီဝဲသုံးဆောင်ပါသတည်း။

**အကျဉ်းဆင်ခြင်နည်း—**

အသက်ရှည်ကြာ, ဘေးရောဂါတို့,
ကိုယ်မှာမကပ်, ပရိယတ်နှင့်,
ပဋိပတ်ရေး, မျှော်ထောက်တွေး၍,
ဤဆေး ဤဆွမ်း, ဤသင်္ကန်းနှင့်,
ရှင်လန်းဖွယ်ကောင်း, ဤစံကျောင်းကို,
မှီအောင်း သုံးစွဲပါသတည်း။

http://www.dhammadownload.com



## သီလမစင်ကြယ်သူအပြစ်

ပိဏ္ဍောပိ-ဿ အယောဂုဠော,
အယောပဋ္ဋော၀ စီ၀ရံ၊
ဝိဟာရော အယောကုမ္ဘိ၀,
သတ္တိ၀ေဓော၀ အဉ္ဇလိ။

အဿ-ထို သီလ သိက္ခာ, ကောင်းစွာမစင်, ပုထုဇဉ်ဆိုး, ရဟန်းမျိုး၏၊ ပိဏ္ဍောပိ-ဒကာ ဒကာမ, သဒ္ဓါကြွ၍, ထာ၀ရလှူဒါန်း, စားဖွယ်ဆွမ်းသည်လည်း၊ အယောဂုဠော၀-အရှိန်ရဲရဲ, မီးလျှံစွဲသည့်, သံခဲသံလုံး, သံတုံးတွေနှင့် တူလှပေ၏၊ စီဝရံ-ကိုယ်၀ယ်ဆင်မြန်း, ၀တ်သင်္ကန်းသည်၊ အယော ပဋ္ဋော၀-အရှိန်ကြီးမား, မီးလျှံ ဝါးသည့်, သံပြားကြီးနှင့် တူလှလေ၏၊ ဝိဟာရော-သွား, ရပ်, ထိုင်, လျောင်း, နေရာကျောင်းသည်၊ အယောကုမ္ဘိ၀-၀န်းကျင်တောက်ပြောင်, ရဲရဲလောင်ညီး, သံအိုးကြီးနှင့်တူလှလေ၏၊ အဉ္ဇလိ-လူသူအားလုံး, ကိုင်းညွတ်ရုံး၍, ရှင်ပြုံးကြည်ညို, ရိုသေမြွတ်နိုး, လက်စုံမိုး၍, ရှိခိုးကြခြင်းသည်၊ သတ္တိ၀ေဓော၀-အရောင်လက်လက်, မြမြထက်သည့်, လှံရွက်ကိုမိုး, ပိုင်း၍ထိုးသည်နှင့် တူလှလေသတည်း။

## စိတ်မထိမ်းလျှင်ဘာ၀နာအလုပ်မဖြစ်

ကတီဟံ စရေယျ သာမညံ,
စိတ္တံ စေ န နိ၀ါရယေ၊
ပဒေ ပဒေ ဝိသီဒေယျ,
သင်္ကပ္ပါနံ ၀သာနုဂေါ။

စိတ္တံ-အာရုံအများ, လှည့်လည်သွားလျက်, ကျက်စား၍နေ,

http://www.dhammadownload.com



စိတ်လေစိတ်လွင့်ကို၊ စေ န နိဝါရယေ–အကယ်၍ကား, သတိထား၍ မတားမြစ်နိုင်ငြားအံ့၊ ဝေံသတိ– ကိုယ့်စိတ်ကိုပင်, အမြဲယဉ်အောင်, ဆင်ခြင်သောအား, သတိထား၍, မတားမြစ်နိုင်သည့်ရှိသော်၊ ကတီဟံ–ဘယ်နှစ် ဘယ်လ, ဘယ်ရက်ကျမှ၊ သာမည္ပံ–ကိလေသာခန်း, လွတ်ငြိမ်းချမ်းသည့်, ရဟန်းစင်စစ်, ဖြစ်ဖို့အကြောင်း, ကောင်းသော ဘာဝနာအလုပ်ကို၊ စရေယျ–လုံ့လရင့်သန်, အသင့်မှန်အောင်, ကျင့်ကြံကြိုးကုတ်, အားထုတ်နိုင်ပါတော့အံ့နည်း။ သက်ပွါန်–ကာမဗျာပါ, ဝိဟိံသာဟု, ယုတ်မာသုံးလီ, အကြံအစည်တို့၏၊ ဝသာနုဂေါ–အလိုအကြိုက်, ကိုယ့်စရိုက်ကို, မိုက်မိုက်မှားမှား, လိုက်စားနေသည်ဖြစ်၍၊ ပဒေ ပဒေ–သွား, ရပ်, ထိုင်, လျောင်း, လိုရာပြောင်း၍, အကြောင်းအားလျော်စွာ, ဣရိယာပုထ်တိုင်း၌၊ ဝိသီဒေယျ–ဘာဝနာအလုပ်, အားမထုတ်ဘဲ, ဆုတ်ကာ ဆုတ်ကာ, နစ်မြုတ်၍နေရာ၏။

## ဂုဏ်, လာဘ်နှင့်နိဗ္ဗာန် တစ်လမ်းစီ

အညာ ဟိ လာဘူပနိသာ,
အညာ နိဗ္ဗာနဂါမိနီ၊
ဝေမေတံ အဘိညာယ,
ဘိက္ခု ဗုဒ္ဓဿ သာဝကော၊
သက္ကာရံ နာဘိနန္ဒေယျ,
ဝိဝေကမနုဗြူဟယေ။

လာဘူပနိသာ–လာဘသက္ကာ, ရဖို့ရာဟု, ဂုဏ်ဝါမျှော်ချင့်, ပြုအပ်သောအကျင့်သည်၊ အညာ–နိဗ္ဗာန်ရောက်ကြောင်း, အကျင့်ကောင်းမှ, ရွဲ့စောင်းသောအား, တစ်မျိုးတစ်ခြား, တစ်ပါးသာတည်း၊ နိဗ္ဗာနဂါမိနီ–ရုပ်နာမ်ခပ်သိမ်း, ချုပ်ငြိမ်းဖို့ရာ, နိဗ္ဗာန်ရောက်ကြောင်း,

http://www.dhammadownload.com



ကောင်းသော အကျင့်သည်၊ အညာ–ဂုဏ်လာဘ်မျှော်ကိုး, အကျင့်ဆိုးမှ, တစ်မျိုးတစ်ခြား, တစ်ပါးသာတည်း။ ဝေ–ဤသို့ သွားလမ်းခွဲခြမ်းသောအား, နှစ်မျိုးနှစ်စားဖြင့်၊ တော်မဂ္ဂ–သံသရာလည်ရန်, အပါယ်စံနှင့်, နိဗ္ဗာန်မြန်းဖွယ်, လမ်းနှစ်သွယ်ကို၊ အဘိညာယ–သို့လော သို့လော, မတွေးတောဘဲ, သဘောအရှိ, ဟုတ်တိုင်းသိ၍၊ ဗုဒ္ဓသာ–သိရန်မှန်က, မကျန်ရအောင်, လုံးဝသိမြင်, ဘုရားရှင်၏၊ သာဝကော–ကရုဏာလှူ့ဆော်, မေတ္တာတော်ဖြင့်, ဟောဖော်ညွှန်ပြ, မြွတ်မွေကို, အားရပုံသေ, လိုက်နာ၍နေသော၊ ဘိက္ခု–သံသရာဘေး, လာမည့်ရေးကို, မျှော်တွေးရှုတောင်း, ရဟန်းကောင်းသည်၊ သက္ကာရံ–ဒကာ ဒကာမ, သဒ္ဓါကြွ၍, ဒါနဟုခေါ်, ပူဇော်သက္ကာရကို၊ နာဘိနန္ဒေယျ–မရသော်တ, ရသော်ကြွ၍, အားရခင်မင်, လိုချင် တောင့်တ၍ မနေရာ၊ ဝိဝေကံ–အဖော်ကိုရှောင်း, အပေါင်းကိုခွာ, ဆိတ်ငြိမ်ရာဝယ်, ဘာဝနာနှစ်ရပ်, သမာပတ်ကို၊ အနုဗြူဟယေ–တစ်ဆင့်ထက်တစ်ဆင့်, ရင့်သထက်ရင့်အောင်, မလင့်ပုံသေ, တိုးပွားစေရာ၏။

http://www.dhammadownload.com

# ဗုဒ္ဓါနုဿတိ ဘာဝနာ

## ဗုဒ္ဓဘွဲ့တော်

လက္ခဏာတော်ကြီးငယ်, အသွယ်သွယ်ဖြင့်, သပ္ပာယ်လှစွာ, ကိုယ်အင်္ဂါဝယ်, ပါရမီတော် အဟုန်, ကိုယ်လုံးခြုံ၍, မွှမ်းထုံသင်းကြူ, သယမ္ဘူဟု, ဉာဏ်တူကင်းလတ်, အရဟတ်ဖြင့်, သတ်ဖြတ်ခပင်း, ကိလေ ရှင်းသား, ဉာဏ်ရင်းမဟာ, ကရုဏာနှင့်, သမ္မာသမ္ဗောဓိ, အစရှိလတ်, ဉာဏ်တော်မြတ်၏, ကိန်းဝပ်စံပျော်, ခန္ဓာပေါ်ဝယ်, ဘွဲ့တော်ဗုဒ္ဓ, တင်ပါရသည်...လောကထွတ်ထား, မြတ်ဘုရား။

## ဇိနဘွဲ့တော်

ဘုန်းတော်ထိန်လျှမ်း , ကျွန့်ထိပ် ပန်းကား , အစွမ်းနှိမ်နှင်း , နယ်ပယ်တွင်းမှ , လွတ်ကင်း ထွက်ခြား ,မာရ်နတ်သားတည်း၊ ထပ်ပွားအသစ် , မဖြစ်နိုင်စေ၊ ကိလေဘိသင် , မာရ်နှစ်အင်လောင်း , အကြောင်းသမုဒယ , ပယ်ချပိုင်ပိုင် , သိနိုင်သမ္မ , ခန်မစ္စုဟု , နှစ်ခုမာရ်နှင် , ပေါင်းငါးအင်ကို , ပင်ဗောဓိမင်း , အောင်မြေတွင်း၌ , မကြွင်းကုန်စင် , အောင်ပွဲယဉ်သည်...မြတ်ရှင်ဇိနဘွဲ့တော်ဘုရား။

### သမ္ဗုဒ္ဓဉာဏ်တော်အစွမ်းသုံးပါး

၁။ သိရန်မှန်က, မကျန်ရအောင်, လုံးဝစုံလင်, အကုန်မြင်, သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။

http://www.dhammadownload.com



၂။ သိသိတရား, များများအပြားခွဲ, ဟောထားစဖွယ်, နည်းသွယ်သွယ်ကို , ခြယ်လှယ်စုံလင် , အကုန်မြင် , သဗ္ဗညုဉာဏ်တော်အစွမ်းတည်း။

၃။ ကျွတ်ထိုက်ကြပေ , များဝေနေ၏ , ဣန္ဒြေစရိုက် , သူ့အကြိုက်ကို, နှိုက်ချွတ်စုံလင်, အကုန်မြင်, သဗ္ဗညုဉာဏ်တော်အစွမ်းတည်း။

ဉာဏ်တော်စွမ်းပကား, ဤသုံးပါးကြောင့်, အများဝေနေ, ကျွတ်လွတ်စေဖို့, မနေမနား, သက်တော်အားဖြင့်, ကြီးမားလေဘိ, ရှစ်ဆယ်ပြည့်၍, ပရိနိဗ္ဗာန်, စံသည့်တိုင်အောင်, သည်ယူဆောင်, ဘုန်းခေါင် ငါတို့ ဘုရားတည်း။

## ဘုရားပွင့်လာ ကျိုးများစွာ

၁။ ဘုရားရှင်တော်, မပွင့်ပေါ်လျှင်, လူတော်အများ, စိတ်ကောင်းထားလည်း, ဤကားကုသိုလ်, အကုသိုလ်နှင့်, ထိုထိုဘုံဘဝ, မသိရ, များလှ အပြစ်တွေ။

၂။ ဘုရားရှင်တော်, ပွင့်ထွန်းပေါ်၍, ဟောဖော်ညွှန်ကြား, မြတ်တရားကြောင့်, ဤကားကုသိုလ်, အကုသိုလ်နှင့်, ထိုထိုဘုံဘဝ, သိကြရ, များလှကျေးဇူးပေ။

၃။ ကျေးဇူးတော်ရှင်, ဘုရားရှင်ကို, နေ့စဉ်မပြတ်, ကျေးဇူးဆပ်ဖို့, အမြတ်ရတနာ, သာသနာ၏, ဝန်တာနှစ်ခန်း, ကိုယ်စီထမ်း, ကြိုးပမ်းကြပါလေ။

ငရဲရှိတယ်, တိရစ္ဆာန်ရှိတယ်, ပြိတ္တာရှိတယ်, လူနဲ့လူမွဲ လူဆင်းရဲရှိတယ်, သေရဦးမယ်, သတိထား။

http://www.dhammadownload.com

# စေတနာတူလျှင် အကျိုးတူ

တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ,
သမေ စိတ္တေ သမံ ဖလံ၊
စေတောပဏိဓိဟေတုံ ဟိ,
သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ ။ [ဝိမာန–၆၆]။

တိဋ္ဌန္တေ စာပိ–သက်တော်ထင်ထင်, တည်ရှိစဉ်ဝယ်, ဖူးမြင်ရ ငြား, မြတ်ဘုရား၌ လည်းကောင်း။ နိဗ္ဗုတေစာပိ–ရှေးပြည်နိဗ္ဗူ, စံတော်မူသည့်, သုံးလူထွတ်ထား, မြတ်ဘုရား၌ လည်းကောင်း။ စိတ္တေ–ဂုဏ်တော်အာရုံ, ကောင်းစွာထုံ၍, တလုံးလဲလဲ, မှီဝဲစွဲသုံး, စိတ်နှလုံးသည်၊ သမေ–သဒ္ဓါ ပညာ, အရာရာဝယ်, မကွာတန်းတူ, ညီမျှပါမူကား၊ သမံဖလံ–အကျိုးပေးဟန်, အတန်တန်လည်း, ကေန်ညီမျှ, တန်းတူရလေတော့၏၊ ဟိ (ယုတ္တံ)–ထိုစကားလျှင်, မမှားကေန်, ယုတ္တိတန်လှပါပေ၏၊ သတ္တာ–ယုတ်မြတ်မဟူ, သူငါက–စ, သတ္တဝါဟူသမျှတို့သည်၊ စေတောပဏိဓိဟေတု–စိတ်နေ စိတ်ထား, ကြီးမားဖြူစင်, ကြည်လင်သန့်ရှင်း, အကြောင်းရင်း ကြောင့်၊ သုဂတိ–လူ့ရွာ နတ်ထံ, ချမ်းသာစံလျက်, နိဗ္ဗာန်တိုင်ထိ, အကောင်းဆုံးဂတိသို့၊ ဂစ္ဆန္တိ–ပါရမီစွမ်းသလောက်, စခန်းပေါက် အောင်, လှမ်းရောက်နိုင်ကြပေသတည်း။

http://www.dhammadownload.com



## မေတ္တာဘာဝနာ

### အရပ် ၁၀ မျက်နှာ မေတ္တာပို့

၁။ အရှေ့အရပ်၌ နေကြသော, ကမ္ဘာသူ ကမ္ဘာသား သတ္တဝါ အများတို့သည်, ဘေးရန်ကင်းကွာ ကျမ်းမာ ချမ်းသာကြပါစေ။

၂။ အရှေ့တောင်ထောင့်အရပ်၌ နေကြသော, ကမ္ဘာသူ ကမ္ဘာသား သတ္တဝါ အများတို့သည်, ဘေးရန် ကင်းကွာ ကျမ်းမာ ချမ်းသာကြပါစေ။

၃။ တောင်အရပ်၌ နေကြသော, ကမ္ဘာသူ ကမ္ဘာသား သတ္တဝါ အများတို့သည်, ဘေးရန်ကင်းကွာ, ကျမ်းမာ ချမ်းသာကြပါစေ။

၄။ အနောက်တောင်ထောင့်အရပ်၌ နေကြသော, ကမ္ဘာသူ ကမ္ဘာသား သတ္တဝါ အများတို့သည်, ဘေးရန် ကင်းကွာ ကျမ်းမာ ချမ်းသာကြပါစေ။

၅။ အနောက်အရပ်၌ နေကြသော, ကမ္ဘာသူ ကမ္ဘာသား သတ္တဝါ အများတို့သည်, ဘေးရန်ကင်းကွာ ကျမ်းမာ ချမ်းသာကြပါစေ။

၆။ အနောက်မြောက်ထောင့်အရပ်၌ နေကြသော, ကမ္ဘာသူ ကမ္ဘာသား သတ္တဝါ အများတို့သည်, ဘေးရန် ကင်းကွာ ကျမ်းမာ ချမ်းသာကြပါစေ။

http://www.dhammadownload.com



၇။ မြောက်အရပ်၌ နေကြသော, ကမ္ဘာသူ ကမ္ဘာသား သတ္တဝါ အများတို့သည်, ဘေးရန် ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

၈။ အရှေ့မြောက်ထောင့်အရပ်၌ နေကြသော, ကမ္ဘာသူ ကမ္ဘာသား သတ္တဝါ အများတို့သည်, ဘေးရန် ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

၉။ အရှေ့အရပ်၌ နေကြသော, ကမ္ဘာသူ ကမ္ဘာသား သတ္တဝါ အများတို့သည်, ဘေးရန် ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

၁၀။ အထက်အရပ်၌နေကြသော, ကမ္ဘာသူ ကမ္ဘာသား သတ္တဝါ အများတို့သည်, ဘေးရန် ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

၁၁။ အောက်အရပ်၌နေကြသော, ကမ္ဘာသူ ကမ္ဘာသား သတ္တဝါ အများတို့သည်, ဘေးရန် ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ။

## အမျှဝေ

ဤကုသိုလ်အဖို့ကို မိဘဆရာ, သံဃာတော်အပေါင်း, ဒါယကာ ဒါယိကာမ အပေါင်း, နတ်အပေါင်းနှင့်တကွ, သတ္တဝါဟူသမျှတို့အား အမျှပေးဝေပါ၏။ အမျှ ရကြပါစေသတည်း။

သာဓု…သာဓု…သာဓု။

http://www.dhammadownload.com



## မေတ္တာအကျိုး (၁၁)မျိုး

မေတ္တာဂုဏ်ရည်, ဆယ့်တစ်လီကား, အညီသတ္တဝါ, မလပ်ပါ အောင်, ခါခါနေ့စဉ်, မေတ္တာယှဉ်မှု, ကြည်လင်အိပ်ပျော်, ထချိန် တော်၌, နိုးသော်ရွှင်ရွှင်, အိပ်မက်မြင်လည်း, အစဉ်ကောင်းစွာ, မြင်မက်ရာ၏၊ ပြည်ရွာလူသား, နတ်အများလည်း, မြင်ကြားသမျှ, ချစ်ခင်ကြသဖြင့်, ဒေဝထွေထွေ, စောင့်ရှောက်လေ၏၊ မီးရေခိုးသူ, များရန်သူလည်း, မယှူမဖျက်, မနှောက်ယှက်တည်း, စိတ်စက် လည်းတည်, မျက်နှာကြည်၍, သေမည်ခါချဉ်း, တွေဝေကင်း၏, မှန်းရင်းမမွ, မဂ်မရလည်း, ဈာန်ရလေလစ်, ဗြဟ္မာဖြစ်သည်… ဆယ့်တစ် မေတ္တာအကျိုးတည်း။

## အသုဘ ဘာဝနာ

၁။ ဣမသ္မိံ ကာယေ ဣမေ ကေသာ နာမ ဝဏ္ဏတောပိ, ဂန္ဓတောပိ , သဏ္ဌာနတောပိ , အာသယတောပိ , ဩကာသတောပိ, အသုဘာ, ဇေဂုစ္ဆာ ပဋိကူလာ။

ဤ ငါ၏ခန္ဓာကိုယ်၌ ဤ ဆံပင်တို့မည်သည် အဆင်းအား ဖြင့်လည်းကောင်း, အနံ့အားဖြင့်လည်းကောင်း, ပုံသဏ္ဌာန်အားဖြင့် လည်းကောင်း, သလိပ် သည်းခြေ သွေး ပြည်စသောဖြစ်ခဲ့ရာ အကြောင်းအားဖြင့်လည်းကောင်း,ဖြစ်ရာအရပ်အားဖြင့်လည်းကောင်း မတင့်တယ်ကုန်၊ စက်ဆုပ်ဖွယ် ကောင်းကုန်၏၊ ရွံရှာဖွယ်ကောင်း ကုန်၏။

http://www.dhammadownload.com



ကေသာ သုညာ အတ္တေနဝါ အတ္တနိယေနဝါ=ဆံပင်တို့သည် အတ္တမှလည်းကောင်း, အတ္တ၏ ဥစ္စာအဖြစ်မှ လည်းကောင်း ကင်းကုန်၏။

ဆံပင်တို့သည် ငါမဟုတ်, သူမဟုတ်, ငါ့ ဥစ္စာလဲမဟုတ်, သူ့ဥစ္စာလဲမဟုတ်၊ အချိန်ရှိသရွေ့ ဖြစ်ပျက်နေသော ပထဝီ ဓာတ်လွန်ကဲသော ရုပ်ကလာပ် အစုတို့သာ ဖြစ်ကုန်သည် တကား… …။

အမှာ။ ။နောက် ကောဋ္ဌာသတို့၌လည်း ဤနည်းမှီး၍ လိင်ဝစ်ကို သတိပြုလျက် ဖြေးဖြေး လေးလေး ရွတ်ပါ။

၂။ ဣမသ္မိံ ကာယေ ဣမေ လောမာ နာမ ဝဏ္ဏတောပိ, ဂန္ဓတောပိ , သဏ္ဌာနတောပိ , အာသယတောပိ , ဩကာသတောပိ, အသုဘာ, ဇေဂုစ္ဆာ ပဋိကူလျာ။

လောမာ သုညာ အတ္တေနဝါ အတ္တနိယေနဝါ။ [လောမာ–မွေးညှင်း။]

၃။ နခါ–(ခြေသည်း လက်သည်း)။

၄။ ဒန္တာ–(သွား)=တူပြီ။

၅။ ဣမသ္မိံ ကာယေ အယံ တစော နာမ ဝဏ္ဏတောပိ, ဂန္ဓတောပိ , သဏ္ဌာနတောပိ , အာသယတောပိ , ဩကာသတောပိ, အသုဘော, ဇေဂုစ္ဆော ပဋိကူလော။

http://www.dhammadownload.com



တစော သုညာ အတ္တေနဝါ အတ္တနိယေနဝါ။ [တစော–အရေထူ အရေပါး။]

၆။ ဣမသ္မိံ ကာယေ ဣဒံ မံသံ နာမ ဝဏ္ဏတောပိ ၊ပေ ၊ အသုဘံ, ဇေဂုစ္ဆံ, ပဋိကူလံ။

မံသံ သုညံ အတ္တေနဝါ အတ္တနိယေနဝါ။ [မံသံ–အသား။]

၇။ ဣမသ္မိံ ကာယေ အယံ နှာရု နာမ ၊ပေ ၊ ပဋိကူလော။

နှာရု သုညော အတ္တေနဝါ အတ္တနိယေနဝါ။ [နှာရု–အကြော။]

၈။ ဣမသ္မိံ ကာယေ ဣဒံ အဋ္ဌိ နာမ ၊ပေ ၊ ပဋိကူလံ။

အဋ္ဌိ သုညံ အတ္တေနဝါ အတ္တနိယေနဝါ။

[အဋ္ဌိ–အရိုး။]

၉။ အဋ္ဌိမိဉ္ဇံ= (ရိုးတွင်းခြင်ဆီ) ၊ ၁၀။ ဝက္ကံ= (အညို့) ၊ ၁၁။ ဟဒယံ=(နှလုံး)၊ ၁၂။ ယကနံ=(အသဲ)၊ ၁၃။ ကိလောမကံ=(အမြှေး)၊ ၁၄။ ပိဟကံ=(အပြင်)၊ ၁၅။ ပပ္ဖါသံ=(အဆုတ်)၊ ၁၆။ အန္တံ=(အူမ)၊ ၁၇။ အန္တဂုဏံ=(အူသိမ်)၊ ၁၈။ ဥဒရိယံ=(အစာသစ်)၊ ၁၉။ ကရီသံ=(အစာဟောင်း)၊ ၂၀။ မတ္ထလုင်္ဂံ=(ဦးနှောက်)။

အမှာ။ ။အဋ္ဌိအတိုင်း ဆိုပါ၊ ဤ မတ္ထလုင်္ဂံ အထိ ကောဋ္ဌာသ ၂၀ သည် ပထဝီဓာတ် လွန်ကဲသော ရုပ်ကလာပ်အစုတည်း။

http://www.dhammadownload.com



၂၁။ ဣမသ္မိံ ကာယေ ဣဒံ ပိတ္တံ နာမ၊

ဝဏ္ဏတောပိ ၊ပေ၊ ပဋိကူလံ။

ဤ ငါ၏ ကိုယ်၌ ဤ သည်းခြေမည်သည် အဆင်းအားဖြင့်လည်းကောင်း, အနံ့အားဖြင့်လည်းကောင်း, ပုံသဏ္ဍာန်အားဖြင့်လည်းကောင်း, သလိပ် သွေး ပြည် စသော ဖြစ်ခဲ့ရာအကြောင်းအားဖြင့်လည်းကောင်း, ဖြစ်ရာအရပ်အားဖြင့်လည်းကောင်း မတင့်တယ်၊ စက်ဆုတ်ဖွယ်ကောင်း၏၊ ရွံရှာဖွယ်ကောင်း၏။

**အမှာ။** ။သည်းခြေအရာ ဖြစ်၍ "သလိပ်, သွေး, ပြည် စသော" ဟုဆိုရသည်၊ "သည်းခြေ" မထည့်ရပုံကို သတိပြုပါ။

ပိတ္တံ သုညံ အတ္တေန ဝါ အတ္တနိယေန ဝါ။

သည်းခြေသည် ငါမဟုတ်, သူမဟုတ်, ငါ့ဥစ္စာလဲမဟုတ်, သူ့ဥစ္စာလဲမဟုတ်၊ အချိန်ရှိသရွေ့ ဖြစ်ပျက်နေသော အာပေါဓာတ်လွန်ကဲသော ရုပ်ကလာပ်အစုသာ ဖြစ်ပေသည်တကား။

၂၂။ သေမှံ(သလိပ်) တူပြီ၊ ( သည်းခြေ , သွေး , ပြည် စသော ဖြစ်ခဲ့ရာ အကြောင်းအားဖြင့်လည်းကောင်းဟု ဆိုပါ၊ "သလိပ်" မထည့်ရ။ )

၂၃။ ဣမသ္မိံ ကာယေ အယံ ပုဗ္ဗောနာမ၊ပေ၊ပဋိကူလော။ ပုဗ္ဗော သုညော အတ္တေန ဝါ အတ္တနိယေန ဝါ။ [ပုဗ္ဗော=ပြည်။]

**အမှာ။** ။သလိပ် , သည်းခြေ , သွေးစသော ဖြစ်ခဲ့ရာ အကြောင်းအားဖြင့်လည်းကောင်းဟု ဆိုပါ၊ "ပြည်" မထည့်ရ။

http://www.dhammadownload.com



၂၄။ လောဟိတံ–သွေး။ [ပိတ္တံနှင့် တူပြီ၊ သလိပ်,သည်းခြေ ပြည် စသော ဖြစ်ခဲ့ရာ အကြောင်းအားဖြင့် လည်းကောင်းဟု ဆိုပါ၊ "သွေး" မထည့်ရ။]

၂၅။ သေဒေါ=–(ချွေး)။

၂၆။ မေဒေါ–(အဆီခဲ) ။ [ပုဗ္ဗောနှင့် တူပြီ။]

၂၇။ အဿု–(မျက်ရည်)။ [ပိတ္တံနှင့် တူပြီ။]

၂၈။ ဣမသ္မိံ ကာယေ အယံ ဝသာ နာမ ၊ပေ၊ပဋိကူလာ။

အမှာ။ ။ (၂၅)ကောဋ္ဌာသမှစ၍ (၃၂)အထိ "သလိပ်, သည်းခြေ, သွေး, ပြည် စသော ဖြစ်ခဲ့ရာအကြောင်းအားဖြင့် လည်းကောင်း"ဟု ဆိုပါ။

ဝသာ သုညာ အတ္တေန ဝါ အတ္တနိယေန ဝါ။
(ဝသာ=ဆီကြည်။)

၂၉။ ဣမသ္မိံ ကာယေ အယံ ခေဠော နာမ၊ပေ၊ပဋိကူလော ၊ပေ၊(ခေဠော=တံတွေး။)

၃၀။ သိင်္ဃာဏိကာ=(နှပ်)။

၃၁။ လသိကာ=(အစေး)။ [ဝသာနှင့် တူပြီ။]

၃၂။ မုတ္တံ=(ကျင်ငယ်)။ [ပိတ္တံနှင့် တူပြီ။]

အမှာ။ ။ပိတ္တံမှစ၍ မုတ္တံတိုင်အောင် ကောဋ္ဌာသ ၁၂ ပါးသည် အာပေါဓာတ် လွန်ကဲသော ရုပ်ကလာပ်အစုတည်း။

http://www.dhammadownload.com



ကျမ်းညွှန်း။ ။ အသုဘ ဘာဝနာ ဆိုင်ရာ ဂါထာများကို ရုပ်ပုံရှင်ကျင့်စဉ် ဆဋ္ဌမှ စာမျက်နှာ(၉၇-၉၈)၌ ပြထားပြီ။

## မရဏာဿတိဘာဝနာ

အဒ္ဓေဝ ကိစ္စံ အာတပ္ပံ,
ကော ဇညာ မရဏံ သုဝေ။
န ဟိ နော သင်္ဂရံ တေန,
မဟာသေနေန မစ္စုနာ။

အဒ္ဓေဝ-နက်ဖြန်မရွေ့, ယခုနေ့၌ပင်၊ အာတပ္ပံ-ကိလေသာ အမိုက်, မီးဖြင့်တိုက်သို့, လောင်မြိုက်ဖို့ရန်,အဖန်ဖန်အားထားထုတ် မှုကို၊ ကိစ္စံ(ကာတဗ္ဗံ)-မနားမနေ, ပြုသင့်ပေ၏၊ သုဝေ-ယနေ့မှ နောက်, နက်ဖြန်ရောက်မှ၊ မရဏံ-သေရမည်ကို၊ ကော-နတ်နှင့် လူဝယ်, အဘယ်သူသည်၊ ဇညာ-ကောင်းစွာ ပိုင်ပိုင်, သိနိုင်ပါအံ့ နည်း။ ဟိ(ယုတ္တံ)-ထိုကဲ့သို့သာ, အခါခါဖြင့်, မှန်စွာပုံသေ, တွေး သင့်ပေ၏။ မဟာသေနေန-တွင်းပနုစ်တန်, ရောဂါဒဏ်ဖြင့်, ဘေး ရန်ပတ်လည်, များသောစစ်သည်ရှိသော၊ တေန မစ္စုနာ-သုံးဆယ့် တစ်ဘုံ, အကုန်ချေနင်း, ထိုသေမင်းနှင့်၊ သင်္ဂရံ-ကိုယ်ကသာ အောင်, ညှာတာအောင်ဟု, လက်ဆောင် ချော့မြူ, တိုက်၍ယူ ခြင်းသည်၊ န နော အတ္ထိ (နတ္ထိဝေ)-မရှိကောန်, အမှန်ပင်ဖြစ်ပါပေ သတည်း။

http://www.dhammadownload.com



## နောက်ဆုံး သေရမည်

ဘုန်းကံကြီးမား၊ ခြွေရံများ၍၊ ခွန်အားပြည့်မတ်၊ ဣဒ္ဓိပါဒ်နှင့်၊ အတတ်ပညာ၊ ကြီးမြင့်ပါလည်း၊ သတ္တဝါအားလုံး၊ ကုန်အောင်ချုံး၊ နောက်ဆုံး သေရမည်တကား။

ရေဦးဒုတ်ရေး၊ တူတွေးရေပွက်၊ တောင်ထက်မြစ်တူ၊ အားရှိသူထွေး၊ တံတွေးသားတစ်၊ သံအိုးခြစ်၍၊ ချပစ်အလား၊ သတ်မည့်နွားနှင့်၊ မြက်ဖျားမှာနှင်း၊ ပုံမယွင်းခဲ့၊ နည်းမင်းအာယု၊ ကောင်းသည့်မှုကို၊ ပြုသင့်လက်ငင်း၊ ခုချက်ချင်း။

ညဉ့်နေ့တစ်နေ့၊ ထက်ဝက်နေ့တည်း၊ တစ်ကြိမ်၍စား၊ ထက်ဝက်စားနှင့်၊ လေးငါးလုတ်တွင်း၊ မဖသလျင်းမှု၊ ခြောက်ယောက်လူကို၊ မေ့သူဟောထား။ တစ်လုတ်စားတွင်း၊ ရှူရှိုက်တွင်းမှာ၊ မသေပါမှု၊ မြတ်စွာဘုရား၊ ဟောတရားကို၊ အားထုတ်အံ့ဟူ၊ နှစ်ယောက်သူသာ၊ အပူထက်စွာ ပွားသတည်း။

ငါနှင့်ရွယ်တူ၊ ငါ့အောက်လူ၊ ကြီးသူသေကြ များလှပြီ။
ခဏမစဲ၊ အိုစမြဲ၊ ကိုယ်လဲ သေဘက်နီးခဲ့ပြီ။
မသေရမီ၊ ပါရမီ၊ ငါသည် ဖြည့်မှ သင့်တော့မည်။

http://www.dhammadownload.com



## ဝိပဿနာ အခြေခံ

### သံဝေဂဝတ္ထုရှစ်ပါး

အမိဝမ်းခေါင်း, ဆယ်လသြောင်းမှ, အောင်းခဲ့ရပေ, တည်သန္ဓေနှင့်, လူ့ပြေလူ့ရွာ, ရောက်ပြန်ပါလည်း, အို နာ သေရေး, ဒုက္ခဘေးကြောင့်, စိတ်အေးကိုယ်ခိုင်, မနေနိုင်ချဲ့ ဆိုင်ဆိုင်ဒုက္ခ, ခံဖြီးမှလည်း, များလှပါယ်ရွာ, ရောက်ကြရှာ၏။

အတီတာရှေး, ဤ ဝဋ္ဋဘေးနှင့်, နောင်ရေးနာဂတ်, ဒုက္ခထပ်လိမ့်, မပြတ်ခုခါ, ဖြစ်တုန်းမှာလည်း, အစာရှာရ, ထိုဒုက္ခကြောင့်, နေ့ညမဟူ, ကိုယ်စိတ်ပူ၍, သူ့သူ ငါငါ, မသက်သာသည့်…ရှစ်ဖြာသံဝေ ရကြောင်းတည်း။

### မီး (၁၁) ပါး

သူသူ ငါငါ, ဖြစ်လေရာဝယ်, ဦးစွာကြိုဆီး, ဇာတိမီးက, အဖြီး ပုံသေ, လောင်မြှိုက်လေ၏၊ မသွေတစ်သီး, ဇရာမီးလည်း, အဖြီးနောက်မှာ, ကပ်လျက်ပါ၏၊ မကွာစေရ, မရဏာဟု, တစ်ဘဝဖျက်ဆီး, လောင်သည့်မီးလည်း, ငြီးငြီးပြောင်ပြောင်, အမြဲလောင်၏၊ လောင်ပုံလောင်အား, မထင်ရှားလည်း, နုထွားပျိုမျစ်, အရွယ်ဖြစ်သော်, အချစ်ရာဂ, မီးတွေထ၍, ဒေါသထန်ပြင်း, မောဟညှင်း၏၊ မကင်းနိုင်အောင်, ထို့နောက်နောင်လည်း, တောက်လောင်ဖိစီး, သောကမီးကြောင့်, ဝမ်းနည်းဖွယ်တွေ, အထွေထွေနှင့်, ပရိဒေဝ, ငိုကြွေးရ၍, ဒုက္ခလည်းထပ်, ဒေါမနသ်နှင့်, ဆက်စပ်မကွာ, ဥပါယာသ, လွန်ပြင်းပြလျက်, သက်မှုမရှု, တက်အောင်ပူသည့်,… ဆူဆူဆယ့်တစ် မီးတောက်တည်း။

http://www.dhammadownload.com



## ဝိပဿနာဘာဝနာ

### အစိတ်( ၆ )ပါး ရှုပွားပုံ

အို အို–လူများ, သတိထားလော၊ သွားဆဲကာလ, ခါသယ ဝယ်, ပထမခြေလှမ်း, ရုပ်နာမ်တန်းတို့, လှမ်းဒုတိယ, မရောက် ကြဘူး။ ဒုတိယလှမ်း, ရုပ်နာမ်တန်းလည်း, လှမ်းတတိယ, မရောက်ကြပင်၊ တစ်လှမ်းတွင်လည်း, မြှောက်စဉ်တစ်မျိုး, ရှေ့တိုး တစ်ဖုံ, လွှန့်တုံတစ်ဝ, အောက်ချတစ်ခင်း, ထိခြင်းတစ်လွှဲ, ဖိနင်း စေ့အောင်, တစ်ရွေ့ရွေ့မြန်။ ခြေလှမ်းပိုင်းခြား, အစိပ် ၆ ပါးဝယ်, သွယ်သွယ်နာမ်တန်း, ရုပ်အတန်းတို့, နှမ်းအိုးခင်းထက်, နှမ်းတွေ ကျက်သို့, ဖြစ်ပျက်နေကြ, အနိစ္စသည်...ဒုက္ခ အနတ္တချည်းတည်း။

### အသံ၌ ဝိပဿနာရှုပွားပုံ

က–သံတစ်ခု, ဖြစ်ပေါ်မှု၌, စိတ်စုဆစ်ဆစ်, ရုပ်ထုဖြစ်ဖို့, သစ် သစ်ပေါ်အောင်, အတော်ဆောင်၏, ဆောင်သည့်ရုပ်ခတ်, ထို ကလာပ်တွင်, ဝိညတ်စုစု, ပဲ့ကိုင်မှုဖြင့်, စိတ်ပြု ပထဝီ, ကံပထဝီ တို့, လီလီဖန်ဖန်, ပွတ်တိုက်ခံမှ, က–သံပီပီ, နူတ်၌မည်သည်... ထို၏ အနိစ္စ, မှတ်ကုန်ကြ၊ ထို၏ ဒုက္ခ, မှတ်ကုန်ကြ၊ ထို၏ အနတ္တ, မှတ်ကုန်ကြ။

http://www.dhammadownload.com



## အနိစ္စ, ဒုက္ခ, အနတ္တ

၁။ ရုပ် နာမ် နှစ်ဝ, ဤကာယ၏, ခုဖြစ် ခုပျက်, မမြဲချက်ကို, ကွက်ကွက် ကွင်းကွင်း, ဉာဏ်ရောင် လင်းက, ယင်းသို့ ကာယ, ဟူသမျှဒြ, ဒုက္ခချည်းသာ, ငြီးငွေ့လာ—မှန်စွာစင်ကြယ်ကြောင်း။

၂။ ရုပ် နာမ် နှစ်ဝ, ဤကာယ၏, ဒုက္ခသက်သက်, ဆင်းရဲချက်ကို, ကွက်ကွက် ကွင်းကွင်း, ဉာဏ်ရောင် လင်းက, ယင်းသို့ ကာယ, ဟူသမျှဒြ, ဒုက္ခချည်းသာ, ငြီးငွေ့လာ—မှန်စွာစင်ကြယ်ကြောင်း။

၃။ ရုပ် နာမ်နှစ်ဝ, ဤကာယ၏, အနတ္တတွက်, နှစ်မဲ့ချက်ကို, ကွက်ကွက် ကွင်းကွင်း, ဉာဏ်ရောင် လင်းက, ယင်းသို့ ကာယ, ဟူသမျှဒြ, ဒုက္ခချည်းသာ, ငြီးငွေ့လာ—မှန်စွာ စင်ကြယ်ကြောင်း။

## အနတ္တခန္ဓာ

၁။ မအိုပါလို, ငါကဆိုလည်း,
ငါဆိုမရ, အိုကြရ, အနတ္တ—ခန္ဓာကိုယ်။

၂။ မနာပါလို, ငါကဆိုလည်း,
ငါဆိုမရ, နာကြရ, အနတ္တ—ခန္ဓာကိုယ်။

၃။ မသေပါလို, ငါကဆိုလည်း,
ငါဆိုမရ, သေကြရ, အနတ္တ—ခန္ဓာကိုယ်။

http://www.dhammadownload.com



## ပျံတော်မူခါနီး ရေးသားအပ်သော ဆရာတော်၏ သံဝေဂလင်္ကာ (၁၀)ပုဒ်

၁။ ငါတို့နေရာ, ဤကမ္ဘာ, တဏှာအုပ်စိုးသည်။
၂။ တဏှာစေရာ, မနေသာ, ဖွေရှာဆက်ရသည်။
၃။ ရသည့်ဥစ္စာ, ချစ်သူပါ, စွန့်ခွါသွားရမည်။
၄။ တကာယ့်အရေး, တကာယ့်ဘေး, ဘယ်သွေးဘယ်သား မကယ်ပြီ။
၅။ ငါနှင့်ရွယ်တူ, ငါ့အောက်လူ, ကြီးသူသေကြမျှားလှပြီ။
၆။ ခဏ မစဲ, အိုစမြဲ, ကိုယ်လဲ သေဘက်နီးခဲ့ပြီ။
၇။ ဇရာမီးတောင်, ကိုယ်ထည်းလောင်, သေအောင်မြိုက်တော့သည်။
၈။ မသေရခင်, သွားလမ်းစဉ်, ကြိုတင်ပြင်သင့်သည်။
၉။ ဒါန သီလာ, ဘာဝနာ, လမ်းသာထွင်လိမ့်မည်။
၁၀။ မဂ္ဂင်ယာဉ်ကြီး, အမြန်စီး, ခရီးထွက်တော့မည်။

## ကျေးဇူးရှင်ဆရာတော်အား ကန်တော့လင်္ကာ

ကျေးဇူးရှင်ခေါ်, ဆရာတော်၏,
ဂုဏ်တော်တမ်းတ, ပုံမှန်းဆလျက်,
ဂါရဝညွတ်ကျိုး, လက်စုံမိုး၍,
ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား...။

http://www.dhammadownload.com



# ဒေဝဒူတသုတ်

## ငရဲကြီး( ၈ )ထပ်

### ၁။ သဉ္ဇိုဝ်း

ဇလိတာဝုဓဟတ္တေဟိ,
ခတ္တဲ့တာပိ နေရယိကာ၊
ဓိဝန္တာ ယမ့ိ ပုနောပိ,
သဉ္ဇိဝေါတိ ပဝုစ္စတေ။

ယမိုနိရယေ–ကံကြမ္မာရင်း, ဖန်လာညှင်းက, မကွင်းနိုင်အောင်, အတင်းဆောင်လျက်, သွင်းလျောင်ပိတ်ဆီး, အကြွင်သို့သော ငရဲကြီး၌၊ နေရယိကာ–အမြဲအစွဲ, အနဲနဲဖြင့်, တစ်သဲသဲဆူ, ငရဲသူတို့သည်၊ ဇလိတာဝုဓဟတ္တေဟိ–ပြောင်တစ်လက်လက်, အရောင်ထွက်သည့်, လက်နက်ကိုင်စွဲ, ငရဲထိမ်းကြီးတို့က၊ ခတ္တဲ့တာပိ–သေလောက် ကြေလောက်, အနေရောက်အောင်, တောက်တောက်ဖြတ်ဆင်း, သတ်ညှင်းအပ်ပါကုန်သော်လည်း၊ ပုနောပိဓိဝန္တာ–အကုသိုလ်ကံ, မကုန်ပြန်လျှင်, တစ်ဖန်ဆက်တည်, အသက်ရှည်ကြရလေကုန်၏၊ သောနိရယော–သို့ကလိုက်, မကုန်ပြန်လျှင်, တစ်ဖန်ဆက်တည်, အသက်ရှည်ရိုး, ထိုငရဲအိုးကို၊ သဉ္ဇိဝေါတိ–သဉ္ဇိုဝ်းငရဲဟူ၍၊ ပဝုစ္စတေ–ဗျူပ္ပတ်အလိုက်, ရုပ်ခတ်ကိုက်အောင်, သမိုက်အပ်လေတော့သတည်း။

http://www.dhammadownload.com



## ၂။ ကာဠသုတ်

ကာဠသုတ္တေန တစ္ဆန္တိ,
ယမှိ နိရယပါလကာ၊
အနုပဗ္ဗာ ပပတန္တေ,
ကာဠသုတ္တော ပဝုစ္စတေ။

ယမှိနိရယေ–ကံကြမ္မာရင်း, ဖန်လာညှင်းက, မကွင်းနိုင်အောင်, အတင်းဆောင်လျက်, သွင်းရှောင်ပိတ်ဆီး, အကြင်သို့သော ငရဲကြီး၌၊ နိရယပါလကာ–ပြောင်တစ်လက်လက်, အရောင်ထွက်သည့်, လက်နက်ကိုင်စွဲ, ငရဲထိန်းကြီးတို့က၊ အနုပဗ္ဗာ–သားကောင်တစ်သိုက်, ခွေးတွေလိုက်သို့, ရိုက်နှက်သတ်ညှင်း, အတင်းလိုက်ကြကုန်သည်ဖြစ်၍၊ ပပတန္တေ–ဟော တစ်ဟိုက်ဟိုက်, အမောဆိုက်၍, မှူးမိုက်လဲသွား, ငရဲသားတို့ကို၊ ကာဠသုတ္တေန–သစ်ရွေသမား, လက်ကိုင်ထားသည့်, သစ်များတိုင်းရိုး, တစ်မျဉ်းကြိုးဖြင့်၊ တစ္ဆန္တိ–တိုင်းကာထက်အောက်, ပက်လက်မှောက်၍, ရှေ့နောက် ရှုပ်ပွေ, ခုတ်ရွေကြလေကုန်၏။ သော နိရယော–သို့ကလိုက်, မကုန်ပြန်လျှင်, ဖန်ဖန် ရှုပ်ပွေ, ခုတ်ရွေကြရိုး, ထိုငရဲအိုးကို၊ ကာဠသုတ္တော တိ–ကာဠသုတ်ငရဲဟူ၍၊ ပဝုစ္စတေ–ဗျူပွတ်အလိုက်, ရုပ်ခတ်ကိုက်အောင်, သမိုက်အပ်လေတော့သတည်း။

http://www.dhammadownload.com



## ၃။ သင်္ဃာတ

အယောမယပထဗျံ ယမိ,
ကဋ္ဌမတ္တံ ပဝေသိတော၊
အယောသေလာ သံဃာတေန္တိ,
သင်္ဃာတောတိ ပဝုစ္စတေ။

ယမိနိရယေ–ကံကြမ္မာရင်း, ဖန်လာညွှင်းက, မကွင်းနိုင်အောင်, အတင်းဆောင်လျက်, သွင်းလှောင်ပိတ်ဆီး, အကြင်သို့သော ငရဲကြီး၌၊ အယောမယပထဗျံ–ဇ ယုဖနာ, အလျှံဖြာသည့်, သံမာအတိပြီး, မြေပြင်ကြီးဝယ်၊ ကဋ္ဌမတ္တံ–ဖဝါးလျှောက်ထက်, ခါးလောက်နက်အောင်၊ ပဝေသိတေ–ယိမ်းယိုင်ဆုတ်ခံ, မလှုပ်ရန်ဖို့, မြှုပ်နှံသွင်းထား, ငရဲသားတို့ကို၊ အယောသေလာ–ဂျိုးတစ်ဂျိမ်းဂျိမ်း, တစ်ဟိန်းဟိန်းနှင့်, ဒိန်းဒိန်းညံအောင်, အလျှံပြောင်ငြိုး, သံတောင်ကြီးတို့သည်၊ သံဃာတေန္တိ–ရှေ့နောက်နှစ်ဖက်, လှဲ့စီထွက်၍, ဆက်ဆက်နှိပ်မွှေ, ကြိပ်ချေကြလေကုန်၏၊ သောနိရယော–သို့ကလိုက်ကံ, မကုန်ပြန်လျှင်, ဖန်ဖန်နှိပ်မွှေ, ကြိပ်ချေကြရိုး, ထိုငရဲအိုးကို၊ သင်္ဃာတောတိ–သင်္ဃာတငရဲဟူ၍၊ ပဝုစ္စတေ–ဗျူပွတ်အလိုက်, ရပ်ခတ်ကိုက်အောင်, သမိုက်အပ်လေတော့သတည်း။

## ၄။ ဇာလရောရုဝ

ဇာလာဟိ ပရိသိတ္တာန, ဒုယှမာနာ ဒယာဝဟံ၊
မဟာရဝံ ရဝန္တေတ္ထ, ဝုစ္စတေ ဇာလရောရုဝေါ။

ထွေ့နိရယေ–ကံကြမ္မာရင်း, ဖန်လာညွှင်းက, မကွင်းနိုင်အောင်, အတင်းဆောင်လျက်, သွင်းလှောင်ပိတ်ဆီး, ဤမည်သောငရဲကြီး၌၊

http://www.dhammadownload.com



ဇာလာဟိ–တစ်ငရဲလုံး, ပြုတ်ပြုတ်ပြုန်းမျှ, တစ်ဟုန်းဟုန်းထန်, မီးတောက် မီးလျှံတို့သည်၊ ပဝိသိတွာန–ဒွါရ ၉ သွယ်, အပေါက်ငယ်မှ, ဘယ်ဝယ်မကြွင်း, ချဉ်းနင်း ဝင်ရောက်ကြကုန်လျက်၊ ဒယှမာနာ–အတင်းအကြပ်, လောင်ကျွမ်းအပ်သည့်, များလတ်ဘိတောင်း, ငရဲသားအပေါင်းတို့သည်၊ ဒယာဝဟံ–အားငယ်ပါးငယ်, အများကယ်အောင်, သနားဖွယ်ကို ဆောင်သော၊ မဟာရဝံ–ကယ်ပါယူပါ, တစ်စာစာနှင့်, ကြမ္မာထန်သီး, အသံကြီးကို၊ ရဝန္တိ–သံကုန်လှစ်၍, ဟစ်အော်ကြရှာလေကုန်၏၊ သောနိရယော–ဆို့ကလိုက်, မကုန်ပြုန်လျှင်, ဖန်ဖန်အော်ရိုး, ထိုငရဲအိုးကို၊ ဇာလရောရု ဝေါ–ဇာလရောရုဝငရဲဟူ၍၊ ဝုစ္စတေ–ဗျုပ္ပတ်အလိုက်, ရုပ်ခွတ် ကိုက်အောင်, သမိုက်အပ်လေတော့သတည်း။

## ၅။ ဓူမရောရုဝ

ဓူမေဟိ ပဝိသိတွာန,
သောဒမာနာ ဒယာဝဟံ၊
မဟာရဝံ ရဝန္တေတ္ထ,
ဝုစ္စတေ ဓူမရောရုဝေါ။

တွေ့နိရယေ–ကံကြမ္မာရင်း, ဖန်လာညှင်းက, မကွင်းနိုင်အောင်, အတင်းဆောင်လျက်, သွင်းလှောင်ပိတ်ဆီး,ဤမည်သော ငရဲကြီး၌၊ ဓူမေဟိ–တစ်ငရဲလုံး, လွှမ်းအုပ်ဖုံးလျက်, တစ်ရှုန်းရှုန်းတိုး, မီးအခိုးတို့သည်၊ ပဝိသိတွာန– ဒွါရ ၉ သွယ်, အပေါက်ငယ်မှ, ဘယ်ဝယ်မကြွင်း, ချဉ်းနင်း ဝင်ရောက်ကြကုန်လျက်၊ သောဒမာနာ–

http://www.dhammadownload.com



အတင်းအကြပ်, နှူးနှပ်အပ်သည့်, များလတ်ဘိတောင်း, ငရဲသား အပေါင်းတို့သည်၊ ဒယာဝဟံ–အားငယ်ပါးငယ်, အများကယ် အောင်, သနားဖွယ်ကိုဆောင်သော၊ မဟာရဝံ–ကယ်ပါယူပါ, တစ်စာစာနှင့်, ကြမ္မာထန်သည်း, အသံကြီးကို၊ ရဝန္တိ–သံကုန်လှစ် ၍, ဟစ်အော်ကြရှာလေကုန်၏၊ သောနိရယော–သို့က လိုကံ, မကုန်ပြန်လျှင်, ဖန်ဖန်အော်ရိုး, ထိုငရဲအိုးကို၊ ရူမရောရုဝေါ– ရူမရောရုဝငရဲဟူ၍၊ ဝုစ္စတေ–ဗျူပွတ်အလိုက်, ရုပ်ဓာတ်ကိုက် အောင်, သမိုက်အပ်လေတော့သတည်း။

၆။ တာပန

ဖလိတေ အယသူလမှိ,
နိစ္စလံ နိသီဒါပိတော၊
တာပေတိ ပါပကေ ပါဏေ,
တာပနောတိ ပဝုစ္စတော။

ယောနိရယော–ကံကြမ္မာရင်း, ဖန်လာညွှင်းက, မကွင်းနိုင် အောင်, အတင်းဆောင်လျက်, သွင်းလှောင်ပိတ်ဆီး, အကြင် သို့သောငရဲကြီးသည်၊ ဖလိတေ–ရဲရဲညီးလောင်, ပြောင်တစ်လက် လက်, အရောင်ထွက်၍ နေသော၊ အယသူလမှိ–ထန်းလုံးပင်စဉ်, ပမာထင်သည့်, သံလျှင်အတိပြီး, တံကျင်ကြီး၌၊ နိစ္စလံ နိသီဒါပိ တော–မယိမ်းမယိုင်, ထိုင်စေအပ်ကုန်လျက်၊ ပါပကေ ပါဏေ– အပယ်တိတမာ, သတ္တဝါအများ, ငရဲသားတို့ကို၊ တာပေတိ–ကိုယ် လုံးရဲရဲ, မီးလျှံစွဲဖို့, အမြဲပုံသေ,ပူလောင်စေ၏၊သောနိရယော–သို့က လိုကံ, မကုန်ပြန်လျှင်, ဖန်ဖန်လောင်မို ...အိုးကို၊ တာပနောတိ–

http://www.dhammadownload.com



တာပနငရဲဟူ၍၊ ပဝုစ္စတေ-ဗျူပွတ်အလိုက်, ရုပ်ခတ်ကိုက်အောင်, သမိုက်အပ်လေတော့သတည်း။။

## ၇။ မဟာတာပန

အယောသေလံ အာရောပေတွာ,
ဟေဋ္ဌာသူလံ ပတာပိယ၊
ပါပကေ ယော ပတာပေတိ,
ပတာပနောတိ ဝုစ္စတေ။

ယောနိရယော-ကံကြမ္မာရင်း, ဖန်လာညွှင်းက, မကွင်းနိုင်အောင်, အတင်းဆောင်လျက်, သွင်းလှောင်ပိတ်ဆီး, အကြင်သို့သောငရဲကြီးသည်၊ အယောသေလံ-ရဲရဲညီးလောင်, အလျှံပြောင်လက်, သံတောင်ထက်သို့၊ အာရောပေတွာ-ရိုက်နှက်သောအား, တင်ထားပြီး၍၊ ဟေဋ္ဌာသူလံ-တောင်ခြေစိုက်ထား, တံကျင်များသို့၊ ပတာပိယ-ကံကြမ္မာမွေ့, မုန်တိုင်းလေကြောင့်, အနေမမှန်, ကျွမ်းပြန်ခေါက်ချိုး, စောက်ထိုးကျစေလျက်၊ ပါပကေ-အယုတ်တမာ, သတ္တဝါအများ, ငရဲသားတို့ကို၊ ပတာပေတိ-တာပနထက်, နှစ်ဆတက်အောင်, နှိပ်စက်ဆန်းမွေ့, လောင်ကျွမ်းစေ၏၊ သောနိရယော-သို့ကလိုက်, မကုန်ပြန်လျှင်, ဖန်ဖန်လောင်ရိုး, ထိုငရဲအိုးကို၊ ပတာပနောတိ-ပတာပနငရဲဟူ၍၊ ဝုစ္စတေ-ဗျူပွတ်အလိုက်, ရုပ်ခတ်ကိုက်အောင်, သမိုက်အပ်လေတော့ သတည်း။။

http://www.dhammadownload.com



## ၈။ အဝီစိ

ဇာလာနံ သတ္တာနံ ယတ္ထ,
နတ္ထိ ဒုက္ခဿ အန္တရံ၊
ဗာလာနံ နိဝါသော သော ဟိ,
အဝီစီတိ ဝုစ္စတေ။

ယတ္ထနိရယေ–ကံကြမ္မာရင်း, ဖန်လာညှင်းက, မကွင်းနိုင်အောင်, အတင်းဆောင်လျက်, သွင်းလျောင်ပိတ်ဆီး, အကြင်သို့သောငရဲကြီး၌၊ ဇာလာနံ–ဝဲယာရှေ့နောက်, အထက်အောက်မှ, ထွင်းဖောက်ထွက်သွား, မီးအလျှံအများတို့၏လည်းကောင်း၊ သတ္တာနံ–ကျည်တောက်အတွင်း, နှမ်းမုန်ညှင်းသို့, ပြည့်တင်းကြပ်လျောင်း, သတ္တဝါအပေါင်းတို့၏လည်းကောင်း။ ဒုက္ခဿ–ကိုယ်ရောစိတ်မှာ, မသက်သာအောင်, ဆက်ကာနှိမ်နင်း, ဆင်းရဲခြင်း၏လည်းကောင်း။ အန္တရံ နတ္ထိ–တစ်မိနစ်မျှ, မလစ်ရ၍, ခေတ္တနားရန်, အကြားမကျန်တော့ချေ၊ ဗာလာနံ–ကမ္ဘာတိုက်ဖွား, ငမိုက်သားတို့၏၊ နိဝါသော–အမြဲမပြတ်, နေထိုင်ရာအရပ်ဖြစ်သော၊ သော ဟိ နိရယော–အကုသိုလ်ကံ, အရင်းခံလျက်, သယံဇာတ, ထာဝရဖြင့်, ကာလကြာပြီး, ထိုငရဲကြီးကို၊ အဝီစီတိ–အဝီစိငရဲဟူ၍၊ ဝုစ္စတေ–ဗျူပွတ်အလိုက်, ရပ်ဓာတ်ကိုက်အောင်, သမိုက်အပ်လေတော့သတည်း။

http://www.dhammadownload.com



# ဥဿဒေရဲဝယ်များ

## ၁။ တစ်မုပ်

အဝီစိမှာ ပမုတ္တာပိ, အမုတ္တာ သေသပါပိနော၊
ပစ္စန္တီ ပူတိကေ ဂူထေ, တသောဝ သမန္တ ရေ။

အဝီစိမှာ–ဒုက္ခထန်သည်း, အဝီစိငရဲကြီးမှ၊ ပမုတ္တာပိ–ကံအားလျော်စွာ, လွတ်မြောက်ရပါကုန်သော်လည်း၊ သေသပါပိနော–အကုသိုလ်ကံ, အကျန်အကြွင်း, မကင်းသေးသူတို့သည်၊ အမုတ္တာ–အပြီးအပြတ်, မလွတ်လပ်ကြကုန်ဘဲ၊ တသောဝ–ဒုက္ခထန်သည်း, ထို အဝီစိငရဲကြီး၏သာလျှင်၊ သမန္တ ရေ–အကွက်မလပ်, ဆက်စပ်လျက်တည်သော၊ ပူတိကေဂူထေ–ပိုးလောက်တွေပြွမ်း, ပုပ်နံ့လွှမ်းလျက်, ဆိုးသွမ်းဘိခြင်း, ဘင်ပုပ်တွင်း၌၊ ပစ္စန္တီ–ကိုယ်လုံးငုပ်လျှိုး, ပိုးလောက်ထိုးဖွဲ့, တစ်မျိုးဆက်ကာ, ကျက်ရရှာလေကုန်၏။

## ၂။ ဖြာပူ

ပူတိဂူထာ ပမုတ္တာပိ, အမုတ္တာ သေသပါပိနော၊
ပစ္စန္တီ ကုက္ကုလေ ဂူထေ, တသောဝ သမန္တ ရေ။

ပူတိ ဂူထာ–ပိုးလောက်တွေပြွမ်း, ပုပ်နံ့လွှမ်းလျက်, ဆိုးသွမ်းဘိခြင်း, ဘင်ပုပ်တွင်းမှ၊ ပမုတ္တာပိ–ကံအားလျော်စွာ, လွတ်မြောက်ရပါကုန်သော်လည်း၊ သေသပါပိနော– အကုသိုလ်ကံ, အကျန်အကြွင်း, မကင်းသေးသူတို့သည်၊ အမုတ္တာ–အပြီးအပြတ်, မလွတ်လပ်ကြကုန်ဘဲ၊ တသောဝ–ပိုးလောက်ကိုက်ခဲ, ထို ဘင်ပုပ်ငရဲ၏

http://www.dhammadownload.com



သာလျှင်၊ သမန္တရေ–အကွက်မလပ်, ဆက်ဆပ်လျက်တည်သော၊ ကုက္ကုလေ ဥဏှော–လွှန်မင်းပြင်းပြ, ပူလောင်လှသည့်, အောက်က မီးခဲ, ပြာပူထဲ၌၊ ပစ္စန္တိ–ကျလျှင်စုပ်စုပ်, ကိုယ်လုံးမြုပ်လျက်, မလှုပ်သာ မယှက်သာ, ကျက်ရရှာလေကုန်၏။

## ၃။ လက်ပံတော

ကုက္ကုလုဏှာ ပမုတ္တာပိ, အမုတ္တာ သေသပါပိနော၊
ပစ္စန္တိ သိမ္ဗလိဒ္ဒါယေ, တသော၀ သမန္တရေ။

ကုက္ကုလုဏှာ–လွှန်မင်းပြင်းပြ, ပူလောင်လှသည့်, အောက်က မီးခဲ, ပြာပူထဲမှ၊ ပမုတ္တာပိ–ကံအားလျော်စွာ, လွတ်မြောက် ရပါကုန်သော်လည်း၊ သေသပါပိနော– အကုသိုလ်ကံ, အကျန် အကြွင်း, မကင်းသေးသူတို့သည်၊ အမုတ္တာ–အပြီးအပြတ်, မလွတ် လပ်ကြကုန်ဘဲ၊ တသော၀–ပူလောင်ထန်သဲ, ထို ပြာပူငရဲ၏သာ လျှင်၊ သမန္တရေ–အကွက်မလပ်, ဆက်စပ်လျက် တည်သော၊ သိမ္ဗလိဒ္ဒါယေ–ယူဇနာမြင့်မောက်, မီးလျှံတောက်သည့်, ထက် အောက်မကျန်, ပင်လက်ပံပေါ, ငရဲတော၌၊ ပစ္စန္တိ–အမြဲနှိပ်စက်, သတ်ပုတ်ချက်ကြောင့်, တက်ကာသက်ကာ, ကျက်ရရှာလေကုန်၏။

## ၄။ သန်လျက်ရွက်

သိမ္ဗလိမှာ ပမုတ္တာပိ, အမုတ္တာ သေသပါပိနော၊
ပပစ္စန္တိ အသိပတ္တေ, တသော၀ သမန္တရေ။

သိမ္ဗလိမှာ–ပင်လက်ပံပေါ, ငရဲတောမှ၊ ပမုတ္တာပိ–ကံအား လျော်စွာ, လွတ်မြောက်ရပါကုန်သော်လည်း၊ သေသပါပိနော–အကု သိုလ်ကံ, အကျန်အကြွင်း, မကင်းသေးသူတို့သည်၊ အမုတ္တာ–အပြီး အပြတ်, မလွတ်လပ်ကုန်ဘဲ၊ တသော၀–ပင်လက်ပံပေါ, ထိုငရဲတော

http://www.dhammadownload.com



၏သာလျှင်၊ သမန္တ ရေ–အကွက်မလပ်, ဆက်စပ်လျက်တည်သော၊ အသီပတ္တွေ–ဓါး သန်လျက်, ပမာထက်သည့်, အရွက်တွေပေါ်, တောဝ၏သဖွယ်, ငရဲငယ်၌၊ ပပစ္စန္တိ–လွန်မင်းပြင်းထန်, အရှုံခံ၍, နိယံမသွေ, ကျက်ရရှာလေကုန်၏။

## ၅။ ကြိမ်ပိုက်မြစ်

အသိပတ္တာ ပမုတ္တာပိ, အမုတ္တာ သေသပါပိနော၊
ပပစ္စန္တိ ခါရောဒကေ, တဿေဝ သမန္တ ရေ။

အသိပတ္တာ–သန်လျက်ရွက်ပေါ်, ငရဲတောမှ၊ ပမုတ္တာပိ–ကံအားလျော့စွာ, လွတ်မြောက်ရပါကုန်သော်လည်း။ သေသပါပိနော–အကာသိုလ်ကံ, အကျန်အကြွင်း, မကင်းသေးသူတို့သည်၊ အမုတ္တာ–အပြီးအပြတ်, မလွတ်လပ်ကြကုန်ဘဲ၊ တဿေဝ–သန်လျက်ရွက်ပေါ်, ထိုငရဲတော၏သာလျှင်၊ သမန္တ ရေ–အကွက်မလပ်, ဆက်စပ်လျက်တည်သော၊ ခါရောဒကေ–ကြိမ်ဆူးတွေရှုံ, စပ်ခါးငံလျက်, သံရေပူလောင်း, မြစ်ငယ်ချောင်း၌၊ ပပစ္စန္တိ–မျောလျက်စုန်ဆန်, ဆူးရှုံခံ၍, နိယံမသွေ, ကျက်ရရှာလေကုန်၏။

http://www.dhammadownload.com

# ဒါနခန်း

**ပုညကြိယဝတ္ထု** ကောင်းသော အကျိုးတရားတို့၏ တည်ရာ အကြောင်းဖြစ်၍ သူတော်ကောင်းတို့သည် ပြုသင့်ပြုထိုက်သော ကုသိုလ်ကောင်းမှုကို "ပုညကြိယဝတ္ထု" ဟု ခေါ်ပါသည်၊ ထို ပုညကြိယဝတ္ထုသည် ဒါန, သီလ, ဘာဝနာ, အပစာယန, ဝေယျာဝစ္စ, ပတ္တိဒါန, ပတ္တာနုမောဒန, ဓမ္မဿဝန, ဓမ္မဒေသနာ, ဒိဋ္ဌိဇုကမ္မ အားဖြင့် ဆယ်ပါးအပြားရှိ၏။

**ဒါန(၂)မျိုး** ထိုတွင်…စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းသည် ဒါန မည်၏၊ ထို ဒါနသည် စေတနာဒါန, ဝတ္ထုဒါန အားဖြင့် နှစ်ပါးအပြားရှိ၏၊ ထိုတွင် လှူလိုသောအခါ ဖြစ်ပေါ်လာသော စေတနာသည် ပုဗ္ဗစေတနာမည်၏၊ လှူဒါန်းဆဲ (လှူဒါန်းနေချိန် )တွင် ဖြစ်ပေါ်လာသော စေတနာသည် မုဉ္စစေတနာမည်၏၊ လှူပြီးသောအခါ ဖြစ်ပေါ်လာသော စေတနာသည် အပရစေတနာ မည်၏၊ ဤသို့ ပုဗ္ဗ, မုဉ္စ, အပရ စေတနာသုံးပါးသည် စေတနာဒါန မည်၏၊ လှူဖွယ်ဝတ္ထုသည် ဝတ္ထုဒါနမည်၏၊ နောက်နောင်အကျိုး ပေးသောအခါ စေတနာဒါနသည်သာ အကျိုးပေး၏၊ ဝတ္ထုဒါန သည်ကား စေတနာ ထက်သန်ဖို့ရာ အာရုံမျှသာဖြစ်၏၊ စေတနာ မသန့်ရှင်းလျှင် အကျိုးပေးလည်း မသန့်ရှင်းပါ။

http://www.dhammadownload.com



**မသန့်ရှင်းသော ဒါန** ဂုဏ်ကိုလည်းကောင်း, လာဘ်ကို လည်းကောင်း, ဘဝစည်းစိမ်ကို လည်းကောင်း တောင့်တ၍ စွန့်ကြဲ ပေးကမ်း လှူဒါန်းခြင်းသည် လောဘပါဝင်နေသောကြောင့် မသန့်ရှင်းသော ဒါနဖြစ်၏၊ အလှူနှင့်စပ်၍ စိတ်ဆိုးခြင်း, ဝမ်းနည်းခြင်း, နှလုံးမသာယာခြင်း ဖြစ်နေလျှင် ဒေါသ, ဒေါမနဿ ပါဝင်နေသောကြောင့် မသန့်ရှင်းသော ဒါနဖြစ်၏။

လောဘ ပါဝင်သော ဒါနကြောင့် အကျိုးရသောအခါ လောဘကြီးသူ ဖြစ်တတ်ပါသည်၊ ဒေါသ ပါဝင်သော ဒါနကြောင့် အကျိုးရသောအခါ ဒေါသကြီးသူ ဖြစ်တတ်ပါသည်၊ ဒေါမနဿ ပါဝင်သော ဒါနကြောင့် အကျိုးရသောအခါ ထိုစည်းစိမ်ကို မခံစားလိုဘဲ လှူနဲ့ လှူမွဲ လှူဆင်းရဲကဲ့သို့ ဖြစ်နေတတ်ပါသည်။

**တိဟိတ်, ဒွိဟိတ်** ကံ-ကံ၏ အကျိုးကို ယုံကြည် နားလည်သော ကမ္မဿကတာဉာဏ်၊ အနိစ္စ, ဒုက္ခ, အနတ္တဟုရှုတတ်သော ဝိပဿနာဉာဏ် ပါဝင်သော ကုသိုလ်သည် တိဟိတ် ကုသိုလ်ဖြစ်၏၊ ထို ဉာဏ်မျိုးမပါလျှင် ဒွိဟိတ် ကုသိုလ်ဖြစ်၏။

အလှူ၏ ရှေ့အဖို့ နောက်အဖို့၌ ကုသိုလ်ခြံရံလျှင် ဥက္ကဋ္ဌ ကုသိုလ်ဖြစ်၏၊ အကုသိုလ်ခြံရံလျှင် ဩမက ကုသိုလ်ဖြစ်၏။

[ဆောင်] ကုသိုလ်ပြုစဉ်, ကံကျိုးမြင်သိ, ဉာဏ်ယှဉ်ဘိ,
တိဟိတ် ကုသိုလ်ခေါ်။
ကံကျိုးမသိ, ဉာဏ်မရှိ, ဒွိဟိတ်ကုသိုလ်ခေါ်။

http://www.dhammadownload.com



ရွှေ့နောက် နှစ်ရပ်, ကုသိုလ်ညှုပ်, ဥက္ကဋ္ဌ ဆင့်၍ ခေါ်။

ရွှေ့နောက် နှစ်တန်, အကု ခြံ, တစ်ဖန် ဩမက ခေါ်။

တိဟိတ်ပုဂ္ဂိုလ် တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ကြောင့် နောက်နောင် ဘဝ၌ ပဋိသန္ဓေ နေသောအခါ ဉာဏ်နှင့်ယှဉ်သော တိဟိတ်ပဋိသန္ဓေ တည်နေရ၍ တိဟိတ်ပုဂ္ဂိုလ် ဖြစ်ရလေသည်၊ ထိုတိဟိတ်ပုဂ္ဂိုလ်သည် အရာရာဝယ် စဉ်းစားဉာဏ်ရှိ၍ သင်ပြရာ၌ တတ်သိနားလည်သူ ဖြစ်တတ်ပါသည်။

ဒွိဟိတ်ပုဂ္ဂိုလ် တိဟိတ် ဩမကနှင့် ဒွိဟိတ် ဥက္ကဋ္ဌ ကုသိုလ်ကြောင့် နောက်နောင် ဘဝ၌ ပဋိသန္ဓေ နေရသောအခါ ဉာဏ်နှင့်မယှဉ်သော ဒွိဟိတ်ပဋိသန္ဓေ တည်နေရ၍ ဒွိဟိတ်ပုဂ္ဂိုလ်ဖြစ်ရလေသည်၊ ထို ဒွိဟိတ်ပုဂ္ဂိုလ်သည် အရာရာဝယ် စဉ်းစားဉာဏ်နည်းပါး၍ သင်ပြရာ၌ တတ်သိနားလည်ဖို့ရန် မလွယ်ကူသူ ဖြစ်တတ်ပါသည်။

အဟိတ်ပုဂ္ဂိုလ် ဒွိဟိတ်ဩမက ကုသိုလ်ကြောင့် နောက်နောင် ဘဝ၌ ပဋိသန္ဓေ နေရသောအခါ အလောဘ, အဒေါသ, အမောဟဟူသော ဟိတ်တစ်ခုမျှ မယှဉ်သော အဟိတ်ပဋိသန္ဓေ တည်နေရ၍ အဟိတ်ပုဂ္ဂိုလ်ဖြစ်ရလေသည်၊ ထိုအဟိတ်ပုဂ္ဂိုလ်သည် အရာရာဝယ် စဉ်းစားဉာဏ်မရှိဘဲ သင်ပြရာ၌ တတ်သိ နားလည်နိုင်ခဲသူ, လူဖျင်း, လူအ, လူနု, လူထိုင်း, လူအရိုင်းအစိုင်း ဖြစ်တတ်ပါသည်။

http://www.dhammadownload.com



**အကျိုးကြီး,မကြီး** အလှူခံပုဂ္ဂိုလ်သည် လယ်ယာမြေနှင့်တူ၏၊ လှူဖွယ်ဝတ္ထုနှင့် စေတနာစုသည် မျိုးစေ့နှင့်တူ၏၊ အလှူရှင်သည် လယ်ယာလုပ်သူနှင့် တူ၏။

လယ်ယာမြေမကောင်းလျှင် အပင်ကြီးကြီး အသီးထွားထွား မဖြစ်နိုင်သကဲ့သို့ အလှူခံပုဂ္ဂိုလ်က သီလ, သမာဓိ, ပညာမရှိလျှင် အကျိုးကြီးကြီး မပေးနိုင်၊ လယ်ယာမြေက ကောင်းသော်လည်း မျိုးစေ့က မကောင်းလျှင် အပင်ကြီးကြီး အသီးထွားထွား မဖြစ်နိုင်သကဲ့သို့ အလှူခံပုဂ္ဂိုလ်က သီလ, သမာဓိ, ပညာ ရှိသော်လည်း လှူဖွယ်ဝတ္ထုနှင့် စေတနာစုက မသန့်ရှင်းလျှင် အကျိုးကြီးကြီး မပေးနိုင်။

လယ်ယာမြေနှင့် မျိုးစေ့က ကောင်းသော်လည်း လယ်ယာလုပ်ကိုင်သူက နားမလည်လျှင် အပင်ကြီးကြီး အသီးထွားထွား မဖြစ်နိုင်သကဲ့သို့ အလှူခံပုဂ္ဂိုလ်က သီလ, သမာဓိ, ပညာရှိ၍ လှူဖွယ်ဝတ္ထုနှင့် စေတနာစုက သန့်ရှင်းသော်လည်း အလှူရှင်က နားမလည်လျှင် အကျိုးကြီးကြီး မပေးနိုင်။

[ဆောင်] အလှူခံမှာ, လယ်ပမာ, လှူရှာသူများ, လယ်သမား။
အများလှူဖွယ်, မျိုးစေ့နှယ်, နှောင်ဝယ်အသီးစား။

[ဆောင်] ဒါနအစွမ်း, လက်ရုံးတန်းဖို့, ဆုံးခန်းရောက်
ဖွယ်, ဉာဏ်ကျမ်းငယ်က, အဘယ်ထုတ်ချောက်,
ရေးသားလောက်လိမ့်၊ နိုင်းထောက်ကြံခြယ်,

http://www.dhammadownload.com



ဉာဏ်မမယ်တို့, စိတ်ဝယ် ပိုးဝါး, မထင်မှားနှင့်၊ ဘုရားဆူဆူ, ဒါနကူမှ, သုံးလူ့သင်းကျစ်,ကေန် ဖြစ်၍, အသစ်တရား, ဟောဖေါ် ထားလျက်, အများဝေနေ, ကျွတ်လွတ်စေ၏၊ ထွေထွေများ မြောင်, ဒါနဆောင်သော်,ပြောင်တစ်လက်လက်, အရောင်ထွက်သို့, ခေါင်ထက်ခေါင်နင်း, ဖြစ်ကြ ခြင်းနှင့်, ယင်းသည့်ဒါန, မပါကြသည့်,ဒုက္ခသည် စု, တွေ့တိုင်းရှု၍, လှူမှုအားကိုး, ဒါနမျိုးကို, ပျိုးလေ ဆန်းဆန်း, နေ့စဉ်လန်းအောင်, ကျွတ် တန်းဝင်လိုဘိမှုကား။

http://www.dhammadownload.com

# သီလခန်း

**သီလ (၂) မျိုး** ကိုယ်, နှုတ်, စိတ်တို့ကို စောင့်ထိန်းခြင်းသည် သီလ မည်၏၊ ထို သီလသည် စာရိတ္တသီလ, ဝါရိတ္တသီလအားဖြင့် နှစ်ပါးအပြားရှိ၏။

ထိုတွင် ဆရာကောင်း, သမားကောင်း, မိကောင်း, ဖကောင်း, ဆွေကောင်း, မျိုးကောင်းတို့၏ ကောင်းသော အကျင့်အတိုင်း ပြောဆို နေထိုင်ခြင်းသည် "စာရိတ္တသီလ" မည်၏၊ မပြုမကျင့်ရဟု တားမြစ်အပ်သော အမှုကို မပြု မကျင့်ဘဲ ရှောင်ကြဉ်ခြင်းသည် "ဝါရိတ္တသီလ" မည်၏၊ ထို့အပြင် လူ့ဝတ်ကြောင်တို့ စောင့်ထိန်းအပ်သော ဂဟဋ္ဌသီလ, ရဟန်းသာမဏေတို့ စောင့်ထိန်းအပ်သော ပဗ္ဗဇိတသီလအားဖြင့် နှစ်ပါးအပြားရှိ၏၊ ဂဟဋ္ဌသီလသည်လည်း နိစ္စသီလ, ဥပေါသထသီလ အားဖြင့် နှစ်ပါးအပြားရှိ၏၊ ထိုတွင် ငါးပါးသီလ, အာဇီဝဋ္ဌမကသီလသည် လူ့ဝတ်ကြောင်တို့ အမြဲ စောင့်ထိန်းအပ်သော "နိစ္စသီလ" မည်၏၊ ရှစ်ပါးသီလ, ကိုးပါး သီလ, ဆယ်ပါးသီလသည် တစ်ရံတစ်ခါ စောင့်ထိန်းအပ်သော "ဥပေါသထသီလ" မည်၏။

**ဥပုသ် (၃) မျိုး** ထို ဥပုသ်စောင့်ထိန်းခြင်းသည် နိဂဏ္ဌဥပုသ်, ဂေါပါလကဥပုသ်, အရိယဥပုသ်, အားဖြင့် သုံးပါး အပြားရှိ၏၊ ထိုတွင် နိဂဏ္ဌတို့ စောင့်ထိန်းအပ်သော ဥပုသ်သည် "နိဂဏ္ဌဥပုသ်" မည်၏၊ နွားကျောင်းသားသည် နွားစားကျက်တို့ကို ကြံစည်နေသကဲ့သို့ ထို့အတူ သီလယူပြီးနောက် အစား

http://www.dhammadownload.com



အသောက်နှင့် အိမ်ယာကိစ္စကို ပြောဆိုကြ၍စည်၍ နေခြင်းသည် "ဂေါပါလကဥပုသ်" မည်၏၊ သီလယူပြီးနောက် တရားတစ်မျိုးမျိုးကို နှလုံးသွင်း၍ နေခြင်းသည် "အရိယဥပုသ်" မည်၏၊ ထို အရိယဥပုသ်သည်သာ ကောင်းသော ဥပုသ်မည်၏။

[ဆောင်] အဂ်ါရှစ်တန်, သီလခံ၍, ခြိုးခြံအောင့်အည်း,
တစ်ဖြောင့်တည်းဖြင့်, စောင့်စည်းအားထုတ်,
တရားကုတ်, ဥပုသ်စောင့်ဟု ခေါ်။

**အရိယဥပုသ်(၅)မျိုး** ထို အရိယဥပုသ်သည် ဗြဟ္မဥပုသ်, ဓမ္မဥပုသ်, သံဃဥပုသ်, ဒေဝတာဥပုသ်, သီလဥပုသ်အားဖြင့် ငါးပါးအပြား ရှိ၏။

ထိုတွင် သီလယူပြီးနောက် ဗြဟ္မာမည်သော မြတ်စွာဘုရား၏ ဂုဏ်တော်ကို အာရုံပြု၍ဖြစ်စေ, ဂုဏ်တော်၏ အကြောင်းအရာ ဟောပြောသည်ကို နာယူ၍ဖြစ်စေ, ဂုဏ်တော်၏ အကြောင်းအရာ ရေးသားထားသော ကျမ်းစာကို ကြည့်ရှု ရွတ်ဖတ်၍ဖြစ်စေ စောင့်သုံးခြင်းသည် "ဗြဟ္မဥပုသ်"မည်၏။

သီလယူပြီးနောက် တရားတော်၏ ဂုဏ်တော်ကို အာရုံပြု၍ ဖြစ်စေ, ဂုဏ်တော်၏အကြောင်းအရာ ဟောပြောသည်ကို နာယူ၍ ဖြစ်စေ, ဂုဏ်တော်၏ အကြောင်းအရာကို ရေးသာထားသော ကျမ်းစာကို ကြည့်ရှုရွတ်ဖတ်၍ဖြစ်စေ စောင့်သုံးခြင်းသည် "ဓမ္မဥပုသ်"မည်၏။

http://www.dhammadownload.com



သီလယူပြီးနောက် အရိယာသံဃာတော်၏ ဂုဏ်ကိုအာရုံပြု၍ဖြစ်စေ, ဂုဏ်တော်၏အကြောင်းအရာ ဟောပြောသည်ကို နာယူ၍ဖြစ်စေ, ဂုဏ်တော်၏ အကြောင်းအရာကို ရေးသားထားသော ကျမ်းစာကို ကြည့်ရှုရွတ်ဖတ်၍ဖြစ်စေ စောင့်သုံးခြင်းသည် "သံဃဥပုသ်" မည်၏။

သီလယူပြီးနောက် နတ်ဗြဟ္မာတို့၏ သဒ္ဓါ, သီလ စသောဂုဏ်ကို သက်သေအရာ၌ထား၍ မိမိ၏ သဒ္ဓါ, သီလ စသောဂုဏ်ကိုအာရုံပြု၍ နေခြင်းသည် " ဒေဝတာဥပုသ်"မည်၏။

သီလယူပြီးနောက် မိမိသီလ၏ မကျိုး, မပေါက်, မပြောက်, မကြားခြင်းဂုဏ်ကို အာရုံပြု၍နေခြင်းသည် "သီလဥပုသ်"မည်၏။

[ဆောင်] ၁။ အဂ်ါရှစ်ပါး, စွန်အများက, တစ်ပါးပါးကျိုး,
ဥပုသ်မျိုး, "အကျိုးအပြတ်"ခေါ်။

၂။ အဂ်ါရှစ်ပါး, အလယ်ကြားက, တစ်ပါးပါးပျက်,
ဥပုသ်တွက်, "ပေါက်ပျက်သည်"ဟု ခေါ်။

၃။ ဝါစိပြောက်နွား, ပုံအလားသို့, ကြိုးကြား
ပြိုးပြောက်, ယွင်းသွေဖေါက်, "အပြောက်"
ဥပုသ် ခေါ်။

၄။ နွားကြောင် နွားကြား, ပုံအလားသို့, နှစ်ပါး
သုံးပါး, အများဆက်လျက်, တရားပျက်,
"ကျားကွက်သည်"ဟု ခေါ်။

http://www.dhammadownload.com



သီလ (၄)မျိုး ရဟန်းသာမဏေတို့ စောင့်ထိန်းအပ်သော သီလသည်"ပဗ္ဗဇိတသီလ"မည်၏၊ ထို ပဗ္ဗဇိတသီလသည် ပါတိမောက္ခသံဝရသီလ, ဣန္ဒြိယသံဝရသီလ, အာဇီဝပါရိသုဒ္ဓိသီလ, ပစ္စယသန္နိဿိတသီလအားဖြင့် လေးပါးအပြားရှိ၏။

ထိုတွင် ဝိနည်းပါဠိတော်၌ လာသော သိက္ခာပုဒ်အပေါင်းကို စောင့်ထိန်းခြင်းသည် "ပါတိမောက္ခသံဝရသီလ" မည်၏၊ ဤ ပါတိမောက္ခသံဝရသီလ၌ သဒ္ဓါပြဋ္ဌာန်းသောကြောင့် သဒ္ဓါရှိသူသာ လုံခြုံအောင် စောင့်ထိန်းနိုင်၏။

ဣန္ဒြေ (၆) ပါးတို့ကို အဘိဇ္ဈာ, ဒေါမနဿစသော အကုသိုလ်မဖြစ်ရအောင် စောင့်ထိန်းခြင်းသည် "ဣန္ဒြိယသံဝရသီလ"မည်၏၊ ဤဣန္ဒြိယသံဝရသီလ၌ သတိပြဋ္ဌာန်းသောကြောင့် သတိရှိသူသာ လုံခြုံအောင် စောင့်ထိန်းနိုင်၏။

ကုလဒူသန, အနေသန, မိစ္ဆာဇီဝတို့မှ ရှောင်ကြဉ်၍ တရားသဖြင့် အသက်မွေးခြင်းသည် "အာဇီဝပါရိသုဒ္ဓိသီလ" မည်၏၊ ဤအာဇီဝပါရိသုဒ္ဓိသီလ၌ ဝီရိယပြဋ္ဌာန်းသောကြောင့် ဝီရိယရှိသူသာ လုံခြုံအောင် စောင့်ထိန်းနိုင်၏။

ပစ္စည်းလေးပါးတို့ကို ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးစွဲခြင်းသည် "ပစ္စယသန္နိဿိတသီလ" မည်၏၊ ဤ ပစ္စယသန္နိဿိတသီလ၌ ပညာပြဋ္ဌာန်းသောကြောင့် ပညာရှိသူသာ ပစ္စည်းလေးပါး၏ အကျိုးရပုံကို ဉာဏ်ဖြင့်ဆင်ခြင်သောအားဖြင့် လုံခြုံအောင် စောင့်ထိန်းနိုင်၏။

http://www.dhammadownload.com



# ဘာဝနာခန်း

**စိတ်သေး, စိတ်ငယ်** သတ္တဝါတို့၏ စိတ်သည် ပင်ကိုယ်အားဖြင့် အဝိဇ္ဇာ, တဏှာခေတ်ခံပါနေသောကြောင့် လောဘ, ဒေါသ, မောဟ, မာန, ဣဿာ, မစ္ဆရိယတို့ဖြင့် မငြိမ်မသက် ဝိတက်များ၍ လှုပ်ရှားနေ၏၊ ထိုစိတ်မျိုးကို မငြိမ်သက်သော ကလေးနှင့်တူသောကြောင့် "စိတ်သေး, စိတ်ငယ်များ" ဟုခေါ်၏၊ ထိုစိတ်သေး,စိတ်ငယ်များကို ပယ်ရှားဖို့ရာ သဒ္ဓါ, ပညာ, သတိ, ဝီရိယ, သမာဓိ, မေတ္တာ, ကရုဏာ, မုဒိတာတို့ဖြင့် စိတ်ကို ကြီးကျယ်မြင့်မား တိုးပွားလာအောင် ကြိုးစားအားထုတ်ခြင်းကို "ဘာဝနာ" အလုပ်ဟု ခေါ်၏။

[ဆောင်] ၁။ လောဘ-ဒေါသ, မာန်မာနနှင့်, ဣဿာ-မစ္ဆေ, နည်းပါးစေ၍, စိတ်နေစိတ်ထား, သဒ္ဓါပွား၍, ကြီးမား မြင့်မြတ်, ဖြစ်စေတတ်, မှတ်လေ ဘာဝနာ။

၂။ လောဘ-ဒေါသ, မာန်မာနနှင့်, ဣဿာ-မစ္ဆေ, နည်းပါးစေ၍, စိတ်နေစိတ်ထား, ပညာပွားလျက်, ကြီးမား မြင့်မြတ်, ဖြစ်စေတတ်, မှတ်လေဘာဝနာ။

၃။ လောဘ-ဒေါသ, မာန်မာနနှင့်, ဣဿာ-မစ္ဆေ, နည်းပါးစေ၍, စိတ်နေစိတ်ထား, သတိပွားလျက်, ကြီးမား မြင့်မြတ်, ဖြစ်စေတတ်, မှတ်လေဘာဝနာ။

•

http://www.dhammadownload.com



၄။ လောဘ-ဒေါသ, မာန်မာနနှင့်, ဣဿာ-မစ္ဆေ, နည်းပါးစေ၍, စိတ်နေစိတ်ထား, ဝီရိယပွား လျက်, ကြီးမား မြင့်မြတ်, ဖြစ်စေတတ်, မှတ်လေဘာဝနာ။

၅။ လောဘ-ဒေါသ, မာန်မာနနှင့်, ဣဿာ-မစ္ဆေ, နည်းပါးစေ၍, စိတ်နေစိတ်ထား, သမာဓိပွား လျက်, ကြီးမား မြင့်မြတ်, ဖြစ်စေတတ်, မှတ်လေဘာဝနာ။

၆။ လောဘ-ဒေါသ, မာန်မာနနှင့်, ဣဿာ-မစ္ဆေ, နည်းပါးစေ၍, စိတ်နေစိတ်ထား, မေတ္တာပွား လျက်, ကြီးမား မြင့်မြတ်, ဖြစ်စေတတ်, မှတ်လေဘာဝနာ။

၇။ လောဘ-ဒေါသ, မာန်မာနနှင့်, ဣဿာ-မစ္ဆေ, နည်းပါးစေ၍, စိတ်နေစိတ်ထား, ကရုဏာပွား လျက်, ကြီးမား မြင့်မြတ်, ဖြစ်စေတတ်, မှတ်လေဘာဝနာ။

၈။ လောဘ-ဒေါသ, မာန်မာနနှင့်, ဣဿာ-မစ္ဆေ, နည်းပါးစေ၍, စိတ်နေစိတ်ထား, မုဒိတာပွား လျက်, ကြီးမား မြင့်မြတ်, ဖြစ်စေတတ်, မှတ်လေဘာဝနာ။

http://www.dhammadownload.com



ကမ္မဋ္ဌာန်း ထို ဘာဝနာကိုပင် ရှေးရှေးဘာဝနာ အလုပ်သည် နောက်နောက်ဘာဝနာ အလုပ်၏ တည်ရာဖြစ်သော ကြောင့် "ကမ္မဋ္ဌာန" ဟုခေါ်၏၊ [ကမ္မ=ရှေးရှေးဘာဝနာ အလုပ်သည် + ဌာန=နောက်နောက် ဘာဝနာ အလုပ်၏ တည်ရာ၊ ဝါ=ကမ္မဋ္ဌာန်း။]

[ဆောင်] နောက်နောက်တိုးပွား, အလုပ်များ၏, ရှေ့သွား တည်ရာ, အလုပ်မှာ, ခေါ်ပါ ကမ္မဋ္ဌာန်း။

ကမ္မဋ္ဌာန်း(၂)မျိုး ထိုကမ္မဋ္ဌာန်းသည် သမထဘာဝနာ ကမ္မဋ္ဌာန်း, ဝိပဿနာဘာဝနာ ကမ္မဋ္ဌာန်းအားဖြင့် နှစ်ပါး အပြားရှိ၏၊ ထိုတွင် ကိလေသာတို့ကိုလည်းကောင်း, ဝိတက် စသည်တို့ကိုလည်းကောင်း ငြိမ်သက်စေတတ်၍ သမာဓိပြဋ္ဌာန်း သော ဘာဝနာအလုပ်သည် သမထဘာဝနာကမ္မဋ္ဌာန်း မည်၏။

ရုပ် နာမ် ခန္ဓာတို့ကို အနိစ္စဟုလည်းကောင်း, ဒုက္ခဟု လည်းကောင်း, အနတ္တဟုလည်းကောင်း အမျိုးမျိုးရှုတတ်သည်ဖြစ် ၍ ပညာပြဋ္ဌာန်းသော ဘာဝနာအလုပ်သည် ဝိပဿနာဘာဝနာ ကမ္မဋ္ဌာန်း မည်၏။

သမထ(၂)မျိုး သမထကမ္မဋ္ဌာန်းသည်အာရုံကမ္မဋ္ဌာန်း,အာရမဏိက ကမ္မဋ္ဌာန်း အားဖြင့် နှစ်ပါးအပြားရှိ၏၊ ထိုတွင် ကမ္မဋ္ဌာန်းစီးဖြန်းဖို့ရန် ကသိုဏ်းအစရှိသော အာရုံသည် အာရုံ ကမ္မဋ္ဌာန်း မည်၏၊ ထိုအာရုံကို အာရုံပြု၍ဖြစ်သော စိတ်အစဉ်သည် အာရမဏိကကမ္မဋ္ဌာန်း မည်၏။

http://www.dhammadownload.com



သမထ(၄၀) အာရုံကမ္မဋ္ဌာန်းသည် ကသိုဏ်းဆယ်ပါး, အသုဘဆယ်ပါး, အနုဿတိဆယ်ပါး,ဗြဟ္မဝိဟာရလေးပါး, အာဟာရေပဋိကူလသညာ, စတုဓာတုဝဝတ္ထာန်, အာရုပ္ပလေးပါး အားဖြင့် လေးဆယ်အပြားရှိ၏၊ ထိုလေးဆယ်သော ကမ္မဋ္ဌာန်းတို့တွင် မိမိစရိုက်နှင့်သင့်လျော်သော ကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်မှ အကျိုးရလွယ်၏။

စရိုက်(၆)မျိုး မကြာမကြာလည်းဖြစ်တတ်, လွန်လွန်ကဲကဲလည်း ဖြစ်တတ်သော သဘောကို "စရိုက်"ဟု ခေါ်၏၊ ထိုစရိုက်သည် ရာဂစရိုက်, ဒေါသစရိုက်, မောဟစရိုက်, သဒ္ဓါစရိုက်, ပညာစရိုက်, ဝိတက်စရိုက် အားဖြင့် ခြောက်ပါး အပြားရှိ၏၊ ထိုတွင်...

[ဆောင်] ၁။ ရာဂစရိုက်, ရှိသူ့ဣကား, ယာပိုထ်လေးထွေ,
ယဉ်ကျေးလေ၏၊ ထွေထွေကိစ္စ, ပြုသမျှလည်း,
ကျနစေလတ်, လွန်သေသပ်ရှင့်၊ လေးမြွတ်
ဖွယ်ရေး, ဘောဇဉ်ရွေးက, ချိုမွှေးဆိမ့်အိမ့်,
လွန်နှစ်သိမ့်သတဲ့၊ မစိမ့်လောက်တဲ့, ကာမ
ဂုဏ်ကြောင့်, အာရုံစွဲကာ, မခွဲ ခွာတည်း။
မာယာ ဗလဝ, သာဌေယျနှင့်, မာန ဖိစီး,
အလိုကြီး၏။
ထိုနည်းသဒ္ဒါ, စရိုက်မှာမူ, မာယာစသော,
ဖြစ်မနှောဘဲ, သာမောရွှင်လန်း, လှူပေးကမ်း
လျက်, ရဟန်းတော်ပေါင်း, ထေရ်ရှင်ကောင်း

http://www.dhammadownload.com



နှင့်, ဝတ်ကျောင်းဘုရား, မြတ်တရားကို, မှတ်သားနာယူ, လွန်ကြည်ဖြူသည့်, ဤသူ မွန်မြတ်ပေတကား။

၂။ ဒေါသစရိုက်, ရှိသူဒ္ဓကား, ယာပိုထ်လေး ထွေ, ကြမ်းတမ်းလေ၏ ထွေထွေကိစ္စ, ပြုသ မျှလည်း, ကျနမဖွယ်, မတင့်တယ်တည်း။ စား ဖွယ် ငန်ချဉ်, စပ် ခါး မင်၏, ငါးအင်အာရုံ, မ ဖွယ်ကြုံလျှင်, ယမ်းပုံမီးကျ, စိတ်တိုလျှ၍, ကောဓထေန်သည်း, ရန်ငြိုးကြီးလျက်, ဖိစီး က္ကဿာ, မစ္ဆေရာနှင့်, မက္ခာပဠာသ, ဒုဗ္ဗစ တို့, မုချဆစ်ပွား, အပြစ်များ၏။

တရားပညာ, စရိုက်မှာမူ, ရှေ့လာအားလုံး, နည်းတူသုံးလျက်,လုံးလုံးကောဓ, စသည်ဆိတ် ကွယ်, ဆုံးမလွယ်၏ စားဖွယ်ကသိဏ်း, တွေ့ ကြုံတိုင်းလည်း, နှိုင်းနှိုင်းချိန်ချိန်,သုခမိန်တည်း, ကြိမ်ကြိမ်နှောင်လာ, သံသရာကို, ပညာသတိ, မြော်ခေါ်ညှိ၍, ဂတိနှောင်လျှင်,ကောင်းအောင် ပြင်သည့်, လူတွင်သူမြတ်ပေတကား။

၃။ မောဟစရိုက်, ရှိသူဒ္ဓကား, ယာပိုထ်လေး ထွေ,ရှုပ်ပွေပွေနှင့်, ထွေထွေကိစ္စ, ရှုပ်ထွေးစွ တည်း။ အာဟာရအရာ, စားသောက်ပါလည်း, ဘယ်ဟာမိမိ, မြမရှိခဲ့, ထို၏အစွမ်း, စုံထောက် လှမ်း၍, အဆန်းအရိုး, ကြောင်းအကျိုးဟု,

http://www.dhammadownload.com



ကောင်းဆိုးယုတ်မြတ်, မသိတတ်သဖြင့်,အရပ်
ရပ်မှာ, နောက်လိုက်သာတည်း၊ ပညာ•သတိ,
ကင်းကွာဘိ၍, ထိန•မိဒ္ဓ, ဥဒ္ဓစ္စနှင့်, ကာလကုန်
ဆုံး, အချိန်ဖြုန်းဧ၊။

ထုံးနည်းမခြား, ဝိတက် များလည်း, စကား
တွေပေါ, ကိစ္စမျှောလျက်, ကောင်းသောလုပ်
ငန်း, ကုသိုလ်လမ်းမှု, အစွမ်းမရှိ, ပျင်းရိရိတည်း၊
မိမိတို့တမ်း, လူ့ပေါက်ပန်းနှင့်, ရောပြွမ်းပျော်ပါး,
အကြံများသည်, လူအားလူပို့တွေပါတကား•••။

စတုရာရက္ခ ထိုစရိုက် (၆)ပါးသည် အချို့ပုဂ္ဂိုလ်၌ တစ်ပါးစီသာ အထင်အရှား ဖြစ်တတ်၍၊ အချို့ပုဂ္ဂိုလ်၌ကား နှစ်ပါး,သုံးပါးစသည် ရော၍ဖြစ်တတ်သေး၏၊ ထိုကမ္မဋ္ဌာန်းတို့တွင် ဗုဒ္ဓါနုဿတိ, မေတ္တာ, အသုဘ, မရဏာဿတိ ဤလေးပါးသည် စိတ်ကို မကောင်းသောအာရုံသို့ မသွားအောင် စောင့်ရှောက် တားမြစ်တတ်သောကြောင့် စတုရာရက္ခဘာဝနာမည်၏။

[ဆောင်] ဘုရားအာရုံ, မေတ္တာထုံ၍, တစ်ဖုံကာယ, အသုဘနှင့်, မရဏာဿတိ, ဤ လေးလီသည်, ကိုယ်စီစိတ်စောင့် တရားတည်း။

http://www.dhammadownload.com



၁။ **ဗုဒ္ဓါနုဿတိ** ထိုတွင် ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများလိုသော ပုဂ္ဂိုလ်သည် ရှေးဦးစွာ ဗုဒ္ဓမြတ်စွာ၏ အကြောင်းကောင်းပုံ၊ အကျိုးကောင်းပုံ၊ သတ္တဝါတို့အား ကျေးဇူးများပုံကို အာရုံပြု၍ ပွားများရာ၏။

**အကြောင်းကောင်း** အကြောင်းကောင်းပုံ ဟူသည်ကား…လေး အသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ဒါနစသော ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူရာအခါ၌ ယခုကာလ ဝယ်အထက်တန်း သူတော်ကောင်းတို့သော်မှ လိုက်၍မမှီလောက် အောင်စည်းစိမ်ကို စွန့်၍လည်းကောင်း၊ အင်္ဂါကြီးငယ်ကို စွန့်၍ လည်းကောင်း၊ အသက်စွန့်၍လည်းကောင်း ဖြည့်ကျင့်တော်မူခဲ့ ခြင်း၊ ဆွေတော်မျိုးတော်တို့၏ အစီးအပွားကို ကျင့်တော်မူခြင်း ဟူသော ဉာတတ္ထစရိယ၊ သတ္တဝါအများ၏ အစီးအပွားကို ကျင့်တော်မူခြင်းဟူသော လောကတ္ထစရိယ၊ ဉာဏ်ပညာတိုးပွား အောင် ကျင့်တော်မူခြင်းဟူသော ဗုဒ္ဓတ္ထစရိယ ဤသို့ ကျင့်တော် မူခြင်းသည် အကြောင်းကောင်းပုံတည်း။

**အကျိုးကောင်း** အကျိုးကောင်းပုံ ဟူသည်ကား… အကြောင်း ကောင်းသည့်အားလျော်စွာ ဘုရားဖြစ်တော်မူမည့် ဘဝ၌ တုသိတာနတ်ပြည်ဝယ် နတ် ပြဟ္မာအများတို့က ပဋိသန္ဓေ နေဖို့ရန် တောင်းပန်ရခြင်း၊ မယ်တော်ဝမ်းတိုက်၌ ချမ်းမြေ့စွာ ပဋိသန္ဓေနေတော်မူရခြင်း၊ ချမ်းမြေ့စွာ ဖွားတော်မူရခြင်း၊ ဖွားမြင် သောအခါ လူ့လောကဝယ် ရုပ်လက္ခဏာအားဖြင့် အသာဆုံးဖြစ်ရ ခြင်း၊ တစ်ဆယ့်ခြောက်နှစ် ရောက်သောအခါ ထီးနန်းကိုစံတော်မူရ

http://www.dhammadownload.com



ခြင်း, နှစ်ဆယ့်ကိုးနှစ်အရွယ် ရောက်သောအခါ သူအို, သူနာ, သူသေ, ရသေ့ရဟန်းတို့ကို မြင်ရ၍ သံဝေဂရသဖြင့် တောထွက်တော်မူပြီးလျှင် ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယအကျင့်ကို ကျင့်တော်မူပြီးနောက် ဗောဓိပင်အောက်ဝယ် မင်္ဂလေးပါး ဖိုလ်လေးတန်ဖြင့် နိဗ္ဗာန်ကို မြင်ရသည်နှင့်တစ်ပြိုင်တည်း ကိလေသာအားလုံးကုန်ဆုံးရကား သဗ္ဗညုတဉာဏ်တော်ကို ရ၍ သမ္မာသမ္ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူခြင်းသည် မည်သည့်ပုဂ္ဂိုလ်မျှ လိုက်၍ မမှီနိုင်အောင် မြင့်ခေါင်ကြီးမားသော အကျိုးကောင်းပုံတည်း။

**ကျေးဇူးများ** သတ္တဝါတို့အား ကျေးဇူးများပုံ ဟူသည်ကား… ဘုရားဖြစ်တော်မူပြီးသောအခါ ဖလသမာပတ်ချမ်းသာကို ဝင်စားတော်မူ၍ အေးချမ်းသာယာစွာ နေနိုင်ပါသော်လည်း နေတော်မမူဘဲ သတ္တဝါတို့အား ကျေးဇူးများဖို့ရာ မနားမနေ တရားတော်ကို ဟောပြတော်မူခြင်း၊ တရားတော်ကို နာရ၍ ငရဲ, ပြိတ္တာ အသုရကာယ်တို့ ရှိကြသေး၏ဟု သိရခြင်း၊ လူဆင်းရဲ, ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်ဖြစ်ဖို့အကြောင်း မကောင်းသော ဒုစရိုက်တရားတို့ကို သိရခြင်း၊ သိသည့်အားလျော်စွာ ထိုဒုစရိုက်တို့မှ ရှောင်ကြဉ်သူတို့မှာ ထိုဆင်းရဲတို့မှ လွတ်မြောက်ရခြင်း၊ လူ, နတ် ဗြဟ္မာနှင့် နိဗ္ဗာန်တရားတို့ ရှိကြသေး၏ဟု သိရခြင်း၊ လူ, နတ်, နိဗ္ဗာန်သုံးတန်သော ချမ်းသာတို့ကို ရဖို့အကြောင်းကောင်းသော သုစရိုက်တရားတို့ကို သိရခြင်း သိသည့်အားလျော်စွာ ထိုသုစရိုက်တရားတို့ကို ကျင့်ကြံကြိုးကုတ် အားထုတ်သူတို့မှာ လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ထိုက်တန်သမျှ ရကြခြင်းသည် မိဘလည်းမပေးနိုင်, ဆရာသမားလည်း မညွှန်ပြနိုင်သည့် သတ္တဝါတို့အား ကျေးဇူးများပုံတည်း။

http://www.dhammadownload.com



**ကျေးဇူးဆပ်** ဤကဲ့သို့ ကျေးဇူးတော်ရှင် ဘုရားရှင်ကို နေ့စဉ် မပြတ် ကျေးဇူးဆပ်သောအားဖြင့် ဗုဒ္ဓမြတ်စွာ၏ ရွှေနှုတ်တော်ထွက်ဖြစ်သော ပရိယတ်ခေါ် ပိဋကတ် ပါဠိတော်ကို မကွယ် မပအောင် နေ့စဉ်မှန်မှန် သင်အံပို့ချခြင်း၊ ဝိနည်းပါဠိတော်လာ သိက္ခာသီလကို စောင့်ထိန်းခြင်းမှစ၍ ကမ္မဋ္ဌာန်းဘာဝနာကို ပွားများသည့်တိုင်အောင် ပဋိပတ်ကိုကျင့်ခြင်း ဤသို့ ပရိယတ်၊ ပဋိပတ် တာဝန်နှစ်ရပ်ကို ထမ်းဆောင်သင့်ကြပါသည်၊ ထိုသို့ မထမ်းဆောင်ဘဲ သာသနာတော်တွင်းသို့ဝင်၍ ဂုဏ်ရမှု၊ လာဘ်ရမှု အတွက် မျှော်ကိုးအားထုတ်၍ နေထိုင်ကြပါလျှင် ဗုဒ္ဓမြတ်စွာ၏ အလိုတော်ကျ မဟုတ်သဖြင့် မိမိအတွက်လည်း ဘဝအဆက်ဆက် ၌ သက်သာလိမ့်မည်မဟုတ်ပါ။

[ဆောင်] ၁။ ကျေးဇူးတော်ရှင်၊ ဘုရားရှင်ကို၊ နေ့စဉ်မပြတ်၊
ကျေးဇူးဆပ်သို့၊ ပရိယတ်နှင့်၊ ပဋိပတ်နှစ်ဖြာ၊
သာသနာကို၊ ကောင်းစွာကြိုးကုတ်၊ လွန်အား
ထုတ်၊ အဟုတ် ကျင့်ကြစေ။

၂။ အကျင့်မဖေါ်၊ ဂုဏ် လာဘ်မျှော်၍၊ စိတ်ပျော်
ကိုယ်ရွှင်၊ သာသနာဝင်မှု၊ အစဉ်နောင်လာ၊
သာသနာနှင့်၊ ကိုယ်ပါ နိမ့်ကျ၊ နောက်ဘဝ၌၊
ရောက်ရလေမည့်၊ တိုင်းမသိ၊ များဘိဒုက္ခတွေ။

http://www.dhammadownload.com



**စိတ်ကြည်လင်** သတ္တဝါတို့၏ စိတ်ကို နောက်ကျုစေတတ်သော ကိလေသာတို့ဟူသည် လောဘ,ဒေါသ,မောဟ မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ အားဖြင့် ဆယ်ပါး အပြားရှိ၏၊ ထို ဆယ်ပါးကို အဆင့်ဆင့် မြှောက်ပွား၍ တစ်ထောင့်ငါးရာ ဖြစ်ရလေသည်၊ ဗုဒ္ဓမြတ်စွာ၏ စိတ်တော်အစဉ် သည် ထိုကိလေသာ အနောက်အကျုတို့မှ ကင်းစင်၍ အမြဲအားဖြင့် ကြည်လင်တော်မူပါသည်။

**ဉာဏ်တော်ကြီး** ဆီးနှင်း, မြူ, တိမ်, သူရိန်, မီးခိုး, ညစ်မျိုး ငါးအင် ကင်းစင်သော ကောင်းကင်၌ ညဥ့် ကာလဝယ် လမင်းသည် အစွမ်းကုန် သာယာထွန်းလင်းနေသကဲ့သို့ ထို့အတူ ဗုဒ္ဓမြတ်စွာ၏ စိတ်တော် အစဉ်ဝယ် သိဖွယ်ဟူသမျှကို အလုံးစုံ အကုန်အစင် သိမြင်နိုင်သော သဗ္ဗညုတဉာဏ်တော်ကြီး သည် အကြောင်းအားလျော်စွာ ပေါ်ထွန်း၍နေပါသည်။

လူသိများသော ဘုရားရှင်၏ဂုဏ်တော်တို့သည် (၉)ပါးရှိ၏၊ ထို ဂုဏ်တော်တို့တွင်–ကိလေသာကင်းစင်၍ စိတ်တော်၏ ကြည်လင် ခြင်းသည် "အရဟံ"ဂုဏ်တော် မည်၏၊ ထိုကြည်လင်သော စိတ် တော်အစဉ်ဝယ် သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် သိဖွယ်ဟူသမျှကို အလုံးစုံ အကုန်အစင် သိမြင်တော်မူနိုင်ခြင်းသည် "သမ္မာသမ္ဗုဒ္ဓ" ဂုဏ်တော် မည်၏။

**သဒ္ဓါပညာတိုး** ဤ ဆိုအပ်ခဲ့ပြီးသော အစဉ်အားဖြင့် ဗုဒ္ဓမြတ်စွာ ၏ အကြောင်းကောင်းပုံ, အကျိုးကောင်းပုံ, သတ္တဝါတို့အား ကျေးဇူးများပုံကို အာရုံပြု၍ "အရဟံဂုဏ်တော်,

http://www.dhammadownload.com



သမ္ဗုသမ္ဗုဒ္ဓဂုဏ်တော်"ကို မိမိစိတ်တွင် ထင်မြင်လာအောင်အဖန်ဖန် ပွားများခြင်းကို "ဗုဒ္ဓါနုဿတိဘာဝနာ"ဟုခေါ်ပါသည်၊ ထိုသို့ ပွားများသောပုဂ္ဂိုလ်မှာ လောဘ, ဒေါသ, မာနစသော ကိလေသာတွေ နည်း၍နည်း၍ သွားသောကြောင့် မိမိစိတ်အစဉ် ကြည်လင်လာပြီးလျှင် ဗုဒ္ဓမြတ်စွာကို ယုံကြည်သော သဒ္ဓါတရား, သာသနာတော်ကို ပြုစုစောင့်ရှောက်လိုသော ဉာဏ်ပညာလည်း ကြီး၍ကြီး၍ လာပါလိမ့်သတည်း။

မှတ်ချက်။ ။ ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများလိုသော ပုဂ္ဂိုလ်သည်... ...

၁။ မိမိသီလကို စင်ကြယ်အောင် အားထုတ်ခြင်း။

၂။ ဆိတ်ငြိမ်ရာအရပ်၌ ရောက်နေရခြင်း။

၃။ မြတ်စွာဘုရား၏ သပ္ပါယ်တော်မူပုံ, ဘဂဝါဂုဏ်တော်တွင်ပါဝင်သော သိရီဘုန်းတော်ကို အာရုံပြုရခြင်း။

၄။ စိတ်တော်အစဉ် ကြည်လင်သန့်ရှင်းပုံ, အရဟံဂုဏ်တော်ကို အာရုံပြုရခြင်း။

၅။ သဗ္ဗညုတဉာဏ်တော်၏ ကြီးကျယ်တော်မူပုံ, သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကို အာရုံပြုရခြင်း။

၆။ ဝိဇ္ဇာသုံးပါး, စရဏ တစ်ဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူပုံ, ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်ကို အာရုံပြုရခြင်း။

http://www.dhammadownload.com



၇။ ဒီပင်္ကရာမြတ်စွာဘုရား လက်ထက်တော်မှ စ၍ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး သတ္တဝါများ၏ အစီးအပွား အလို့ငှာ မည်သည့် ပုဂ္ဂိုလ်မျှလိုက်၍ မမှီနိုင်သော ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပုံ သုဂတဂုဏ်တော်ကို အာရုံပြုရခြင်း။

ဤသို့ အစဥ်အတိုင်း အာရုံပြုပြီးမှ အရဟံဂုဏ်တော်ကိုဖြစ်စေ, သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကို ဖြစ်စေ မိမိအလိုရှိသော ဂုဏ်တော်တစ်ပါးပါးကို အထပ်ထပ် အာရုံပြု၍ ရှုပွားများရာ၏။

## ၂။ မေတ္တာဘာဝနာ

မေတ္တာဘာဝနာကို ပွားများလိုသောပုဂ္ဂိုလ်သည် မေတ္တာသုတ်တော်၌ လာသည့်အတိုင်း တသ သတ္တဝါ, ထာဝရ သတ္တဝါစသော အစုံအားဖြင့် ဖြစ်စေ, အရပ် ၁၀ မျက်နှာ သတ္တဝါအားဖြင့် ဖြစ်စေ ပွားများရာ၏။

အမှာ။ ။ တသ, ထာဝရ စသော အစုံကို မေတ္တာသုတ်နိဿယကြည့်၍ သိနိုင်ပြီ၊ အရပ်(၁၀)မျက်နှာ မေတ္တာပို့ကိုရှေ့၌ပြခဲ့ပြီ။

http://www.dhammadownload.com



## ၃။ အသုဘဘာဝနာ

အသုဘဘာဝနာကို ပွားများလိုသော ပုဂ္ဂိုလ်သည် အသုဘဆယ်ပါးတွင် တစ်ပါးပါးကို အာရုံပြု၍ဖြစ်စေ၊ ၃၂ ကောဋ္ဌာသကို အာရုံပြု၍ဖြစ်စေ ပွားများရာ၏။

ဥဒ္ဓုမာတကံ=သေသည်မှအထက်၊ နှစ်ရက်သုံးရက်ကူးသဖြင့်၊ ဖူးဖူးရောင်ပုပ်၊ စက်ဆုတ်ဖွယ်ရာ၊ မသာလောင်းပါတကား။

ဝိနီလကံ= ဖြူနီသဘော၊ ရောနှောစပ်တွဲ၊ ညိုမဲမဲပုပ်၊ စက်ဆုတ်ဖွယ်ရာ၊ မသာလောင်းပါတကား။

ဝိပုဗ္ဗကံ= ပြည်တစိုစို၊ ပေါက်ကွဲယိုလျက်၊ စက်ဆုတ်ဖွယ်ရာ၊ မသာလောင်းပါတကား။

ဝိစ္ဆိဒ္ဒကံ= ထက်အောက် နှစ်ရပ်၊ မဆက်စပ်အောင်၊ ဖြတ်အပ်ပြီးလျက်၊ စက်ဆုတ်ဖွယ်ရာ၊ မသာလောင်းပါတကား။

ဝိက္ခာယိတကံ=ခွေး၊ လင်းတ၊ ကျီး၊ အသီးသီးတို့၊ နည်းမျိုးစုံပြား၊ ဖုံဖုံအားဖြင့်၊ ခဲစားအပ်လျက်၊ စက်ဆုတ်ဖွယ်ရာ၊ မသာလောင်းပါတကား။

ဝိက္ခိတ္တကံ= လက် ခြေ ခေါင်း ကိုယ်၊ ဖရိုဖရဲ၊ ထိုထိုကြဲသဖြင့်၊ ပစ်လွှင့်အပ်လျက်၊ စက်ဆုတ်ဖွယ်ရာ၊ မသာလောင်းပါတကား။

http://www.dhammadownload.com



ဟာတပိက္ခိတ္တကံ=ကျိုးခြေမယွင်း, ခါးဖြင့်မွန်း၍, ညှဉ်းအပ်ထိုထို, လက် ခြေ ကိုယ်တို့, ဖရိုဖရဲ, ထိုထိုကြဲသဖြင့်, ပစ်လွှင့်အပ်လျက်, စက်ဆုတ်ဖွယ်ရာ, မသာ လောင်းပါတကား။

လောဟိတကံ=သွေးများထွက်ယို, တစ်ကိုယ်လုံးပေ, လိမ်းကျံ နေသော, စက်ဆုတ်ဖွယ်ရာ, မသာလောင်းပါ တကား။

ပုဠုဝကံ= ပိုးလောက်တွေပြည့်, ကျိုကျိုတက်နေ, ထွက်စေ တတ်သော, စက်ဆုတ်ဖွယ်ရာ, မသာလောင်းပါ တကား။

အဋ္ဌိကံ= အရိုးစုပေါင်း, တစ်ချောင်းဖြစ်စေ, အသရေယုတ်, စက်ဆုတ်ဖွယ်ရာ, မသာလောင်းပါတကား…။

အမှာ။ ။ ၃၂ ကောဋ္ဌာသနည်းဖြင့် အသုဘဘာဝနာပွားများပုံ ကို ရေးသွင်းပြခဲ့ပြီ။

http://www.dhammadownload.com



## ၄။ မရဏာသတိဘာဝနာ

မရဏာသတိဘာဝနာကို ပွားများလိုသောပုဂ္ဂိုလ်သည် ရှေးဦးစွာ မုန်းသူ၏ သေခြင်း, ချစ်သူ၏ သေခြင်း, မိမိ၏ သေခြင်းကိုသာ အာရုံမပြုဘဲ အများနှင့်ဆိုင်သော သေခြင်းကို အာရုံပြု၍ ပွားများရာ၏။

အပ္ပ•မာယု မနုဿာနံ,
ဟီဠေယျ နံ သုပေါရိသော၊
စရေယျာ•ဒိတ္တသီသောဝ,
နတ္ထိ မစ္စုဿ နာ•ဂမော။

မနုဿာနံ–ယခုလိုလူ, ဆုတ်ကပ်သူတို့၏၊ အာယု–ကြောက်စရာ့လမ်း,အသက်တမ်းသည်၊ အပ္ပံ–ရေတွက်လေလေ, တိုလှချေ၏၊ သုပေါရိသော–သိမြင်ကျိုးကြောင်း, ပညာရှိသူတော်ကောင်းသည်၊ နံ (အာယုံ)–ကြောက်စရာ့အချက်, ထို အသက်ကို၊ ဟီဠေယျ–နေ့ရော ညဉ့်ပါ, ရှုံ့ချရာ၏၊ (ဟီဠေတွာ–အချိန်ရှိသမျှ, ရှုံ့ချပြီး၍) အာဒိတ္တသီသောဝ–ဦးခေါင်းဦးသျှောင်, မီးလောင်ခံရသူကဲ့သို့၊ စရေယျ–တရားအမြတ်, မလစ်လပ်အောင်, မပြတ်ပုံသေ, ကျင့်၍နေရာ၏၊ မစ္စုဿ–ဓမ္မတာမင်း, သေရခြင်း၏၊ န အာဂမော– မရောက်လာရာ, သတ္တဝါမည်သည်၊ နတ္ထိ–လူ့ဘုံ နတ်ရောက်, အကုန်ပေါက်အောင်, ဖွေနှောက်ရှာဖွေ, မရှိနိုင်ချေတကား။

✢✢✢✢❁✢✢✢✢

http://www.dhammadownload.com



အန္ဓော ဝဿသတံ သဗ္ဗေ,
လောကေ သကမ္မနိဿိတာ၊
မရဏံ ဝေ ဂမိဿန္တိ,
ဇာတာနံ ဟိ မတံ ဓုဝံ။

လောကေ–မျက်မြင်တွေ့ရ, လူ့လောက၌၊ သကမ္မနိဿိတာ–စာရေးဝတ်ရေး, နေထိုင်ရေးဟု, ကိုယ်ရေးတွေရှုပ်, ကိုယ်အလုပ်ကို မှီကြကုန်သော၊ သဗ္ဗေ–ရဟန်း ရှင် လူ, ခပ်သိမ်းသူတို့သည်၊ အန္ဓော ဝဿသတံ–တစ်နေ့ တစ်ရက်, တစ်နံနက်ဟု, အသက်ကုန်ဆင်း, အနှစ်တစ်ရာအတွင်း၌၊ ဝေ(ကေန္ဓော နု)–စင်စစ်ကေန်, အမှန်မလွဲ, တစ်ပုံစံထဲသာလျှင်၊ မရဏံ ဂမိဿန္တိ–သေတွင်းသေဝ, သေပေါက်ကျအောင်, ရောက်ရကုန်လိမ့်မည်၊ ဟိ(သစ္စံ)–သူတော်အများ, လက်ကိုင်ထား၍, စကားဆိုဟန်, အမှန်ပင် ဖြစ်ပါပေ၏၊ ဇာတာနံ–ရှေးကံအရ,တစ်ဘဝ၌, ဖြစ်ကြရသူ, အများလူတို့၏၊ မတံ–အသက်တန်းနှင့်, ကံစွမ်းအရှိန်, ကုန်ချိန်ရောက်က, သေပျောက်ရခြင်းသည်၊ ဓုဝံ–မြေလက်ခတ်နဲ, မြှောက်သည့်ခဲသို့, မလွဲမသွေ, အမြဲပင် ဖြစ်ပေသတည်း။

http://www.dhammadownload.com



## ဝိပဿနာဘာဝနာ

ဝိပဿနာဘာဝနာကို ပွားများလိုသော ပုဂ္ဂိုလ်သည် သဂြိုဟ်ကျမ်း၌လာသည့်အတိုင်း သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိ, ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ, ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ, ဉာဏဒဿနဝိသုဒ္ဓိအားဖြင့် ဝိသုဒ္ဓိခုနစ်ပါး အစဉ်အတိုင်း ပွားများရာ၏။

**သီလဝိသုဒ္ဓိ** ထိုတွင် သီလဝိသုဒ္ဓိသည် ပါတိမောက္ခသံဝရသီလ, ဣန္ဒြိယသံဝရသီလ, အာဇီဝပါရိသုဒ္ဓိသီလ, ပစ္စယသန္နိဿိတသီလအားဖြင့် လေးပါးအပြားရှိ၏။

ထိုတွင် ဝိနည်းပါဠိတော်၌ လာသော သိက္ခာပုဒ်အပေါင်းကို စောင့်ထိန်းခြင်းသည် "ပါတိမောက္ခသံဝရသီလ" မည်၏။

ဣန္ဒြေခြောက်ပါးတို့ကို အဘိဇ္ဈာ, ဒေါမနဿစသောအကုသိုလ် မဖြစ်ရအောင် စောင့်ထိန်းခြင်းသည် "ဣန္ဒြိယသံဝရသီလ"မည်၏။

ကုလဒူသန, အနေသန, မိစ္ဆာဇီဝတို့မှ ရှောင်ကြဉ်၍ တရားသဖြင့် အသက်မွေးခြင်းသည် "အာဇီဝပါရိသုဒ္ဓိသီလ" မည်၏။

ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးစွဲခြင်းသည် "ပစ္စယသန္နိဿိတသီလ" မည်၏။

**စိတ္တဝိသုဒ္ဓိ** ဈာန်၏ ရှေ့အနီး ဥပစာဖြစ်သော သမာဓိသည် ဥပစာသမာဓိ မည်၏၊ ဈာန်စိတ်သည် အပ္ပနာသမာဓိမည်၏၊ ထိုသမာဓိနှစ်ပါးကို ရသောအခါ စိတ်သည် နီဝရဏတို့မှ သန့်ရှင်းစင်ကြယ်သောကြောင့် စိတ္တဝိသုဒ္ဓိမည်၏။

http://www.dhammadownload.com



ဒိဋ္ဌိဝိသုဒ္ဓိ လက္ခဏာ, ရသ စသောအားဖြင့် နာမ်ရုပ်နှစ်ပါး အပြားကို ပိုင်းခြား၍ သိတတ်သော ဉာဏ်သည် အတ္တဒိဋ္ဌိတို့မှ စင်ကြယ်သောအားဖြင့် ဒိဋ္ဌိဝိသုဒ္ဓိ မည်၏။

**အမှာ။** ။ကင်္ခါဝိတရဏာဝိသုဒ္ဓိစသော နောက် ဝိသုဒ္ဓိများ၏ ဖြစ်များပုံကို သင်္ဂြိုဟ်ဘာသာဋီကာ ကမ္မဋ္ဌာန်းပိုင်းမှာကြည့်ရှုပါ။

## ခန္ဓာဝန်

ဘာရာ ဟဝေ ပဉ္စက္ခန္ဓာ,
ဘာရဟာရော စ ပုဂ္ဂလော၊
ဘာရာ-ဒါနံ ဒုခံ လောကေ,
ဘာရနိက္ခေပနံ သုခံ။

ပဉ္စက္ခန္ဓာ-ငါးပါးခေါ်တွင်, ငါ့ကိုယ်ပင်ဟု, ထင်မြင်ရငြား, ခန္ဓာငါးပါးတို့သည်၊ ဟဝေ-စင်စစ်ဧကန်, အမှန်အားဖြင့်၊ ဘာရာ-လေးလံလှစွာ, ဝန်ထုပ် ဝန်ပိုးကြီးတို့ပါတကား…၊ ပုဂ္ဂလော-သူငါကစ, ပုဂ္ဂိုလ်ဟူသမျှသည်၊ ဘာရဟာရော-ခန္ဓာဝန်ထမ်း, အမြဲနွမ်းလျက်, ပင်ပန်း၍သာ နေရပါတကား။ လောကေ-ငရဲ တိရစ္ဆာန်, မချန်ပြိတ္တာ, မြဟ္မာ လူ နတ်, အရပ်ရပ်သောလောက၌၊ ဘာရာ-ဒါနံ-ခန္ဓာဝန်ကို, ယူရခြင်းသည်၊ ဒုခံ(ဒုက္ခံ)-ဇာတိဇရာ, အစဖြာလျက်, များစွာထောင်သောင်း, ဆင်းရဲအပေါင်း၏, အကြောင်းရင်းမှန်,

http://www.dhammadownload.com



အခြေခံပါတကား။ ဘာရနိက္ခေပနံ–မင်္ဂအရိယာ, ရသည့်ခါဝယ်, ခန္ဓာဝန်ညစ်, ပစ်ချလိုက်ရခြင်းသည်၊ သုခံ–ဒုက္ခများစွာ, ကင်းစင်ကွာသဖြင့်, သာယာငြိမ့်ညောင်း, ချမ်းသာကြောင်းပါတကား။

**ရုပ်တရားကိုရှုပုံ** အဝိဇ္ဇာ, တဏှာ အရင်းခံ၍ ရှေးကံက စီမံလိုက်သော ဤခန္ဓာကိုယ်သည် တစ်လုံးတစ်ခဲတစ်တွဲတည်းသာ ထင်ရသော်လည်း ကံ, စိတ်, ဥတု, အာဟာရတို့ကြောင့် အသီးအသီးဖြစ်၍နေသော ရုပ်ကလာပ် အမှုန်အမွှားတို့သာ ဖြစ်ချေသည်၊ ဤရုပ်ကလာပ် အမှုန်အမွှားတို့သည် အချိန်ရှိသမျှ ဖြစ်၍ဖြစ်၍, ဖြစ်တိုင်းဖြစ်တိုင်း ပျက်၍ပျက်၍, ပျက်တိုင်းပျက်တိုင်း ထပ်၍ထပ်၍ ဖြစ်ပျက်နေသောကြောင့် မမြဲသော အနိစ္စတို့ပါတကား…။

မမြဲသည့်အတွက် အဖြစ်အပျက်ဒဏ်ကို ခံနေရသောကြောင့် ကြောက်ဖွယ်ကောင်းသော ဒုက္ခတို့ပါတကား…။

ကြောက်ဖွယ်ကောင်းသော ဒုက္ခဖြစ်၍ အနှစ်သာရ အတ္တမရှိသော အတ္တမဟုတ်သော အနတ္တတို့ပါတကား။

**နာမ်တရားကိုရှုပုံ** စိတ်, စေတသိက်နှစ်ပါးကို အာရုံယူတတ်, အာရုံသို့ ညွတ်တတ်သောကြောင့် နာမ်တရားဟုခေါ်၏၊ ဤ နာမ်တရားများသည် စိတ်တစ်ပါးနှင့် စေတသိတ် အများပေါင်း၍ ဖြစ်ရသောကြောင့် နာမ်ကလာပ်ပင် ဖြစ်ချေသည်။

http://www.dhammadownload.com



ထို နာမ်ကလာပ်များလည်း လက်ဖြောက်တစ်ချက်တီးခန့် ကာလ၌ ကုဋေတစ်သိန်းမက ဖြစ်ပျက်နေသောကြောင့် မမြဲသော အနိစ္စတို့ပါတကား…။

မမြဲသည့်အတွက် အဖြစ်အပျက်ဒဏ်ကို ခံနေရသောကြောင့် ကြောက်ဖွယ်ကောင်းသော ဒုက္ခတို့ပါတကား…။

ကြောက်ဖွယ်ကောင်းသော ဒုက္ခဖြစ်၍ အနှစ်သာရ အတ္တမရှိသော အတ္တမဟုတ်သော အနတ္တတို့ပါတကား။

## ရုပ်နာမ် ၂ ပါးတို့ ဣရိယာပုထ် ၄ ပါးဖြင့်ခွဲခြား၍ရှုပုံ

များစွာသောသတ္တဝါတို့သည် ရုပ်တရားချည်းလည်း မဖြစ်နိုင်, နာမ်တရားချည်းလည်း မဖြစ်နိုင်, ရုပ်နာမ်နှစ်ရပ် ပေါင်းစပ်မှသာ ဖြစ်နိုင်ကြသည်၊ ထို့ကြောင့် ဤ ရုပ်နာမ်နှစ်ပါးကို ဣရိယာပုထ် လေးပါးအားဖြင့် ခွဲခြားသောအခါ… …

သွားဆဲခဏ၌ ဖြစ်ကြသော ရုပ်နာမ်တရားတို့သည် ရပ်ဆဲခဏသို့ မရောက်ကြဘဲ အချိန်ရှိသမျှ ဖြစ်၍ဖြစ်၍, ဖြစ်တိုင်းဖြစ်တိုင်း ပျက်၍ပျက်၍, ပျက်တိုင်းပျက်တိုင်း ထပ်၍ထပ်၍ ဖြစ်ပျက်နေသောကြောင့် မမြဲသော အနိစ္စတို့ပါတကား…။

ရပ်ဆဲခဏ၌ ဖြစ်ကြသော ရုပ်နာမ်တရားတို့သည် ထိုင်ဆဲခဏသို့ မရောက်ကြဘဲ အချိန်ရှိသမျှဖြစ်၍ဖြစ်၍, ဖြစ်တိုင်းဖြစ်တိုင်း

http://www.dhammadownload.com



ပျက်၍ပျက်၍, ပျက်တိုင်းပျက်တိုင်း ထပ်၍ထပ်၍ ဖြစ်ပျက်နေသောကြောင့် မမြဲသော အနိစ္စတို့ပါတကား...။

ထိုင်ဆဲခဏ၌ ဖြစ်ကြသော ရုပ်နာမ်တရားတို့သည်လျောင်းဆဲခဏသို့ မရောက်ကြဘဲ အချိန်ရှိသမျှ ဖြစ်၍ဖြစ်၍, ဖြစ်တိုင်းဖြစ်တိုင်း ပျက်၍ပျက်၍, ပျက်တိုင်းပျက်တိုင်း ထပ်၍ထပ်၍ ဖြစ်ပျက်နေသောကြောင့် မမြဲသော အနိစ္စတို့ပါတကား...။

သွားဆဲခဏ၌လည်း ပထမခြေလှမ်းဝယ်ဖြစ်ကြသော ရုပ်နာမ်တရားတို့သည် ဒုတိယခြေလှမ်းသို့ မရောက်ကြဘဲ အချိန်ရှိသမျှ ဖြစ်၍ဖြစ်၍, ဖြစ်တိုင်းဖြစ်တိုင်း ပျက်၍ပျက်၍, ပျက်တိုင်းပျက်တိုင်း ထပ်၍ထပ်၍ ဖြစ်ပျက်နေသောကြောင့် မမြဲသော အနိစ္စတို့ပါတကား...။

ဒုတိယခြေလှမ်း၌လည်း ခြေကိုမြှောက်ဆဲခဏ၌ ဖြစ်ကြသော ရုပ်နာမ်တရားတို့သည် ရှေ့တိုးဆဲခဏသို့ မရောက်ကြဘဲ အချိန်ရှိသမျှ ဖြစ်၍ဖြစ်၍, ဖြစ်တိုင်းဖြစ်တိုင်း ပျက်၍ပျက်၍, ပျက်တိုင်းပျက်တိုင်း ထပ်၍ထပ်၍ ဖြစ်ပျက်နေသောကြောင့် မမြဲသော အနိစ္စတို့ပါတကား...။

ရှေ့တိုးဆဲခဏ၌ ဖြစ်ကြသောရုပ်နာမ်တရားတို့သည် ရှေ့ခြေကို ရှောင်ဆဲခဏသို့ မရောက်ကြဘဲ အချိန်ရှိသမျှ ဖြစ်၍ဖြစ်၍, ဖြစ်တိုင်းဖြစ်တိုင်း, ပျက်၍ပျက်၍, ပျက်တိုင်းပျက်တိုင်း, ထပ်၍ထပ်၍ ဖြစ်ပျက်နေသောကြောင့် မမြဲသော အနိစ္စတို့ပါတကား...။

http://www.dhammadownload.com



ရှေ့ခြေကို ရှောင်ဆဲခဏ၌ ဖြစ်ကြသောရုပ်နာမ်တရားတို့သည် အောက်ချဆဲခဏသို့ မရောက်ကြဘဲ အချိန်ရှိသမျှ ဖြစ်၍ဖြစ်၍, ဖြစ်တိုင်းဖြစ်တိုင်း, ပျက်၍ပျက်၍, ပျက်တိုင်းပျက်တိုင်း, ထပ်၍ ထပ်၍ ဖြစ်ပျက်နေသောကြောင့် မမြဲသော အနိစ္စတို့ပါတကား…။

အောက်ချဆဲခဏ၌ ဖြစ်ကြသော ရုပ်နာမ်တရားတို့သည် တည်ရာ အပြင်ဝယ် ထိဆဲခဏသို့ မရောက်ကြဘဲ အချိန်ရှိသမျှ ဖြစ်၍ဖြစ်၍, ဖြစ်တိုင်းဖြစ်တိုင်း, ပျက်၍ပျက်၍, ပျက်တိုင်း ပျက်တိုင်း, ထပ်၍ထပ်၍ ဖြစ်ပျက်နေသောကြောင့် မမြဲသော အနိစ္စတို့ပါ တကား…။

တည်ရာအပြင်ဝယ် ထိဆဲခဏ၌ ဖြစ်ကြသော ရုပ်နာမ်တရား တို့သည် ဖိ၍ နင်းဆဲခဏသို့ မရောက်ကြဘဲ အချိန်ရှိသမျှ ဖြစ်၍ ဖြစ်၍, ဖြစ်တိုင်းဖြစ်တိုင်း, ပျက်၍ပျက်၍, ပျက်တိုင်းပျက်တိုင်း, ထပ်၍ထပ်၍ ဖြစ်ပျက်နေသောကြောင့် မမြဲသော အနိစ္စတို့ပါ တကား…။

မမြဲသည့်အတွက် အဖြစ်အပျက်ဒဏ်ကို ခံနေရသောကြောင့် ကြောက်ဖွယ်ကောင်းသော ဒုက္ခတို့ပါတကား…။

ကြောက်ဖွယ်ကောင်းသော ဒုက္ခဖြစ်၍ အနှစ်သာရ အတ္တမရှိသော အတ္တမဟုတ်သော အနတ္တတို့ပါတကား။

ဝိပဿနာဘာဝနာပြီး၏။

http://www.dhammadownload.com



## စတုရာရက္ခနှင့်စပ်၍မှတ်ဖွယ်

**ဗုဒ္ဓါနုဿတိ** ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများသောပုဂ္ဂိုလ်သည် ဗုဒ္ဓမြတ်စွာ သာသနာတော်ကို ဝိုင်း၍ကြည်ညိုသော ကြောင့် မိမိအတွက် သာသနာ ညှိုးနွမ်းဖွယ်ကိစ္စကို မပြုတော့၊ သာသနာတော်၏ တိုးတက်ကြီးပွားကြောင်း၊ ကျက်သရေရှိကြောင်း အလုပ်ကိုသာ စွမ်းနိုင်သမျှ ပြုလုပ်တော့သည်။ [ဗုဒ္ဓါနုဿတိ ပွားနည်းကို ပြခဲ့ပြီ။]

**မေတ္တာ** မေတ္တာဘာဝနာကို ပွားများလေ့ရှိသော ပုဂ္ဂိုလ်ကား အရာရာ၌ ကိုယ်ကျိုးကို ရှေးရှုမထားဘဲ သူတစ်ပါး အကျိုးကိုသာ ရှေးရှု၏၊ ထိုသို့ရှေးရှုသောကြောင့် သာသနာတော် နှင့်စပ်၍ အကျိုးမဲ့ ကုန်ကျဖွယ်များကို မိမိလည်း မသုံးဖြုန်း ဒါယကာတို့ကိုလည်း မသုံးဖြုန်းစေတော့။

**အသုဘ** အသုဘဘာဝနာကား သာသနာတော်နှင့် လွန်စွာသင့် လျော်၏၊ အိမ်ရာမထောင် သာသနာဘောင်၌ တစ် ကိုယ်တည်း နေသောပုဂ္ဂိုလ်သည် အသုဘဘာဝနာကဲ့သို့ ဘာဝနာ ဝသ်မျိုးမျိုးသာ လက်ကိုင်မရှိပါမူ လောကီအာရုံ ကာမဂုဏ် ဘက်၌ သက်တော်ကြီးသော်လည်း စိတ်ရောက်လျက် ရှိတတ် သေး၏၊ ထို့ကြောင့် အသုဘဘာဝနာကို ကောင်းစွာ ပွားများသူသာ စိတ်ဖြူစင်နိုင်ပေလိမ့်မည်။ [အသုဘပွားနည်းကို ရှေး၌ပြခဲ့ပြီ။]

http://www.dhammadownload.com



**မရဏာဿတိ** သေခြင်းတရားကို နှလုံးသွင်းမှု မရဏာဿတိ ဘာဝနာကို နေ့စဉ်ပြုသောပုဂ္ဂိုလ်သည် "ငါသည် သေသွားသောအခါ ကုသိုလ်သာလျှင် အားကိုးရာရှိပါတကား"ဟု အမြဲ သတိရနေသောကြောင့် ဘုန်းကံကြီးမား လာဘ်များမှု၌ ကြောင့်ကြမစိုက်တော့ဘဲ ကုသိုလ်ကောင်းမှုကိစ္စစုကိုသာ တစ်ခုပြီး တစ်ခု ဘာဝနာပွားမှုတိုင်အောင် အမြဲ ပြု၍ နေပေလိမ့်မည်၊ ထို့ကြောင့် ဤကမ္မဋ္ဌာန်း(၄)ပါးကို "စတုရာရက္ခကမ္မဋ္ဌာန်း" ဟု နာမည်ထူးတပ်လျက် ရှေးသူတော်သူမြတ်တို့ အမြဲ အားထုတ်ခဲ့ကြလေသည်။

+++++❋+++++

## မေတ္တာပို့နည်း

**ကျောင်းတိုက်သံဃာ** မေတ္တာဘာဝနာကို ဖြစ်စေလိုသော ရဟန်းသာမဏေသည် ရှေးဦးစွာ သီမဋ္ဌသံဃာတော်များကို စိတ်အားဖြင့် ပိုင်းခြားမှန်းဆ၍ "ဤကျောင်းတိုက်၌ သီတင်းသုံးတော်မူကြသော နာယက, စာချဆရာတော်များနှင့်တကွ သံဃာတော်အပေါင်းသည် ဘေးရန်ကင်းကွာ ကျန်းမာချမ်းသာကြပါစေ"ဟု နှုတ်ဖြင့်လည်းရွတ် စိတ်ဖြင့်လည်းအာရုံပြု၍ မေတ္တာပွားစေရမည်၊ ဤသို့မေတ္တာစိတ်ကို ပွားစေ, များစေ, တိုးစေခြင်းကိုပင် "မေတ္တာပို့ "ဟု ခေါ်သည်။

http://www.dhammadownload.com



**ကျောင်းတိုက်နတ်** ထို့နောက် ကျောင်းတိုက်၌ စောင့်ရှောက်၍ နေကြသော နတ်အပေါင်းကို စိတ်အားဖြင့် ပိုင်းခြားမှန်းဆ၍ "ဤကျောင်းတိုက်၌တည်ရှိကြသော နတ်အပေါင်းတို့သည် ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ"ဟု ရှေးနည်းအတိုင်း မေတ္တာပို့ရသည်။

**ဆွမ်းခံရွာ** မိမိ၏ ကျက်စားရာ မြို့ရွာ၌ အစိုးရသူ အုပ်ချုပ်သူများကို စိတ်အားဖြင့် ပိုင်းခြားမှန်းဆ၍ "ငါ၏ ဆွမ်းခံရာမြို့ရွာ၌ အုပ်ချုပ်၍နေကြသော အစိုးရတို့သည် ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ "ဟု (ရှေးအတိုင်း) မေတ္တာပို့ရသည်။

ထို ဂေါစရဂါမ် မြို့(ရွာ)၌ မြို့သူ မြို့သား(ရွာသူ ရွာသား)လူအများတို့ကို စိတ်အားဖြင့် ပိုင်းခြားမှန်းဆ၍ "ငါ၏ဆွမ်းခံရွာ မြို့(ရွာ)၌ နေကြသော မြို့သူမြို့သား (ရွာသူ ရွာသား) လူအများတို့သည် ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာကြပါစေ "ဟု (ရှေးအတိုင်း) မေတ္တာပို့ရသည်။

**အရပ်(၁၀)မျက်နှာ** ထို့နောက် မိမိမြို့ မိမိရွာ၌ နေထိုင်ကြသောသတ္တဝါတို့မှစ၍ အနီးအပါး ပတ်ဝန်းကျင်မြို့ရွာ၌ နေထိုင်ကြသော သတ္တဝါတို့ကို စိတ်အားဖြင့် ချဲ့ကာ ချဲ့ကာ ပိုင်းခြား၍ မေတ္တာပို့ရသည်၊ ထိုသို့ ချဲ့ကာ ချဲ့ကာ ပိုင်းခြားရာ၌ အရှေ့အရပ်၌ နေကြသော သတ္တဝါတို့ကိုလည်းကောင်း, အနောက်အရပ်၌နေကြသော သတ္တဝါတို့ကိုလည်းကောင်း, မြောက်အရပ်၌နေကြသော သတ္တဝါတို့ကိုလည်းကောင်း, တောင်အရပ်၌နေ

http://www.dhammadownload.com



ကြသော သတ္တဝါတို့ကိုလည်းကောင်း, အရှေ့တောင်ထောင့်အရပ်၌ နေကြသော သတ္တဝါတို့ကိုလည်းကောင်း, အနောက်မြောက်ထောင့် အရပ်၌ နေကြသော သတ္တဝါတို့ကိုလည်းကောင်း, အရှေ့မြောက် ထောင့်အရပ်၌နေကြသော သတ္တဝါတို့ကိုလည်းကောင်း, အနောက် တောင်ထောင့်အရပ်၌ နေကြသော သတ္တဝါတို့ကို လည်းကောင်း, အောက်အရပ်၌ နေကြသော သတ္တဝါတို့ကိုလည်းကောင်း, အထက် အရပ်၌ နေကြသော သတ္တဝါတို့ကိုလည်းကောင်း အစဉ်အတိုင်း စိတ်အားဖြင့် ပိုင်းခြား၍ ပိုင်းခြား၍ နှုတ်အားဖြင့်ဖြစ်စေ, စိတ် အားဖြင့်ဖြစ်စေ မေတ္တာကို ချဲ့ထွင် တိုးပွားစေရသည်။

## မရဏာဿတိ ပွားနည်း

သေခြင်း: တစ်ဘဝအတွက် ဆက်ကာ ဆက်ကာဖြစ်နေသောရုပ် ဇီဝိတကို "အသက်" ဟုခေါ်၏၊ ထိုအသက်သည် ကံအရှိန် မကုန်သေးသမျှ ဆက်၍ဖြစ်နေ၏၊ အသက်တမ်းကုန်ခြင်း, သို့မဟုတ် ကံအစွမ်းကုန်ခြင်း, သို့မဟုတ် အသက်တမ်း ကံအစွမ်း နှစ်မျိုးလုံးကုန်ခြင်း, သို့မဟုတ် ရှေးဘဝကပါလာသော မကောင်း မှုကံဟူသော ဥပစ္ဆေဒက ကပ်၍ဖြတ်တတ်သော ကံကြောင့် ကံ အရှိန်ပြတ်သွားခြင်း ဤအကြောင်း တစ်ပါးပါးကြောင့် တစ်ဘဝ အတွက် ဇီဝိတ(အသက်)၏ နောက်ထပ် မဆက်တော့ခြင်းကို "သေခြင်း"ဟုခေါ်ရ၏၊ ထိုသေခြင်းမှ မည်သူမျှမလွတ်နိုင်၊ ထိုသို့ မလွတ်နိုင်သော သေခြင်းကို သတိရနေခြင်းကို "မရဏာဿတိ"ဟု

http://www.dhammadownload.com



ခေါ်၏၊ ထို မရဏာဿတိကို မိမိသန္တာန်၌ အဖန်ဖန် ဖြစ်စေခြင်းကို "မရဏာဿတိဘာဝနာ"ဟု ခေါ်သည်။

ထို ဘာဝနာကို ဖြစ်စေရာ၌ "မရဏံ မေ ဘဝိဿတိ=ငါ၏ သေခြင်း ဖြစ်လိမ့်မည်"ဟုသော်လည်းကောင်း, "ဇီဝိတံ မေ ဥစ္ဆိဇ္ဇိဿတိ=ငါ၏ အသက်သည် ပြတ်လိမ့်မည်" ဟုသော်လည်းကောင်း, "မရဏံ မရဏံ=သေရခြင်း သေရခြင်း"ဟုသော်လည်းကောင်း ဤနည်း သုံးမျိုးတွင် တစ်မျိုးမျိုးဖြင့် မရဏာကို သတိထားနိုင်၏။

**သင့်တင့်အောင် နှလုံးသွင်း** ထိုသို့ သေခြင်းသဘောကို အမှတ်ရနေရာ၌ သင့်တင့်အောင် နှလုံးသွင်းရသည်၊ ချဲ့ဦးအံ့-မိခင်သည် သား၏ သေမည့်အရေးကို တွေးမိသောအခါ ဝမ်းနည်းမှုသောက ဖြစ်သကဲ့သို့ မိမိချစ်အပ်သူ၏ သေမည့်အရေးကို တွေးနေလျှင်(သတိရနေလျှင်) ဝမ်းနည်းမှု သောက ဖြစ်တတ်၏၊ မိမိမုန်းအပ်သူ၏ သေမည့်အရေးကို တွေး သောအခါ ဝမ်းသာအားရ ဖြစ်တတ်၏၊ မချစ်အပ် မမုန်းအပ် (အလယ် အလတ်)သူ၏ သေမည့်အရေးကို သတိရသောအခါ သံဝေဂမရဘဲ အမှတ်တမဲ့ဖြစ်တတ်၏၊ ဥပမာ-သင်းချိုင်းစောင့် သူသေကောင်ဖုတ်သူတို့၏ သူသေကောင်ကိုမြင်ရာ၌ သံဝေဂမဖြစ် သကဲ့သို့တည်း။ မိမိ သေမည့်အရေးကို အမှတ်ရနေရာ၌ ကြောက် ရွံ့ထိတ်လန့်မှု ဒေါမနဿဖြစ်တတ်၏၊ ထို့ကြောင့် ပုဂ္ဂိုလ်နှင့်တွဲ၍ သေခြင်းကို သတိထားမှုကို "ယောနိသော မနသိကာရ(သင့်တော် သော နှလုံးသွင်းမှု)"ဟုမဆိုနိုင်၊ ထိုသို့နှလုံးသွင်းခြင်း၌ ဉာဏ်နှင့် ယှဉ်သော သတိလည်းမဖြစ်, သံဝေဂလည်း မဖြစ်ပါ။

http://www.dhammadownload.com



ထို့ကြောင့် ထိုထိုအရပ်၌ သတိထားအပ်သောသတ္တဝါ, သေနေသော သတ္တဝါတို့ကို ကြည့်၍ဖြစ်စေ တွေ့မြင်အပ်ဖူးသော စည်းစိမ်ရှင်တို့၏ သေကြပုံကို ဆင်ခြင်၍ဖြစ်စေ သတိကိုလည်းကောင်း, ထိတ်လန့်မှုသံဝေဂကိုလည်းကောင်း, ဉာဏ်ကိုလည်းကောင်းဖြစ်စေ၍ "သေရခြင်း ဖြစ်လိမ့်ဦးမည်" စသည်ဖြင့် နှလုံးသွင်းမှုကို ပြုစေထိုက်၏။

**ပြည့်စုံမှု, ပျက်စီးမှု** လောက၌ ပြည့်စုံမှု စည်းစိမ်ဟူသမျှသည် ပျက်စီးမှု ဝိပတ္တိသာအဆုံးရှိ၏။ အနာကင်းခြင်းသည် (တကင်းထဲကင်း၍မနေ) အနာရောဂါဖြစ်ခြင်းသာ အဆုံးရှိ၏၊ နောက်ဆုံးသေခါနီးမှာ မည်သူမဆို ရောဂါဖြစ်၏၊ အရွယ်ပျိုခြင်းသည် (တပျိုထဲပျို၍ မနေ)အိုခြင်းသာ အဆုံးရှိ၏၊ အသက်ရှင်ခြင်းသည်လည်း (တရှင်ထဲရှင်၍မနေ) သေခြင်းသာ အဆုံးရှိ၏၊ ဤသို့လျှင် "သမ္ပတ္တိ ဟူသမျှသည် ဝိပတ္တိသာ အဆုံးရှိ၏" ဟု နှလုံးသွင်းမှုသည် သမ္ပတ္တိ ဝိပတ္တိအားဖြင့် မရဏကို အမှတ်ရနေခြင်းတည်း။

**အားလုံးသေရ** အခြွေအရံများကြသော ရှင်ဘုရင်တို့၏အပေါ်၌သော်မှ ဤသေခြင်းသဘောသည် ကျရောက်သေး၏၊ ထိုမျှလောက်အခြွေအရံမရှိသော ငါ၏အပေါ်မှာ အိုဖွယ်ရာမရှိ၊ ကေန်ကျရောက်မည်သာ၊ ဤသို့စသည်ဖြင့် ပုညမဟတ္တ (ဘုန်းကံကြီးသော ဇောတိက စသောသူဌေး), ထာမမဟတ္တ (အားကောင်းသောစစ်သူကြီးများ), ဣဒ္ဓိမဟတ္တ (တန်ခိုးကြီးတော်မူသော အရှင်မဟာမောဂ္ဂလ္လာန်), ပညာမဟတ္တ (ပညာကြီးတော်မူသော အရှင်သာရိပုတ္တရာ), ပစ္စေကဗုဒ္ဓါ, သမ္မာသမ္ဗုဒ္ဓ အားဖြင့်လည်း မိမိကိုယ်ကပ်ဆောင်၍ သေခြင်းကိုနှလုံးသွင်းရသည်။

http://www.dhammadownload.com



**ဘေးရန်များ** ဤကိုယ်၏ အတွင်း၀ယ် ရှစ်ဆယ်သောပိုး အမျိုးအစားတွေရှိ၏၊ အရေပါးမှီသော ပိုးတွေက အရေပါးကို စားကြ၏၊ အရေထူကိုမှီသော ပိုးတွေက အရေထူကိုစားကြ၏၊ ထို့အတူ အသား, အကြော, အရိုး, ရိုးတွင်းခြင်ဆီကိုမှီသော ပိုးတို့ကလည်း မိမိတို့မှီရာကို ခဲစားကြ၏၊ ထိုပိုးတို့ကြောင့်လည်း ဤကိုယ်သည် သေနိုင်၏၊ အပြင်ကလည်း ရောဂါများစွာ ကျရောက်နိုင်, ကူးစက်နိုင်၏၊ ထိုရောဂါတို့ကြောင့် လည်း သေနိုင်၏၊ မြွေ, ကင်း စသော သတ္တဝါတို့ကြောင့်လည်း သေနိုင်၏၊ ဤသို့ ကိုယ်ကာယ၏ ဘေးရန်အများတို့နှင့် ဆက်ဆံနေပုံကို ဆင်ခြင်သောအားဖြင့်လည်း မရဏကို သတိရနိုင်သည်။

**အသက်အားနည်း** အသက်ဟု ခေါ်အပ်သော ဤဇီဝိတသည် အလွန်အားနည်း၏၊ ထွက်သက်-ဝင်သက်နှင့် စပ်၏၊ ထွက်သက်က ပြန်မဝင်နိုင်လျှင်လည်းကောင်း, ဝင်သက်က ပြန်မထွက်နိုင်လျှင်လည်းကောင်း သေတော့၏၊ ဣရိယာပုထ်လေးပါးနှင့်လည်းစပ်၏၊ ဣရိယာပုထ်တစ်ပါးပါး ပျက်လျှင်(မသွားနိုင်လျှင်, မထိုင်နိုင်လျှင် စသည်ကြောင့်) သေရ၏၊ အအေး, အပူ ဥတုနှင့်လည်းစပ်၏၊ အအေးလွန်လျှင်ဖြစ်စေ, အပူလွန်လျှင်ဖြစ်စေ သေနိုင်၏၊ မဟာဘုတ်လေးပါးနှင့်လည်းစပ်၏၊ မဟာဘုတ်တစ်ပါးပါးလွန်လျှင် သေနိုင်၏၊ အာဟာရနှင့်လည်းစပ်၏၊ အာဟာရ မစားရ၍ လည်းကောင်း, အာဟာရလွန်သွားလျှင် လည်းကောင်း, မသင့်သောအာဟာရကို စားမိလျှင်လည်းကောင်း သေနိုင်၏၊ ဤသို့အသက်၏ အားနည်းပုံကို ဆင်ခြင်၍လည်း မရဏကို နှလုံးသွင်းရသည်။ ["အပ္ပမာယု မနုဿာနံ"စသောဂါထာကို ဤ၌ရွတ်ပါ။]

http://www.dhammadownload.com



**အပိုင်းအခြားမရှိ** အပိုင်းအခြား အမှတ်အသား၏ မရှိခြင်းကို "အနိမိတ္တ" ဟုခေါ်၏၊ "အသက်မည်မျှရှိမှ သေလိမ့်မည်"ဟု ဇီဝိတ=အပိုင်းအခြား, "မည်သည့်အနာရောဂါဖြင့် သေလိမ့်မည်"ဟု ဗျာဓိ=အပိုင်းအခြား, "မည်သည့်အချိန်ကာလ၌ သေလိမ့်မည်"ဟု ကာလ=အပိုင်းအခြား, "မည်သည့်နေရာ၌ အလောင်းကို ချရလိမ့်မည်"ဟု အလောင်းချရာ ဌာန=အပိုင်းအခြား, "သေပြီးသောအခါ မည်သည့်ဂတိ ရောက်လိမ့်မည်"ဟု ဂတိအပိုင်းအခြား။ ဤအပိုင်းအခြား အမှတ်အသားငါးမျိုးလုံး မရှိခြင်းကို ဆင်ခြင်သော အားဖြင့်လည်း သေခြင်းကို နှလုံးသွင်းရသည်။ [ဤနေရာ၌ယ် ရှေ့၌ပြခဲ့သည့် "အဇ္ဇေဝ ကိစ္စံ အာတပ္ပံ" စသောဂါထာကို ရွတ်ပါ။]

**အနှစ်တစ်ရာ အလွန်ဆုံး** အသက်ရှည်ရာ ကာလအပိုင်းအခြားကို "အဒ္ဓါနပရိစ္ဆေဒ"ဟုခေါ်၏၊ ယခုခေတ်၌ လူတို့၏ အသက်ရှည်ရာကာလသည် ကံအထူးမပါလျှင် အနှစ်တစ်ရာသည် အလွန်ဆုံးတည်း၊ ကံအထူးပါစေကာမူ တစ်ရာထက် အနည်းငယ်သာလွန်နိုင်၏၊ နှစ်ရာသို့ကား မရောက်နိုင်ဟု မိန့်တော်မူ၏၊ ထို့ကြောင့် မိမိ၏အလွန်ဆုံး အသက်ကိုပင် ဆင်ခြင်ကာ မရဏကို အောက်မေ့နိုင်ပါသည်။ [ဤနေရာ၌ "အပ္ပေါ ဝဿသတံ" စသော ဂါထာကို ရွတ်ပါ။]

**ဝိပဿနာ** ဝိ=အနိစ္စဟုလည်းကောင်း, ဒုက္ခဟုလည်းကောင်း, အနတ္တဟုလည်းကောင်း အထူးထူး အပြားပြား+

http://www.dhammadownload.com



ပဿနာ=ရှုတတ်သောဉာဏ်၊ မဟာကုသိုလ်၌ ယှဉ်သောဉာဏ် တည်း။ ထို ဝိပဿနာဉာဏ်ကို မိမိစိတ်အစဉ်၌ တိုးပွားစေခြင်း(တိုး ပွားအောင် အားထုတ်ခြင်း)ကို "ဝိပဿနာဘာဝနာ"ဟု ခေါ်သည်။

**အခြေခံ** ထို ဝိပဿနာဘာဝနာကို အားထုတ်လိုသော ယောဂီ ပုဂ္ဂိုလ်သည် သီလနှင့် သမာဓိကို အခြေခံ၍ ပြုရ၏။ သီလမစင်ကြယ်လျှင် သမာဓိမရလျှင် ဝိပဿနာဉာဏ်အစစ် မဖြစ် နိုင်၊ သီလစင်ကြယ်လျှင်ကား ဝိပ္ပဋိသာရ(စိတ်နှလုံး မသာယာမှု) မဖြစ်တော့ဘဲ စိတ်သည် ရွှင်လန်း၏၊ စိတ်ရွှင်လန်းလျှင် အနည်း ငယ်နှစ်သက်မှု နုသောပီတိဟူသော ပါမောဇ္ဇဖြစ်၏၊ ထို နုသော ပီတိဖြစ်လျှင် တစ်ဖြည်းဖြည်းရင့်ကာ အားရှိသော ပီတိဖြစ်၏၊ ထို ပီတိဖြစ်လျှင် ကိုယ် စိတ်နှစ်ပါးလုံးအေးငြိမ်းမှု ပဿဒ္ဓိ, လဟုတာ, မုဒုတာ, ကမ္မညတာတို့ ဖြစ်ကြ၏။

ထိုသို့ ပဿဒ္ဓိစသည်ဖြစ်လျှင် ကိုယ် စိတ်နှစ်ဖြာ ချမ်းသာမှုသုခ ဖြစ်၏၊ ထိုသို့ သုခဖြစ်မှသာ ကောင်းသောအာရုံ၌ စိတ်တည်ကြည် ၍ သမာဓိရနိုင်၏၊ ထိုသို့သမာဓိရမှသာ ဝိပဿနာဖြစ်နိုင်သည်။

စတုရာရက္ခနှင့်စပ်၍ မှတ်ဖွယ် ပြီးပြီ။

http://www.dhammadownload.com



## ဝမ်းရောဂါနှင့် စပ်၍
## သံဃာတော်များ၏ ညွှန်ကြားချက်

က။ "ဝမ်းရောဂါ"ဆိုသည်မှာ မိုးပေါ်က ကျလာသောရောဂါ မဟုတ်ပါ။ ဥတုပူပြင်းသောအခါ, မိုးကာအေးလောက် အောင်မရွာသောအခါဝယ် လူတို့က အစားအသောက် ကို သင့်တင့်အောင် မစားမသောက်တတ်သောကြောင့် ဤရောဂါ ဖြစ်နိုင်ပါသည်။

ခ။ ထို့ပြင် စွန့်ထားသော ကျင်ကြီးကို အုံသောယင်ကောင် ၏ ထိုကျင်ကြီး၌ ပါနေသော ရောဂါပိုးများကို သယ်ယူ လာသဖြင့် ကူးစက်နိုင်သော ရောဂါ ဖြစ်ပါသည်။

ဂ။ ထိုရောဂါသည် မူလက အားနည်းနေသော လူကြီးများ, ကလေးများ၌ သာ၍ ကူးစက်လွယ်ပါသည်။

ဃ။ ထို ရောဂါဖြစ်လာသောအခါ မကောင်းဆိုးဝါးတို့လည်း နှောင့်ယှက်လာတတ်ပါသည်၊ ထို မကောင်းဆိုးဝါးတို့ သည် ပင်ကိုယ်က စိတ်အားငယ်သူ, ကြောက်ရွံ့နေသူ တို့ကို သာ၍ နှောင့်ယှက်နိုင်ပါသည်၊ သတ္တိရှိရှိနှင့် ခွန် အားပြည့်သူများကို အနားသို့မျှ မကပ်ဝံ့ပါ။

င။ ယခု ရွတ်ဆိုအပ်ပြီးသော ပရိတ်တော်သည် ပင်ကိုယ် အားဖြင့် တန်ခိုးကြီးမားသော်လည်း ရွတ်ဆိုသောပုဂ္ဂိုလ် ၏ ယုံကြည်မှု, ဝီသမှု, နာယူသော ပုဂ္ဂိုလ်များ၏ ယုံ ကြည်မှု, အားကိုးမှုကို လိုက်၍ တန်ခိုး ထက်–မထက် ကွဲပြားနိုင်ပါသည်။

http://www.dhammadownload.com



စ။ ထို့ကြောင့် ပရိတ်သက်သက်ကိုသာ အားကိုးဘဲ မိမိတို့ ယုံကြည်မှုနှင့် ရွတ်ဆိုသော ပုဂ္ဂိုလ်များ၏ သီလ, သိက္ခာ, မေတ္တာ, ကရုဏာကြီးမား-မကြီးမားမှုတို့ကို လည်း စဉ်းစားရပါသည်၊ ထို့ကြောင့်-

၁။ ထို မေတ္တာ, ကရုဏာတို့ သန့်ရှင်းသည့်ထက် သန့်ရှင်းဖို့ အလှူဒါနကို လုံးဝ မပြုကြပါနှင့်၊ မိမိတို့ ယုံကြည်မှု သဒ္ဓါတရားကိုသာ အားပြုကြပါ။

(အလှူဒါန ပါလာလျှင် ထိုအလှူဒါနကို သာယာ မက်မောသော လောဘဇောက ပရိတ်တော်၏ သတ္တိတို့ကို ယုတ်လျော့စေနိုင်ပါသည်။)

၂။ (၁၀) ရက်အတွင်း၌ ငါးပါးသီလကို အထူးသန့်ရှင်း အောင် ထိန်းကြပါ။ (သီလ၏တန်ခိုးကို သိသောအခါ ဆက်လက်၍ ထိန်းချင်လာပါလိမ့်မည်။)

၃။ အားအင်မလျော့ရအောင် သကြံန်အတွင်းလို သဘော ထား၍ ကိုယ်သွေးထုတ်မှုကို အထူးရှောင်ကြပါ။

၄။ အ အိပ်မပျက်အောင် ပွဲသဘင်များကို ရှောင်နိုင်သမျှ ရှောင်ကြပါ။

၅။ မသန့်ရှင်းသော အစာ(ယင်အုံသော အစာ)နှင့် အအေး လွန်သော အစာတို့ကို ရှောင်ကြပါ။

၆။ တစ်ညလုံး လေတိုက်ခံ၍ မအိပ်ပါနှင့်, သင့်တော်ရုံ လေခံပါ၊ အထိုက်အလျောက် ချွေးရပါစေ။

http://www.dhammadownload.com



၇။ သားစိမ်း၊ ငါးစိမ်း၊ သားကြီး၊ ငါးကြီးများကို ရှောင်ပါ။ (ထို အညှီ အနံ့များကို မကောင်းဆိုးဝါးတို့က အလွန် ကြိုက်ပါသည်။)

၈။ အိမ်၏ အတွင်း-အပြင်ကိုလည်းကောင်း၊ မိမိ၏ကိုယ်နှင့် အဝတ်တို့ကိုလည်းကောင်း သန့်ရှင်းအောင် အထူး ဂရုစိုက်ပါ။

၉။ မြန်မာ သမားတော်တို့၏ ညွှန်ကြားချက်များနှင့်တကွ မြို့နယ်ဆရာဝန်၏ အောက်ပါ ညွှန်ကြားချက်များကို လည်းအတတ်နိုင်ဆုံး လိုက်နာပါ။

၁၀။ နောက်နောက် ညဉ့်များ၌ ပတ်ဝန်းကျင်ရွာများ တိုင် အောင် ရှစ်နာရီမှ စ၍ မိမိတို့ ရပ်ကွက်အသီးသီးသို့ ပရိတ်နာဖို့ရန် ပင့်နိုင်ပါသည်။

အမှာ။ ။ အလှူဒါန လုံးလုံးမပါရ၊ အစိတ် သုံးဆယ်ခန့် ထက် မနည်းသော သံဃာများကို အသွား အပြန် မပင်ပန်းရအောင် နီးသည်ဖြစ်စေ၊ ဝေးသည်ဖြစ်စေ၊ ကာသွားနိုင်သော နေရာအထိ ကားဖြင့်ပင့်ပါ။ သံဃာ တစ်ရာကျော်လောက်ကို မျှရမည်ဖြစ်၍ တစ်ညဉ့် တည်းဖြင့် ရပ်ကွက်အားလုံး မနိုင်ပါ၊ သို့ဖြစ်၍ မဲချ သင့်က မဲချပေးကြပါ၊ တစ်ရပ်ကွက်လုံး ပရိတ်တော် ၏ အသံ လွှမ်းသွားအောင် အသံချဲ့စက် ပါနိုင်လျှင် ကောင်းပါသည်။

သံဃာတော်များ ၁၃၃၆.ခုနှစ်၊ ကဆုန်လဆန်း(၅)ရက်။

http://www.dhammadownload.com



## ဝမ်းရောဂါနှင့် စပ်၍
## ဆရာဝန်၏ ညွှန်ကြားချက်

၁။ ဝမ်းနုန်းစာများကို လည်းကောင်း, ယင်ကောင်အုံသည့် အစားအသောက် အဖျော်ယမကာများကိုလည်းကောင်း ရှောင်ကြရန်နှင့် ရေကို ကျိုချက်သောက်ရန်။

၂။ ယင်ကောင်များကို ဖယ်ရှားရန်။

၃။ လက်များကို အစာ မစားမီ ဆပ်ပြာနှင့် ပွတ်တိုက် ဆေးကြောရန်။

၄။ မစင်များကို ယင်ကောင်မအုံသည့် နည်းဖြင့် ရှင်းလင်းရန်။

၅။ ဝမ်းရောဂါရှိသော လူနာများနှင့် လည်းကောင်းတို့၏ မစင်များ, အန်ဖတ်များကို ကိုင်မိပါက လက်များကို ဆပ်ပြာနှင့် အကြိမ်များစွာ ဆေးကြောသုတ်သင်ရန်။

မြို့နယ်ဆရာဝန်

http://www.dhammadownload.com



# ပရိတ်အချီ

"ပရိတ္တ–ပရိတ်"ဆိုတာ ပါဠိစကား ဖြစ်တယ်၊ ဘေးရန်ရှိလာလို့ရှိလျှင် အဲဒီဘေးရန်ကို ပျောက်ကင်းသွားအောင် စောင့်ရှောက်မယ်၊ ဘေးရန်မပေါ်သေးလို့ရှိလျှင် မပေါ်လာအောင် စောင့်ရှောက်ကာကွယ်ထားမယ်၊ အဲဒီ အဓိပ္ပာယ်မျိုးကို "ပရိတ်" လို့ခေါ်တယ်၊ ဒီတော့ ပရိတ်ရွတ်တိုင်းတဲ့ ဘေးရန်တွေ ပျောက်သွားရော့လား ဆိုတော့… …

ပရိတ်နာသူအင်္ဂါ

ကမ္မံ စေဝ ကိလေသော စ,
အသဒ္ဒဟာနာ စာ·တိမေ·
သစေ အတ္ထိ သုဏန္တမှိ,
ပရိတ္တံ တံ န ရက္ခတိ။

ပရိတ်နာတဲ့သူက(ပရိတ်အစောင့်အရှောက်ကို လိုချင်တဲ့သူက).

၁။ ကံကြီးထိုက်နေတယ်၊ ဥပမာ–မိဘကို သတ်ဖူးတယ်, ရဟန္တာကို သတ်ဖူးတယ်, အဲဒီလိုပေါ့လေ ကြီးကျယ်တဲ့ ကံကြီး ထိုက်နေလျှင် အဲဒီသူကို ပရိတ်က မစောင့်ရှောက်ဘူး၊

၂။ ပြီးတော့ ပရိတ်နာတဲ့သူက–မိစ္ဆာဒိဋ္ဌိအယူ ရှိနေတယ်, အဲဒီလို ဖြစ်နေပြန်လျှင်လဲဘဲ ပရိတ်က မစောင့်ရှောက်ဘူး။

http://www.dhammadownload.com



၃။ တစ်ခါ ပရိတ်တော့ နာတော့ နာပါရဲ့၊ ဒါပေမယ့် ပရိတ်ကို သိပ်မယုံဘူး။ အဲဒီလို မယုံလို့ရှိလျှင်လဲ ပရိတ်က အဲဒီသူကို မစောင့်ရှောက်ပါဘူး။

[ဆောင်] ကံ–ကိလေသာ, စင်ကြာလွတ်ကင်း, ယုံကြည်ခြင်း, နာလျှင်း သုံးအင်္ဂါ။

ပရိတ်ရွတ်သူအင်္ဂါ ပါဠိုက္ခရံ အနာသေတွာ,
အတ္တံ ဇာနိယ သာဓုကံ၊
အနုဒ္ဒယံ ကရိတွာန,
ဘဏေ ပရိတ္တ•မုတ္တမံ။

ပရိတ်ရွတ်တဲ့ ပုဂ္ဂိုလ်က...

၁။ ပုဒ်ပါဠိအက္ခရာကို မှန်မှန်ကန်ကန် ရွတ်တတ်ရမယ်။

၂။ ပရိတ်ရဲ့ အနက်အဓိပ္ပါယ်ကို ကောင်းကောင်း နားလည်ရမယ်။

၃။ ပရိတ်နာတဲ့သူ အပေါ်မှာ သနားတဲ့ ကရုဏာစိတ်, အကျိုးလိုလားတဲ့ မေတ္တာစိတ်, အဲဒီလို စိတ်မျိုး ထားရမယ်။

[ဆောင်] ပါဠိမပျက်, အနက်ကိုသိ, မေတ္တာရှိ, ဤသို့ရွတ်အင်္ဂါ။

ဒီတော့ ရွတ်တဲ့ပုဂ္ဂိုလ်ဘက်ကလဲ အကြောင်းအင်္ဂါစုံမှ, နာတဲ့ ပုဂ္ဂိုလ်ဘက်ကလဲ အကြောင်းအင်္ဂါစုံမှ ဒီပရိတ်တော်ဟာ ဆိုင်ရာ အပြစ်တွေကို ကာကွယ်ပြီးတော့ ပေးနိုင်မယ်တဲ့။

http://www.dhammadownload.com



ဒါ့ကြောင့် ပရိတ်ရွတ်တဲ့အခါ ရွတ်တဲ့ပုဂ္ဂိုလ်ရဲ့ အရည်အချင်း, ပုဒ် အက္ခရာ မှန်မှန်ကန်ကန်နဲ့ အနက်အဓိပ္ပါယ် နားလည်လို့, တစ်ခါ အနက်အဓိပ္ပါယ် နားလည်တဲ့အပြင် မေတ္တာနဲ့ ကရုဏာနဲ့ သနားစောင့်ရှောက်လို့ ဒီလိုပုဂ္ဂိုလ်မျိုး ဖြစ်ရမယ်။

ပရိတ်နာတဲ့အခါ နာတဲ့ပုဂ္ဂိုလ်ကလည်း မိမိမှာ အပြစ်ကြီးတွေ မရှိဘူးဆိုလျှင် ယုံယုံကြည်ကြည်နဲ့ နာရမယ်၊ အဲဒီလိုဆိုလို့ရှိလျှင် ဒီပရိတ်တော်က ဘေးရန် အန္တရာယ်ကို စောင့်ရှောက် ကာကွယ် ပါတယ်။

အရှင်ဇနကာဘိဝံသ

၁၃၂၅..ခုနှစ်၊ ကဆုန်လ။

http://www.dhammadownload.com



# အရှင်ဇနကာဘိဝံသ၏
# ပရိတ်ကြီးနိဿယ

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## နတ်ပင့်

၁။ သမန္တာ စက္ကဝါဠေသု, အတြာဂစ္ဆန္တု ဒေဝတာ၊
သဒ္ဓမ္မံ မုနိရာဇဿ, သုဏန္တု သဂ္ဂမောက္ခဒံ။

၁။ သမန္တာ—ရှေ့, နောက် ဝဲ ယာ, ဒိသာရပ်ခွင်, ဤစကြာဝဠာ ပတ်ဝန်းကျင်၌၊ စက္ကဝါဠေသု—စကြာဝဠာ အပေါင်း, တိုက်တစ်သောင်းတို့၌၊ ဝသန္တာ—ကိုယ်စီကိုယ်င, နေထိုင်ကြကုန်သော၊ ဒေဝတာ—တန်ခိုးကြီးမား, နတ် ပြဟ္မာ အများတို့သည်၊ အတြ—ပရိတ်တော်မြတ်, ရွတ်ဖတ်နေကြ, ဤဒေသသို့၊ အာဂစ္ဆန္တု—ညီညာဖြိုဖြို, လာရောက်ကြပါကုန်သော၊ မုနိရာဇဿ—မုနိထွတ်တင်, ဘုရားရှင်၏၊ သဂ္ဂမောက္ခဒံ—နတ်ပြည် နိဗ္ဗာန်, ကျိုးနှစ်တန်ကို, ကောန်ပိုင်ပိုင်, ပေးစွမ်းနိုင်သော၊ သဒ္ဓမ္မံ—ဥပါဒ်အန္တရာယ်, ရန်သွယ်သွယ်ကို, ကာကွယ်ပေးတတ်, ပရိတ်တရားတော်မြတ်ကို၊ သုဏန္တု—အာရုံတစ်ပါး, စိတ်မသွားဘဲ, လေးစားကြည်ဖြူ, နာယူလှည့်ကြပါကုန်လော…။

http://www.dhammadownload.com



၂။ ဓမ္မဿဝနကာလော အယံ ဘဒန္တာ၊
၃။ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
၄။ ယေ သန္တာ သန္တစိတ္တာ, တိသရဏသရဏာ,
ဧတ္ထ လောကန္တရေ ဝါ၊
ဘုမ္မာ·ဘုမ္မာ စ ဒေဝါ, ဂုဏ ဂဏ ဂဟဏာ
ဗျာဝဋာ သဗ္ဗကာလံ၊
ဧတေ အာယန္တု ဒေဝါ, ဝရကနကမယေ,
မေရုရာဇေ ဝသန္တော၊
သန္တော သန္တောသဟေတုံ, မုနိဝရဝစနံ,
သောတု·မဂ္ဂံ သမဂ္ဂါ။

---

၂။ ဘဒ္ဒန္တာ-အို နတ်အများတို့၊ အယံ-ဤအခါသည်ကား။ ဓမ္မဿဝနကာလော-မြတ်ဘုရား၏, တရားဒေသနာ, နာယူရမည့် အခါပေတည်း။

၃။ အရဟတော-တစ်ထောင်ငါးရာ, ကိလေသာတို့မှ, ဝေး ကွာတော်မူသော၊ သမ္မာသမ္ဗုဒ္ဓဿ-ကြွင်းမဲ့ဉဿုံ, အလုံးစုံကို, အကုန်အစင်, သိမြင်တော်မူသော၊ တဿ ဘဂဝတော-မုနိထွတ် တင်, ထို ဘုရားရှင်အား။ နမော-ရှိသေညွတ်ကျိုး, လက်စုံမိုး၍, ရှိခိုး ကန်တော့ပါ၏။

၄။ ဧတ္ထ ဝါ-ဤစကြဝဠာ, ကမ္ဘာလောကသို့လည်းကောင်း။ လောကန္တရေ ဝါ-အခြားသော စကြဝဠာ, ကမ္ဘာလောကသို့လည်း ကောင်း။ ဝသန္တာ-နေကြကုန်သော၊ သန္တာ-သူတော်အစစ်, သမ္မာဒိဋ္ဌိဖြစ်ကြကုန်သော၊ သန္တစိတ္တာ-သူတော်တို့ထုံး, အမြဲသုံး၍,

http://www.dhammadownload.com



၅။ သဗ္ဗေသု စက္ကဝါဠေသု, ယက္ခာ ဒေဝါ စ ဗြဟ္မုနော၊
ယံ အမှေဟိ ကတံ ပုညံ, သဗ္ဗသမ္ပတ္တိသာဓကံ။

---

နှလုံးငြိမ့်ညောင်း, စိတ်ကောင်းစိတ်မြတ်ရှိကြကုန်သော၊ တိသရဏာ သရဏာ–သုံးပါးရတနာ, ကိုးကွယ်ရာရှိကြကုန်သော၊ သဗ္ဗကာလံ–နေ့ရောညဉ့်ပါ, အခါခပ်သိမ်း။ ဂုဏာ ဂဏာ ဂဟာဏာ ဗျာဝဋာ–သီလ သမာဓိ, စရိုဆူဆူ, ဂုဏ်အပေါင်းကိုယူခြင်း၌, အားစိုက်ကြကုန် သော၊ ဘုမ္မာစ–မြေနှင့်ဆက်စပ်, အရပ်ရပ်၌, နေကြသည်လည်း ဖြစ်ကုန်သော၊ အဘုမ္မာစ–မြေနှင့်မစပ်, ကောင်းကင်ရပ်၌, နေထိုင် ကြသည်လည်း ဖြစ်ကုန်သော၊ ယေ ဒေဝါစ–အကြင်နတ် ဗြဟ္မာ တို့သည်လည်းကောင်း။ ဝရကနကမယေ–ကောင်းမြတ်သော ရွှေစင် အတိပြီးသော၊ မေရုရာဇေ–မြင့်မိုရ်တောင်မင်း၌၊ ဝသန္တော–နေသော၊ သန္တော–အရိယာနွယ်ဝင်, သူတော်စင်ဖြစ်သော၊ ယော ဒေဝေါစ– အကြင်သိကြားမင်းသည် လည်းကောင်း။ သန္တိ–ရှိကြပေကုန်၏၊ တေဒေဝါ–ဤနတ်သိကြားတို့သည်၊ သန္တောသဟေတုံ–သန္တောသ ဟူသော အကြောင်းကြောင့်၊ အဂ္ဂ–မြတ်လှပေသော၊ မုနိဝရဝစနံ– ဗုဒ္ဓမြတ်စွာ, ဒေသနာခေါ်, တရားတော်ကို၊ သောတုံ–လေးမြတ် ကြည်ဖြူ, နာယူခြင်းငှာ၊ သမဂ္ဂါ–ကိုယ်စိတ်နှစ်ဝ, ညီညွတ်ကြကုန် သည်၊ ဟုတွာ–ဖြစ်၍၊ အာယန္တု–လာကြပါကုန်လော့။

၅။ သဗ္ဗေသု–အလုံးစုံကုန်သော၊ စက္ကဝါဠေသု–စကြဝဠာအ ပေါင်း, တိုက်တစ်သောင်းတို့၌၊ သဗ္ဗေ–ကြွင်းမဲ့ဥဿုံ, အလုံးစုံကုန် သော၊ ယက္ခာစ–ဘီလူးတို့သည်လည်းကောင်း။ ဒေဝါစ–နတ်တို့ သည် လည်းကောင်း။ ဗြဟ္မာနောစ–ဗြဟ္မာတို့သည် လည်းကောင်း။

http://www.dhammadownload.com



၆။ သမ္ဗေ တံ အနုမောဒိတွာ, သမဂ္ဂါ သာသနေ ရတာ၊
ပမာဒရဟိတာ ဟောန္တု, အာရက္ခာသု ဝိသေသတော။
၇။ သာသနဿ စ လောကဿ, ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ၊
သာသနမ္ပိ စ လောကဉ္စ, ဒေဝါ ရက္ခန္တု သဗ္ဗဒါ။

---

အမေ့ဟိ–အကျွန်ုပ်တို့သည်၊ သဗ္ဗသမ္ပတ္တိသာဓကံ–လုံးစုံများစွာ, စည်းစိမ်းချမ်းသာကို ပြီးစေတတ်သော၊ ယံပုညံ–ဒါနသီလ, စသည် ပေါင်းစု, အကြင် ကောင်းမှုကို၊ ကတံ–ပြုအပ်ပြီ။

၆။ တံ ပုညံ–ဒါနသီလ, စသည်ပေါင်းစု, ထိုကောင်းမှုကို၊ အနုမောဒိတွာ–ဝမ်းမြောက်နမော်, သာဓုခေါ်၍၊ သမဂ္ဂါ–ကိုယ်ရော စိတ်ပါ, ကြည်သာရွှင်ပျ, ညီညွတ်ကြကုန်လျက်၊ သာသနေ–ဘုန်း လူဖိနော်, ဘုရား အဆုံးအမတော်၌၊ ရတာ–မွေ့လျော်ပျော်ပိုက်, နှစ်ချိုက်ကြကုန်သည်၊ ဟောန္တု–ဖြစ်ကြပါစေကုန်သတည်း။ ဝိသေ သတော–အထူးအားဖြင့်၊ အာရက္ခာသု–လူသားတို့ဝယ်, ကာကွယ် စောင့်ရှောက်မှုတို့၌၊ ပမာဒရဟိတာ–မေ့လျော့ခြင်းမှ, ကင်းကြ ကုန်သည်၊ ဟောန္တု–ဖြစ်ကြပါစေကုန်သတည်း။

၇။ သာသနဿစ–ဗုဒ္ဓမြတ်စွာ, သာသနာတော်မြတ်ကြီး၏ လည်းကောင်း၊ လောကဿစ–တိုင်းသူပြည်သား, လူအများနှင့်, ကမ္ဘာသူ ကမ္ဘာသား, သတ္တဝါအများ၏လည်းကောင်း၊ ဝုဍ္ဎိ–တိုး တက် ကြီးပွားခြင်းသည်၊ သဗ္ဗဒါ–အခါခပ်သိမ်း၊ ဘဝတု–ဖြစ်ပါစေ သတည်း။ ဒေဝါ–သမ္မာဒေဝအပေါင်း, နတ်ကောင်း နတ်မြတ်တို့ သည်၊ သာသနမ္ပိစ–ဗုဒ္ဓမြတ်စွာ, သာသနာတော်မြတ်ကြီးကိုလည်း ကောင်း၊ လောကဉ္စ–တိုင်းသူပြည်သား, လူအများနှင့်, ကမ္ဘာသူ

http://www.dhammadownload.com



၈။ သန္တိ ဟောန္တု၊ သုခီ သဗ္ဗေ, ပရိဝါရေဟိ အတ္တနော၊
အနီဃာ သုမနာ ဟောန္တု, သဟ သဗ္ဗေဟိ ဉာတိဘိ။

၉။ ရာဇတော ဝါ စောရတော ဝါ, မနုဿတော ဝါ
အမနုဿတော ဝါ, အဂ္ဂိတော ဝါ ဥဒကတော ဝါ,

---

ကမ္ဘာသား, သတ္တဝါအများကိုလည်းကောင်း။ သဗ္ဗဒါ–အခါခပ်သိမ်း။ ရက္ခန္တု–အမြဲမပြတ်, စောင့်ကြပ်ကြပါစေကုန်သတည်း။။

၈။ သဗ္ဗေ–လုံးစုံများစွာ, သတ္တဝါတို့သည်၊ အတ္တနော–မိမိမိမိ၏၊ ပရိဝါရေဟိ–အခြွေအရံတို့နှင့်၊ သန္တိ–အတူတကွ၊ သုခီ–ကိုယ်စိတ်နှစ်ဖြာ, ချမ်းသာခြင်း ရှိကြကုန်သည်၊ ဟောန္တု–စင်စစ် မသွေ, ဖြစ်ကြပါစေကုန်သတည်း။ သဗ္ဗေဟိ–ကြွင်းမဲ့ဥဿုံ, အလုံးစုံကုန်သော၊ ဉာတိဘိ–ဆွေမျိုးသားခြင်းတို့နှင့်၊ သဟ–အတူတကွ၊ အနီဃာ–ဆင်းရဲဒုက္ခ, မရှိကြကုန်သည်၊ သုမနာ–နှစ်သက်ရွှင်လန်း, စိတ်ချမ်းသာကြကုန်သည်၊ ဟောန္တု–စင်စစ် မသွေ, ဖြစ်ကြပါစေကုန်သတည်း။

၉။ ရာဇတောဝါ–မင်းဘေးမှ လည်းကောင်း။ စောရတောဝါ–ခိုးသူဘေးမှ လည်းကောင်း။ မနုဿတောဝါ–လူဆိုးဘေးမှ လည်းကောင်း။ အမနုဿတောဝါ–နတ်ဘီလူးဘေးမှ လည်းကောင်း၊ အဂ္ဂိတောဝါ–မီးဘေးမှ လည်းကောင်း။ ဥဒကတောဝါ–ရေဘေးမှ လည်းကောင်း။ ပိသာစတောဝါ–မြေဘုတ် ဘီလူးဘေးမှ လည်းကောင်း၊ ခါဏုကတောဝါ–သစ်ငုတ်ဘေးမှလည်းကောင်း။ ကဏ္ဍကတောဝါ–ဆူးငြောင့်ဘေးမှ လည်းကောင်း၊ နက္ခတ္တတောဝါ–မကောင်း

http://www.dhammadownload.com



ပိဿာစတော ဝါ ခါဏုကတော ဝါ, ကဏ္ဍကတော ဝါ နက္ခတ္တတော ဝါ, ဇနပဒရောဂတော ဝါ အသဒ္ဓမ္မတော ဝါ, အသဒ္ဒိဋ္ဌိတော ဝါ *အသပ္ပုရိသတော ဝါ, စဏ္ဍ-ဟတ္ထိ-အဿ-မိဂ-ဂေါဏ-ကုက္ကုရ- အဟိ-ဝိစ္ဆိက-မဏိသပ္ပ-ဒီပိ, အစ္ဆ-တရစ္ဆ-သူကရ-မဟိံသ-ယက္ခ-ရက္ခသာဒီဟိ, နာနာဘယတော ဝါ နာနာရောဂတော ဝါ, နာနာဥပဒ္ဒဝတော ဝါ အာရက္ခံ ဂဏှန္တု။

---

သော နက္ခတ်မှလည်းကောင်း၊ ဇနပဒရောဂတောဝါ-ဇနပုဒ်၌ဖြစ်သော ရောဂါဘေးမှလည်းကောင်း၊ အသဒ္ဓမ္မတောဝါ-မသူတော်တို့၏အကျင့်တရားမှလည်းကောင်း၊ အသဒ္ဒိဋ္ဌိတောဝါ-မှားသောအယူမှလည်းကောင်း၊ အသပ္ပုရိသတောဝါ-သူတော်မဟုတ်, သူယုတ်မာဘေးမှလည်းကောင်း၊ စဏ္ဍ-ဟတ္ထိ ၊ပေ၊ ရက္ခသာဒီဟိ-ကြမ်းတမ်းသော ဆင် မြင်း သမင် နွား ခွေး မြွေ ကင်းမြီးကောက် မြွေစိမ်းသစ် ဝံ အောင်း ဝက် ကျွဲ ဘီလူး ရက္ခိုသ် အစရှိသော ဘေးတို့မှလည်းကောင်း၊ နာနာဘယတောဝါ-အမျိုးမျိုးသော ဘေးတို့မှလည်းကောင်း၊ နာနာရောဂတောဝါ-အမျိုးမျိုးသော ရောဂါတို့မှလည်းကောင်း၊ နာနာဥပဒ္ဒဝတောဝါ-အမျိုးမျိုးသော အန္တရာယ်တို့မှ လည်းကောင်း၊ အာရက္ခံ-အစောင့်အရှောက်ကို၊ ဂဏှန္တု-ယူကြပါကုန်လော့။

---

*အသဒ္ဒိဋ္ဌိတောဝါကို ရှုပသိဒ္ဓိ တာသာဋီကာ(၁)၁၀၄..၌ ရှုပါ။

http://www.dhammadownload.com



# ရတနသုတ်ပါဠိ

(၁) ပဏိဓာနတော ပဋ္ဌာယ,
တထာဂတဿ ဒသ ပါရမိယော,
ဒသ ဥပပါရမိယော ဒသ ပရမတ္ထပါရမိယောတိ,
သမတ္တိံသ ပါရမိယော,
ပဉ္စ မဟာပရိစ္စာဂေ,
လောကတ္ထစရိယံ ဉာတတ္ထစရိယံ, ဗုဒ္ဓတ္ထစရိယန္တိ
တိဿော စရိယာယော,
ပစ္ဆိမဘဝေ ဂဗ္ဘဝေါက္ကန္တိံ ဇာတိံ,
အဘိနိက္ခမနံ ပဓာနစရိယံ,
ဗောဓိပလ္လင်္ကေ မာရဝိဇယံ သဗ္ဗညုတဉာဏပ္ပဋိဝေဓံ,
ဓမ္မစက္ကပ္ပဝတ္တနံ နဝ လောကုတ္တရဓမ္မေတိ,
သဗ္ဗေပိမေ ဗုဒ္ဓဂုဏေ အာဝဇ္ဇေတွာ,
ဝေသာလိယာ တီသု ပါကာရန္တရေသု,
တိယာမရတ္တိံ ပရိတ္တံ ကရောန္တော,
အာယသ္မာ အာနန္ဒတ္ထေရော ဝိယ,
ကာရုညစိတ္တံ ဥပဋ္ဌပေတွာ။

(၂) ကောဋိသတသဟဿေသု,
စက္ကဝါဠေသု ဒေဝတာ၊
ယဿာဏံ ပဋိဂ္ဂဏှန္တိ,
ယဉ္စ ဝေသာလိယာ ပုရေ။

http://www.dhammadownload.com



(၃) ရောဂါမနုဿဒုဗ္ဘိက္ခ, သမ္ဘူတံ တိဝိဓံ ဘယံ၊
ခိပ္ပမန္တရဓာပေသိ, ပရိတ္တံ တံ ဘဏာမ ဟေ။

(၄) ယာနီဓ ဘူတာနိ သမာဂတာနိ,
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ၊
သဗ္ဗေဝ ဘူတာ သုမနာ ဘဝန္တု,
အထောပိ သက္ကစ္စ သုဏန္တု ဘာသိတံ။

(၅) တသ္မာ ဟိ ဘူတာ နိသာမေထ သဗ္ဗေ,
မေတ္တံ ကရောထ မာနုသိယာ ပဇာယ၊
ဒိဝါ စ ရတ္တော စ ဟရန္တိ ယေ ဗလိံ,
တသ္မာ ဟိ နေ ရက္ခထ အပ္ပမတ္တာ။

(၆) ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ,
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ၊
န နော သမံ အတ္ထိ တထာဂတေန,
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၇) ခယံ ဝိရာဂံ အမတံ ပဏီတံ,
ယဒဇ္ဈဂါ သကျမုနီ သမာဟိတော၊
န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ,
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

http://www.dhammadownload.com



(၈) ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ,
သမာဓိမာနန္တရိကညမာဟု၊
သမာဓိနာ တေန သမော န ဝိဇ္ဇတိ,
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၉) ယေ ပုဂ္ဂလာ အဋ္ဌ သတံ ပသတ္ထာ,
စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ၊
တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ,
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၁၀) ယေ သုပ္ပယုတ္တာ မနသာ ဒဠှေန,
နိက္ကာမိနော ဂေါတမသာသနမှိ၊
တေ ပတ္တိပတ္တာ အမတံ ဝိဂယှ,
လဒ္ဓါ မုဓာ နိဗ္ဗုတိ ဘုဉ္ဇမာနာ၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၁၁) ယထိန္ဒခီလော ပထဝိဿိတော သိယာ,
စတုဗ္ဘိ ဝါတေဘိ အသမ္ပကမ္ပိယော၊
တထူပမံ သပ္ပုရိသံ ဝဒါမိ,
ယော အရိယသစ္စာနိ အဝေစ္စ ပဿတိ၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၁၂) ယေ အရိယသစ္စာနိ ဝိဘာဝယန္တိ,
ဂမ္ဘီရပညေန သုဒေသိတာနိ၊
ကိဉ္စာပိ တေ ဟောန္တိ ဘုသံ ပမတ္တာ,
န တေ ဘဝံ အဋ္ဌမ•မာဒိယန္တိ၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၁၃) သဟာ•ဝဿ ဒဿနသမ္ပဒါယ,
တယဿု ဓမ္မာ ဇဟိတာ ဘဝန္တိ၊
သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ,
သီလဗ္ဗတံ ဝါပိ ယဒတ္ထိ ကိဉ္စိ။

(၁၄) စတူဟပါယေဟိ စ ဝိပ္ပမုတ္တော,
ဆစ္စာဘိဌာနာနိ အဘဗ္ဗ ကာတုံ၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၁၅) ကိဉ္စာပိ သော ကမ္မကရောတိ ပါပကံ,
ကာယေန ဝါစာ ဥဒ စေတသာ ဝါ၊
အဘဗ္ဗ သော တဿ ပဋိစ္ဆဒါယ,
အဘဗ္ဗတာ ဒိဋ္ဌပဒဿ ဝုတ္တာ၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၁၆) ဝနပ္ပဂုမ္ဗေ ယထဖုဿိတဂ္ဂေ,
ဂိမှာနမာသေ ပဌမသ္မိံ ဂိမှေ၊
တထူပမံ ဓမ္မဝရံ အဒေသယိ,
နိဗ္ဗာနဂါမိံ ပရမံ ဟိတာယ၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၁၇) ဝရော ဝရညူ ဝရဒေါ ဝရာဟရော,
အနုတ္တရော ဓမ္မဝရံ အဒေသယိ၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၁၈) ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ,
ဝိရတ္တစိတ္တာ ယတိကေ ဘဝသ္မိံ၊
တေ ခီဏဗီဇာ အဝိရူဠ္ဟိဆန္ဒာ,
နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

(၁၉) ယာနီဓ ဘူတာနိ သမာဂတာနိ,
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ၊
တထာဂတံ ဒေဝမနုဿပူဇိတံ,
ဗုဒ္ဓံ နမဿာမ သုဝတ္ထိ ဟောတု။

http://www.dhammadownload.com



(၂၀) ယာနီဓ ဘူတာနိ သမာဂတာနိ,
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ၊
တထာဂတံ ဒေဝမနုဿပူဇိတံ,
ဓမ္မံ နမဿာမ သုဝတ္ထိ ဟောတု။

(၂၁) ယာနီဓ ဘူတာနိ သမာဂတာနိ,
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ၊
တထာဂတံ ဒေဝမနုဿပူဇိတံ,
သံဃံ နမဿာမ သုဝတ္ထိ ဟောတု။

ရတနသုတ်ပြီး နိဋ္ဌိတံ။

http://www.dhammadownload.com



# ရတနသုတ်နိဿယ
## ပရိတ်ရွတ်စဉ် ဆင်ခြင်ဖွယ်

၁။ ပဏိဓာနတော–သမ္ဗုဒ္ဓါတာ, ဉာဏ်တော်သာသို့, မှန်စွာရှေးရှု, စိတ်ထားတော်မူရာအခါမှ၊ ပဋ္ဌာယ–စ၍၊ တထာဂတဿ–မြတ်စွာဘုရား၏၊ ဒသ ပါရမိယော–သူသူ ငါငါ, ဖြည့်နိုင်ရာသည့်, ဆယ်ဖြာအညီ, ပါရမီတော်တို့ လည်းကောင်း၊ ဒသ ဥပပါရမိယော–မျက်စိ နား နှာ, အင်္ဂါ ခြေ လက်, ပျက်တန် ပျက်မှု, ဖြည့်ရဆယ်လီ, အလယ်အလတ်ဖြစ်သော ဥပပါရမီတော်တို့ လည်းကောင်း၊ ဒသ ပရမတ္ထပါရမိယော–အသက်ကိုမှု, မငဲ့ရဘဲ, ဖြည့်ရဆယ်လီ, အမြတ်ဆုံးဖြစ်သော ပရမတ္ထပါရမီတော်တို့ လည်းကောင်း၊ ဣတိ–ဤသို့၊ သမတ္တိံသ ပါရမိယော–အမျှသုံးဆယ်, များကျယ်အညီ, ပါရမီတော်တို့ လည်းကောင်း၊ ပဉ္စမဟာပရိစ္စာဂေ–ကြီးကျယ်မြင့်မြတ်, စွန့်လှူအပ်သည့်, ငါးရပ်သီးသီး, စွန့်ခြင်းကြီးတို့ လည်းကောင်း။

လောကတ္ထစရိယံ–တိုင်းသူပြည်သား, သတ္တဝါများ၏, စီးပွားတိုးရန်, ကျင့်ကြံတော်မူခြင်းလည်းကောင်း၊ ဉာတတ္ထစရိယံ–ဆွေသားမျိုးသား, သတ္တဝါများ၏, စီးပွားတိုးရန်, ကျင့်ကြံတော်မူခြင်း လည်းကောင်း၊ ဗုဒ္ဓတ္ထစရိယံ(ဗုဒ္ဓိ+အတ္ထစရိယံ)–သမ္ဗုဒ္ဓဉာဏ်အား, ရအောင်သွားဖို့, စီးပွားတိုးရန်, ကျင့်ကြံတော်မူခြင်း လည်းကောင်း၊ ဣတိ–ဤသို့၊ တိဿော စရိယာယော–ကျင့်ကြံကြီးကုဇာ, အားထုတ်အပ်စွာ, သုံးဖြာသော စရိယာတို့လည်းကောင်း။

http://www.dhammadownload.com



ပဏ္ဍိမဘာဝေ–ပါရမီဟုန်, ညီညီစုံ၍, သိရ်ဂုဏ်ပြည့်ဝ, နောက်ဆုံးဘဝ၌၊ ဂမ္ဘဝါက္ကန္တိ–မယ်တော်မာယာ, ဝမ်းတိုက်သာ၌, ကောင်းစွာပိုင်းအုံ, သန္ဓေတည်ခဲ့ပုံ လည်းကောင်း။ ဇာတိ–မယ်တော်မာယာ, ဝမ်းတိုက်သာမှ, ကောင်းစွာပြည့်စုံ, ဖွားမြင်တော်မူခဲ့ပုံ လည်းကောင်း။ အဘိနိက္ခမနံ–နှစ်ဆယ့်ကိုးဖြောက်, ရွှယ်တော်ရောက်က, နတ်လောက်နီးနီး, စည်းစိမ်ကြီးကို, အပြီးစွန့်ကာ, တောရိပ်သာသို့, စွန့်ခွာတော်မူပုံ လည်းကောင်း။ ပဓာနစရိယံ–အရိုးကြေကြေ, အရေခြောက်ခြောက်, ခြောက်နှစ်လောက်မျှ, မကြောက်မရွံ့, နောက်မတွန့်ဘဲ, သက်စွန့်ကြိုးကုတ်, တရားအားထုတ်တော်မူပုံ လည်းကောင်း။

ဗောဓိပလ္လင်္ကေ–ဘုရားစင်စစ်, မဖြစ်သမျှ, မထမို့ရန်, ဓိဋ္ဌာန်ဖွဲ့ခွေ, ထိုင်နေတော်မူရာ, မဟာဗောဓိပလ္လင်၌၊ မာရဝိဇယံ–ဂိရိမေခလာ, ဆင်စီးကာဖြင့်, ဝဲယာစစ်တပ်, ရံပတ်ခိုင်ဖြိုး, မာရ်နတ်ကြီးကို, ကြိုဆီးမေတ္တာ, ခြံရံကာလျက်, ပါရမီစက်ဟုန်, လက်နက်စုံဖြင့်, အကုန်အစင်, အောင်မြင်တော်မူပုံ လည်းကောင်း။ သဗ္ဗညုတဉာဏပဋိဝေဓံ–အကုန်သိမှန်, သဗ္ဗညာဏ်ကို, ကောန်ပိုင်ပိုင်, ထိုးထွင်း၍သိနိုင်ပုံ လည်းကောင်း။ ဓမ္မစက္ကပ္ပဝတ္တနံ–သဒ္ဒိန္ဓြေစသား, အလွန်များသည့်, တရားစကြာ, ရတနာကို, သတ္တဝါခပင်း, စိတ်အတွင်း၌, ရှင်းစေလင်းစေ, ဖြစ်စေတော်မူပုံ လည်းကောင်း။ နဝ လောကုတ္တရဓမ္မေ–တရားစကြာ, ရတနာကြောင့်, သူ ငါ ထိုထို, အသိပိုသား, မဂ်ဖိုလ်ရှစ်တန်, မြတ်နိဗ္ဗာန်ဟု, ကိုးတန်သောလောကုတ္တရာတရားတို့ လည်းကောင်း။ ဣတိ–ဤသို့၊ သဗ္ဗေပိ–

http://www.dhammadownload.com



ကြွင်းမဲ့ဥဿုံ, အလုံးစုံလည်း ဖြစ်ကုန်သော၊ ဣမေ ဗုဒ္ဓဂုဏာ–ဗုဒ္ဓ မြတ်စွာ, ရတနာ၌, ကောင်းစွာထင်ပေါ်, ဤ ဂုဏ်တော်တို့ကို၊ (ယောဂါဝစရော–ဘာဝနာကမ္မဋ္ဌာန်း, လွန်ကြိုးပမ်းသည့်, ရဟန်း မောင်ရှင်, သူတော်စင်ကောင်း, လူအပေါင်းသည်၊ ဝါ–ပရိတ္တ ဘာဏကော–ပရိတ်တော်မြတ်, ရွတ်ဖတ်မည့်သူ, ရဟန်း ရှင် လူ သည်၊ အာဝဇ္ဇေယျ–ဗုဒ္ဓါနုဿတိ, ဘာဝနာပြည့်အောင်, သတိ မကွာ, ဆင်ခြင်ရာ၏။)

အာဝဇ္ဇေတွာ–စိတ်၌ထင်ထင်, ဆင်ခြင်ပြီး၍ ဝေသာလိယာ–ဝေသာလီခေါ်, နေပြည်တော်၏၊ တိသု ပါကာရန္တရေသု–ရံပတ် ကာထား, တံတိုင်းသုံးထပ်တို့၏ အကြားတို့၌၊ တိယာမရတ္တိံ–ပထမယာမ်မှ, စ၍အဆုံး, ညဥ့်သုံးယာမ်ပတ်လုံး။ ပရိတ္တံ–ဘေး အန္တရာယ်, အကာအကွယ်ကို၊ ကရောန္တော–ရတနသုတ္တာ, ရွတ် ဆိုကာဖြင့်, ကောင်းစွာအားထုတ်, ပြုလုပ်တော်မူသော၊ အာယသ္မာ အာနန္ဒတ္ထေရောဝိယ–အရှင်အာနန္ဒာ မထေရ်မြတ်ကဲ့သို့၊ ကာရုည စိတ္တံ– သတ္တဝါအများ, သနားငဲ့ညှာ, စိတ်ကောင်း စိတ်မြတ် ကို၊ ဥပဋ္ဌပေတွာ–ရှေ့ရှုတည်နေ, ဖြစ်စေပြီး၍ (ဘဏာမ ဟော၌ စပ်ပါ)

အမှာ။ ။ဤ ပဏီတနတော စသော ပါဠိသည် မဓုပဒအဋ္ဌကထာ (ဒု) အတ္တနော ပဗ္ဗကမ္မဝတ္ထု၌လာသော ပါဠိကို အနည်းငယ် ဖြည့်စွက်ထားခြင်းဖြစ်၏။ပရိတ်ရွတ်ဆိုသောပုဂ္ဂိုလ်သည်•••

http://www.dhammadownload.com



၁။ ပရိတ်တော်ကို ဟောတော်မူသော ဘုရားရှင်၏ ဂုဏ်တော်များကို အာရုံပြုပါ။

၂။ ဝေသာလီမြို့၌ ပရိတ် ရွတ်တော်မူဖူးသော အရှင်အာနန္ဒာကဲ့သို့ ကရုဏာစိတ် ထားပါ ဟု ဆိုလိုသည်၊ ထို့ကြောင့် ရတနသုတ်တော်နှင့် သာမက " ပရိတ်တော်အားလုံးနှင့် ဆိုင်သော စကား" ဟု မှတ်ပါ။

၂-၃။ ကောဋိသတသဟဿေသု စက္ကဝါဠေသု-ကုဋေ တွက်ကိန်း, တစ်သိန်းသချာ, စကြဝဠာတို့၌၊ ဝသန္တာ-ကိုယ်စီ ကိုယ်င, နေထိုင်ကြကုန်သော၊ ဒေဝတာ-သမ္မာဒိဋ္ဌိအပေါင်း, နတ်ကောင်းနတ်မြတ်တို့သည်၊ ယဿ(ပရိတ္တဿ)-ရတနာသုံးဝ, ဂုဏ်တော်ပြသဖြင့်, ရတနသုတ်ခေါ်, အကြင် ပရိတ်တော်၏၊ အာဏံ-တန်ခိုးရှိန်ဝါ, အမိန့်အာဏာတော်ကို၊ ပဋိဂ္ဂဏှန္တိ-ဝမ်းမြောက် ရွှင်ပျ, လက်ခံ(ယူ)ကြကုန်၏၊ ယဉ္စ(ပရိတ္တံ)-ရတနာသုံးဝ, ဂုဏ်တော်ပြသဖြင့်, ရတနသုတ်ခေါ်, ယင်းပရိတ်တော်သည်ပင်၊ ဝေသာလိယာ ပုရေ-ဝေသာလီဟု, နာမည်ထင်ပေါ်, နေပြည်တော်၌၊ ရောဂါမနုဿ ဒုဗ္ဘိက္ခသမ္ဘူတံ-ရောဂါကပ်ဘေး, ဘီလူးဘေးနှင့်, စားရေးကပ်တိုက်, လွန်စွာ ဆိုက်၍နေသော၊ တိဝိဓံ ဘယံ-သုံးမျိုးအပြား, လွန်ကြီးမားသော ဘေးကို၊ ခိပ္ပမေဝ-မကြာ မတင်, ဆောလျင်စွာသာလျှင်၊ အန္တရဓာပေသိ-ကွယ်ပျောက်လွတ်ကင်း, သန့်ရှင်းစေခဲ့ဖူးလေပြီ၊ တံ ပရိတ္တံ- ရတနာသုံးဝ, ဂုဏ်တော်ပြသဖြင့်,

http://www.dhammadownload.com



ရတနသုတ်ခေါ်, ထို ပရိတ်တော်ကို၊ ဟေ–အို သူတော်ကောင်းတို့၊ ဘဏာမ–ညီညာဖြဖြ, ရွတ်ဆိုကြကုန်စို့…။

၄။ ဣဓ–ပရိတ်တော်မြွတ်, ရွတ်ဖတ်နေကြ, ဤဒေသ၌၊ ဘုမ္မာနိ–မြေ၌ဆက်စပ်, အရပ်ရပ်၌ဖြစ်ကြကုန်သော၊ ယာနိ ဘူတာနိ ဝါ–စတုမဟာ, ဝတီသာနှင့်, ဆိုင်ရာပေါင်းစပ်, အကြင်နတ်တို့သည်လည်းကောင်း။ အန္တလိက္ခေ–ဟင်းလင်းအပြင်, ထက်ကောင်းကင်၌၊ (နိဗ္ဗတ္တာနိ–ရှေးကံအဟုန်, တန်ခိုးဂုဏ်ကြောင့်, ကုံလုံပြည့်ဝ, ဖြစ်နေကြကုန်သော၊) ယာနိ ဘူတာနိ ဝါ–ယာမာစသော, အကြင်အထက်နတ် အများတို့သည်လည်းကောင်း။ သမာဂတာနိ– ညီညာဖြဖြ, ရောက်လာကြကုန်၏၊ သဗ္ဗေဝ–ဘူမိဌာန, အာကာသ၌, နေကြသုံ, အလုံးစုံသာလျှင်ဖြစ်ကုန်သော၊ တေဘူတာ–စတုမဟာ, ဝတီသာမှ, စ၍တက်သွား, ထို နတ်အများတို့သည်၊ သုမနာ–ဝမ်းမြောက်ရွှင်ပျ, ကောင်းသော စိတ်ရှိကြကုန်သည်၊ ဘဝန္တု–အမြဲမသွေ, ဖြစ်ကြပါစေကုန်သတည်း။ အထောပိ–ထိုမှတစ်ဝ, ပြုလုပ်ရမည့်, ကိစ္စအထူး, ညွှန်ပြဦးအံ့၊ ဘာသိတံ–ဒိဗ္ဗသမ္ပတ္တိ, စသည်ဆက်ဆက်, မဂ်ဖိုလ်တိုင်အောင်, ချမ်းသာကို ဆောင်နိုင်သော တရားတော်ကို၊ သက္ကစ္စ–လေးစားသမှု,ကောင်းစွာပြု၍၊ သုဏန္တု–အာရုံတစ်ပါး, စိတ်မသွားအောင်, နားစိုက်၍ ထောင်ကြကုန်လော…။

၅။ ဘူတာ–အိုနတ်အများတို့…၊ ဟိ(ယသ္မာ)–အကြင်ကြောင့်၊ (တုမှေ–သင်တို့သည် သမာဂတာ–နေရာစည်းစိမ်, ကိုယ့်ရိပ်ငြိမ်ကို, တစ်ချိန်ခဏ, စွန့်၍လာကြကုန်၏၊) တသ္မာ–ထို့ကြောင့်၊

http://www.dhammadownload.com



သဗ္ဗေ–အလုံးစုံကုန်သော၊ (တုမှေ–သင်တို့သည်၊) နိသာမေထ–ရှုးရှုးစိုက်စိုက်, နာယူလိုက်ကြကုန်လော၊ မာနုသိယာပဇာယ–ဘေးအန္တရာယ်, မငြိတွယ်ဖို့, စိတ်ဝယ်လိုလား, လူပုဂ္ဂိုလ်အများ၌၊ မေတ္တံ–ဒုက္ခခပ်သိမ်း, အေးငြိမ်းစေချင်, မေတ္တာရေစင်ကို၊ ကရောထ–ကြည်သာရွှင်လန်း, သွန်းဖြန်းကြကုန်လော...။

ယေ(မနုဿာ)–အကြင်လူတို့သည်၊ ဒိဝါ စ–နေ့အခါ၌လည်းကောင်း၊ ရတ္တော စ–ညဥ့်အခါ၌လည်းကောင်း၊ ဗလိံ–နတ်ရုပ်နတ်နန်း, ဆီမီးပန်းနှင့်, မျှတမ်းဝေကာ, အရာရာ၌, ကောင်းစွာကော်ရော်, ပူဇော်မှုကို၊ ဟရန္တိ–ထိုက်တန်သမျှ, ပို့ဆောင်ကြကုန်၏၊ တသ္မာ–ထို့ကြောင့်၊ နေ(မနုဿေ)–မိမိတို့ကို, လွန်ကြည်ညို၍, မှီခိုအားထား, ကိုးစားကြသူ, ထိုလူတို့ကို၊ အပ္ပမတ္တာ–နှေးနှေးညည, မမေ့ကြကုန်ဘဲ၊ ရက္ခထ–စီးပွားမဲ့များ, ပယ်ခွာထား၍, စီးပွားမြားမြောက်, ကောင်းစွာရောက်အောင်, စောင့်ရှောက်ကြကုန်လော...။

၆။ ယံ ကိဉ္စိ ဝိတ္တံ–လူတို့နေရာ, မြို့ရွာဌာန, ဤလောက၌ လည်းကောင်း၊ ဟုရံ ဝါ–နဂါး ဂဠုန်, ဖုံဖုံနေကြ, ဟို အောက်လောက၌ လည်းကောင်း၊ သဂ္ဂေသု ဝါ–နတ်မြို့ခြောက်လီ, ဗြဟ္မာ့ပြည်တို့၌ လည်းကောင်း၊ ဝိတ္တံ–ပီတိအစွမ်း, ကိုယ်စိတ်လန်း၍, ဝမ်းပန်းကြည်သာ, နှစ်သက်စရာ လည်းဖြစ်ပေထသော၊ ပဏီတံ–လောကီရေးရာ, ရတနာဝယ်, အသာဆုံး အမြတ်ဆုံးလည်းဖြစ်ပေထသော၊ ယံကိဉ္စိ–သက်ရှိသက်မဲ့, ကြွင်းမဲ့ဥဿုံ,အလုံးစုံသော၊ ယံ ရတနံ–ဥစ္စာရှင်တို့, သုံးဆောင်ဖို့လျှင်, နှစ်မြို့ဖွယ်ရာ, အကြင်ရတနာသည်၊ အတ္ထိ–ရှေးကံအလျောက်, ဘုန်းကံထောက်က, ဝမ်းမြောက်ဖွယ်ရာ,

http://www.dhammadownload.com



ထင်ရှားရှိပါပေ၏။ ဝေဠူ–နှစ်သက်ရွှင်လန်း, ပီတိဖြန်းဖွံ့, သိန်းသန်းကုဋေ, အထွေထွေသော ဤရတနာတို့တွင်၊ တထာဂတေန–သုံးလူထွတ်ထား, မြတ်ဘုရားနှင့်၊ သမံ–တန်းတူထား၍, ရှုစားလောက်စွာ, တစ်စုံတစ်ခုသော ရတနာသည်၊ န နော အတ္ထိ(နတ္ထိဝေ)–အကြောင်းကိုကြည့်, အကျိုးကြည့်လည်း, မရှိကေန်, အမှန်ပင် ဖြစ်ပါတော့သတည်း။။

ဣဒမ္ပိဗုဒ္ဓေ–သုံးလူထွတ်ထား, ဤ ငါတို့မြတ်စွာဘုရားသည်လည်း။ ပဏီတံ–လောကီဥစ္စာ, ရတနာထက်, ကဲသာမြတ်မွန်, တုဖက်လွန်သော၊ ရတနံ–ရိုသေလေးမြတ်, ဆည်းကပ်ဖို့ရာ, ရတနာတစ်ဆူ ဖြစ်တော်မူပါပေ၏၊ ဧတေန သစ္စေန–မှန်ကန်လှစွာ, ဤဝစီသစ္စာကြောင့်၊ (ပါဏီနံ–ဘေးရန်ခပ်သိမ်း, အေးငြိမ်းကြလို, များလူဗိုလ်တို့အား။) သုဝတ္ထိ–တင့်တယ်ဖို့ရန်, အတန်တန်ဖြင့်, ဘေးရန်ခပ်သိမ်း, အေးငြိမ်းခြင်းသည်၊ ဟောတု–စင်စစ်မသွေ, ဖြစ်ပါစေသတည်း။။

၇။ (သန္တံ–ဖြစ်ပျက်မစပ်, အငြိမ်းဓာတ်ဖြင့်, မပြတ်ပုံသေ, အေးမြပေထသော၊) ခယံ–ရုပ်နာမ်ဆူဆူ, အပူခပ်သိမ်း, ကုန်ငြိမ်းရာလည်း ဖြစ်ပေထသော၊ ဝိရာဂံ–ရုပ်နာမ်အဆက်, အကုန်ပျက်သဖြင့်, မတပ်မက်ရာလည်း ဖြစ်ပေထသော၊ အမတံ–ဇရာမရဏာ, ရှာမရသဖြင်, ကာလပုံသေ, အမြဲတေလည်း ဖြစ်ပေထသော၊ ပဏီတံ–အရသာရှိ, ဘောဇဉ်၏သို့, သိမ်မွေ့ဖွယ်, မွန်မြတ်ပေထသော၊ ယံ(ဓမ္မံ)–အသခ်တ, နိဗ္ဗာနဓာတ်, အကြင်တရားတော်မြတ်ကို၊ သမာဟိတော–ဘာဝနာကမ္မဋ္ဌာန်း, လွန်ကြိုးပန်းသဖြင့်, စိတ်စွမ်း

http://www.dhammadownload.com



တည်ဘိ, သမာဓိရှိတော်မူသော၊ သကျမုနိ–သာကီနွယ်ဖွား, ငါတို့ဘုရားသည်၊ အဋ္ဌင်္ဂါ–ဗောဓိအောင်မြေ, ပလ္လင်ဗွေ၌, လေးထွေသစ္စာ, သိသောခါဝယ်, ကောင်းစွာလှလှ, ရတော်မူခဲ့ပေပြီ။

တေန ဓမ္မေန–အသင်္ခတ, နိဗ္ဗာနဓာတ်, ထိုတရားတော်မြတ်နှင့်၊ သမံ–တန်းတူထား၍, ရှုစားလောက်သော၊ ကိဉ္စိ–တစ်မျိုးတစ်ဖြာ, ရတနာသည်၊ န အတ္ထိ–လူ့ဘုံနတ်ရောက်, အကုန်ပေါက်အောင်, မွှေနှောက်ရှာဖွေ, မရှိတော့ချေ။ ဣဒမ္ပိ ဓမ္မေ–အသင်္ခတ, နိဗ္ဗာနဓာတ်, ဤ တရားတော်မြတ် သည်လည်း၊ ပဏီတံ–လောကီလောကုတ္တရာ, အဖြာဖြာထက်, ကဲသာမြတ်မွန်, တုဖက်လွန်သော၊ ရတနံ–ရှိသေလေးမြတ်, ဆည်းကပ်ဖို့ရာ, ရတနာတစ်ဆူ, ဖြစ်တော်မူပါပေ၏။ ဧတေနသစ္စေန–မှန်ကန်လှစွာ, ဤဝစီသစ္စာကြောင့်၊ (ပါဏီနံ–ဘေးရန်ခပ်သိမ်း, အေးငြိမ်းကြလို, များလူဗိုလ်တို့အား၊) သုဝတ္ထိ–တင့်တယ်ဖို့ရန်, အတန်တန်ဖြင့်, ဘေးရန်ခပ်သိမ်း, အေးငြိမ်းခြင်းသည်၊ ဟောတု–စင်စစ်မသွေ, ဖြစ်ပါစေသတည်း။

၅။ ဗုဒ္ဓသေဋ္ဌော–သဗ္ဗညုတာ, ဉာဏ်ပညာဖြင့်, လွန်စွာထင်ရှား, မြတ်ဘုရားသည်၊ ယံ(သမာဓိ)–သောတာပတ္တိ, စသည်ဆင့်တက်, လေးချက်အပြား, အကြင် သမာဓိတရားကို၊ သုစိံ–မိမိဆိုင်ရာ, ကိလေသာမြူ, ဟူဟူသမျှ, ကင်းပပျောက်ကွယ်, အလွန်စင်ကြယ်သော၊ သမာဓိံ–သမထဝိပဿနာ, ရှေ့သွားပါသဖြင့်, လွန်စွာတည်ဘိ, ထူးခြားသော သမာဓိဟူ၍၊ ပရိဝဏ္ဏယီ–ချဲ့ထွင်ထုတ်ဖော်, ချီးမွမ်းတော်မူခဲ့ပေပြီ၊ ယံ (သမာဓိ)–သောတာပတ္တိ, စသည်

http://www.dhammadownload.com



ဆင့်တက်, လေးချက်အပြား, အကြင် သမာဓိတရားကိုပင်၊ အာနန္တရိကံ–အကျိုးပေးရာ, အခါမငဲ့, အခြားမဲ့ဖိုလ်, အကျိုးကို ပေးစွမ်းနိုင်၏ဟူ၍ အာဟု–ဘုရားစသား, ပုဂ္ဂိုလ်များတို့, မောာ ထားညီတူ, မိန့်မြွက်တော်မူကြကုန်ပြီ။ [ကညမာဟု–ကံ+ယံ+ အာဟု–ဟုပုဒ်ဖြတ်။]

တေန သမာဓိနာ–သောတာပတ္တိ, စသည်ဆင့်တက်, လေးချက် အပြား, ထိုသမာဓိတရားနှင့်၊ သမော–တန်းတူထား၍, ရှုစား လောက်စွာ, တစ်စုံတစ်ရာသော သမာဓိသည်၊ န ဝိဇ္ဇတိ–စင်စစ် ကေန်, အမှန်မရှိချေ။ ဣဒမ္ပိဓမ္မေ–သောတာပတ္တိ, စသည်ဆင့် တက်, လေးချက်အပြား, ဤသမာဓိတရားသည်လည်း၊ ပဏီတံ– သမာဓိရတနာ, အဖြာဖြာထက်, ကဲသာမြတ်မွန်, တုဖက်လွန် သော၊ ရတနံ–ရှိသေလေးမြတ်, ဆည်းကပ်ဖို့ရာ, ရတနာတစ်ဆူ, ဖြစ်တော်မူပါပေ၏၊ ဧတေနသစ္စေန–မှန်ကန်လှစွာ, ဤဝစီသစ္စာ ကြောင့်၊ (ပါဏီနံ–ဘေးရန်ခပ်သိမ်း, အေးငြိမ်းကြလို, များလူဗိုလ် တို့အား၊) သုဝတ္ထိ–တင့်တယ်ဖို့ရန်, အတန်တန်ဖြင့်, ဘေးရန်ခပ် သိမ်း, အေးငြိမ်းခြင်းသည်၊ ဟောတု–စင်စစ်မသွေ, ဖြစ်ပါစေသ တည်း။

http://www.dhammadownload.com



၉။ သတံ ပသတ္ထာ–သူတော်သူမြတ်, အရပ်ရပ်တို့, မပြတ်ထုတ်ဖော်, ချီးမွမ်းတော်မူအပ်ကုန်သော၊ ယေပုဂ္ဂလာ–ပုထုဇ္ဇဉ်နွယ်, အောက်တန်းနယ်မှ, ထက်ဝယ်သို့ရှိ, အကြင်ပုဂ္ဂိုလ်တို့သည်၊ အဋ္ဌ–ကုဋ္ဌေကုဋ္ဌာ, များပြားစွာလည်း, တူရာပေါင်းထား, ရှစ်ပါးတို့သာတည်း၊ တာနိ–အသီးအခြား, ခွဲသောအားဖြင့်, ရှစ်ပါးဟု ဆို, ဤ အရိယာပုဂ္ဂိုလ်တို့သည်၊ စတ္တာရိ ယုဂါနိ–မဂ် ဖိုလ်နှစ်ပါး, အစုံထား၍, လေးပါးသော အစုံတို့သည်၊ ဟောန္တိ–ဖြစ်ကုန်၏။

သုဂတဿ–တင့်တယ်သာညွှင်း, ကြွသွားခြင်း ရှိတော်မူသော မြတ်စွာဘုရား၏၊ သာဝကာ–တရားမွေ့, ဩဝါဒကို, လုံးဝနာယူ, တပည့်ရင်း ဖြစ်တော်မူကြကုန်သော၊ တေ ပုဂ္ဂလာ–အစုံလေးပါး, သီးခြားရှစ်ဖော်, သံဃာတော်အပေါင်း, ထို အရိယာသူတော်ကောင်းတို့သည်၊ ဒက္ခိဏေယျာ–တမလွန်စခန်း, ကြီးပွားလမ်းဖို့, မျှော်မှန်းရည်ရွယ်, ပေးလှူဖွယ်ကို, ရည်ရွယ်သမျှ, အကျိုးရသဖြင့်, တစ်စမချန်, အလှူခံခြင်းငှာလည်း ထိုက်တော်မူပါပေကုန်၏။

ဧတေသု–အစုံလေးပါး, သီးခြားရှစ်ဖော်, သံဃာတော်အပေါင်း, ဤ အရိယာ သူတော်ကောင်းတို့၌၊ ဒိန္နာနိ–ပေးလှူသောအခါ, စေတနာတို့သည်၊ မဟပ္ဖလာနိ–ကြီးကျယ်ဖွံ့ဖြိုး, များမြတ်သော အကျိုးရှိကုန်၏၊ ဣဒမ္ပိသံဃေ–အစုံလေးပါး, သီးခြားရှစ်ဖော်, သံဃာတော်အပေါင်း, ဤ အရိယာ သူတော်ကောင်းသည်လည်း။ ပဏီတံ–အလှူခံပုဂ္ဂိုလ်, များထိုထိုထက်, ပိုမိုမြတ်မွန်, တုဖက်လွန်သော၊ ရတနံ–ရှိသေလေးမြတ်, ဆည်းကပ်ဖို့ရာ, ရတနာတစ်ဆူ,

http://www.dhammadownload.com



ဖြစ်တော်မူပါပေ၏၊ ဧတေန သစ္စေန–မှန်ကန်လှစွာ, ဤဝစီသစ္စာကြောင့်၊ (ပါဏီနံ–ဘေးရန်ခပ်သိမ်း, အေးငြိမ်းကြလို, များလူဗိုလ်တို့အား၊) သုဝတ္ထိ–တင့်တယ်ဖို့ရန်, အတန်တန်ဖြင့်, ဘေးရန်ခပ်သိမ်း, အေးငြိမ်းခြင်းသည်၊ ဟောတု–စင်စစ်မသွေ, ဖြစ်ပါစေသတည်း။

၁၀။ ယေ(ခီဏာသဝါ)–အကြင် အာသဝေါကုန်ခန်း, ရဟန္တာ အရှင်မြတ်တို့သည်၊ ဂေါတမ သာသနမှိ–ဂေါတမမြတ်စွာ, ဤသာသနာတော်၌၊ ဒဠှေန မနသာ–ခိုင်မြဲစွာဘိ, သမာဓိနှင့်ယှဉ်သောစိတ်ဖြင့်၊ သုပ္ပယုတ္တာ–ကိုယ် နှုတ်ဆိုင်ရာ, ပြစ်မပါအောင်, လွန်စွာကြိုးကုတ်, အားထုတ်ခဲ့ကြကုန်သည်၊ (ဟုတွာ–ဖြစ်၍) နိက္ကာမိနော–ကိုယ့်အသက်ပါ, မငဲ့ညှာဘဲ, ပညာ ပဓာန, ဝီရိယဖြင့်, ကိလေသာခပင်း, အားလုံးရှင်း၍, ထွက်မြောက်ခြင်း ရှိကြကုန်ပြီ ။

တေ ခီဏာသဝါ–အာသဝေါကုန်ခန်း, ထိုရဟန္တာ အရှင်မြတ်တို့သည်၊ အမတံ–ဇရာမရဏ, ရှာမရသဖြင့်, ကာလပုံသေ, အမြဲတေဖြစ်သော နိဗ္ဗာန်ကို၊ ဝိဂယှ–အာရုံထင်ပေါက်, ဉာဏ်ဖြင့်ရောက်လျက်၊ မုဓာ–အဖိုးအခ, မပေးရဘဲ၊ လဒ္ဓါ–ကောင်းစွာလှလှ, ရသည်ဖြစ်၍၊ နိဗ္ဗုတိံ–ကိလေသာဟူသမျှ, ငြိမ်းအေးရ၍, အရဟတ္တဖိုလ်, သမာပတ်ချမ်းသာကို၊ ဘုဥ္ဇမာနာ–လိုရာခဏ, မဆိုင်းရဘဲ, အားရရွှင်ကြည်, ခံစားရကုန်သည် ဖြစ်၍၊ ပတ္တိပတ္တာ–ရောက်ထိုက်သလောက်, အရဟတ္တဖိုလ်ပေါက်အောင်, ဆိုက်ရောက်တော်မူကြကုန်ပြီ၊ ဣဒမ္ပိ သံဃေ–အရဟတ္တဖိုလ်ပေါက်, ထိပ်ဆုံးရောက်သည့်, များမြောက်လှစွာ, ဤ ရဟန္တာသံဃာတော် သည်လည်း

http://www.dhammadownload.com



ပဏီတံ–များအရိယာ, သူတော်စွာထက်, ကဲသာမြတ်မွန်, တုဖက်လွန်သော၊ ရတနံ–ရှိသေလေးမြတ်, ဆည်းကပ်ဖို့ရာ, ရတနာတစ်ဆူ, ဖြစ်တော်မူပါပေ၏၊ ဧတေန သစ္စေန–မှန်ကန်လှစွာ, ဤဝစီသစ္စာကြောင့်၊ (ပါဏီနံ–ဘေးရန်ခပ်သိမ်း, အေးငြိမ်းကြလို, များလူဗိုလ်တို့အား၊) သုဝတ္ထိ–တင့်တယ်ဖို့ရန်, အတန်တန်ဖြင့်, ဘေးရန်ခပ်သိမ်း, အေးငြိမ်းခြင်းသည်၊ ဟောတု–စင်စစ်မသွေ, ဖြစ်ပါစေသတည်း။

၁၁။ ပထဝိဿိတော–ရှစ်တောင် ဆယ်တောင်, နက်အောင်ဝင်တည်, မြေ၌မှီသော၊ ဣန္ဒခီလော–မြို့ပေါက်တံခါး, ကောင်းစွာထားဖို့, သစ်သား နှစ်ခိုင်, တံခါးတိုင်ကို၊ စတုဗ္ဘိဝါတေဟိ–အရပ်တကာ, လေးမျက်နှာမှ, လာကြပချေ, မုန်တိုင်းလေတို့သည်၊ အသမ္ပကမ္ပိယော–ထို၌ ယိမ်းယိုင်, မလှုပ်စေနိုင်သည်၊ သိယာ ယထာ–ဖြစ်ရာသကဲ့သို့၊ ယော(သပ္ပုရိသော)–ပုထုဇဉ်နှယ်, အောက်တန်းနယ်မှ, ထက်ဝယ်သို့ပြောင်း, အကြင် သောတာပန်သူတော်ကောင်းသည်၊ အရိယသစ္စာနိ–အရိယာမှန်, ကိုယ်ပိုင်ဉာဏ်ဖြင့်, ကေန်သိအစ်, လေးရပ်သော သစ္စာတို့ကို၊ အဝေစ္စ–ဉာဏ်ဖြင့်ထွင်းဖေါက်, အတွင်းရောက်၍၊ ပဿတိ–သေချာပိုင်ပိုင်, သိမြင်နိုင်၏။

(တံ)သပ္ပုရိသံ–ပုထုဇဉ်နှယ်, အောက်တန်းနယ်မှ, ထက်ဝယ်သို့ပြောင်း, ထို သောတာပန် သူတော်ကောင်းကို၊ တထူပမံ–ကောင်းစွာမြဲနိုင်, ထိုတံခါးတိုင်လျှင် ဥပမာရှိ၏ ဟူ၍၊ (အဟံ–ငါဘုရားသည်၊) ဝဒါမိ–သေချာထုတ်ဖေါ်, မိန့်မြွက်တော်မူ၏၊ ဣဒမ္ပိ သံဃေ–သောတာပန် အရိယာ, ဤ သံဃာတော်အပေါင်းသည်လည်း၊ ပဏီတံ–အောက်တန်းများဖြင်, ပုထုဇဉ်တို့, မယှဉ်နိုင်စွာ,

http://www.dhammadownload.com



ဂုဏ်ခြင်းကွာ၍, ကဲသာမြတ်မွန်, တုဖက်လွန်သော၊ ရတန်-ရှိသေလေးမြတ်, ဆည်းကပ်ဖို့ရာ, ရတနာတစ်ဆူ, ဖြစ်တော်မူပါပေ၏၊ ဧတေန သစ္စေန-မှန်ကန်လှစွာ, ဤ စစီသစ္စာကြောင့်၊ (ပါဏီနံ-ဘေးရန်ခပ်သိမ်း, အေးငြိမ်းကြဂို, များလူဗိုလ်တို့အား၊) သုဝတ္ထိ-တင့်တယ်ဖို့ရန်, အတန်တန်ဖြင့်, ဘေးရန်ခပ်သိမ်း, အေးငြိမ်းခြင်းသည်၊ ဟောတု-စင်စစ်မသွေ, ဖြစ်ပါစေသတည်း။

၁၂။ ဂမ္ဘီရပညေန-နက်နဲစွာဘိ, ဉာဏ်တော်ရှိသည့်, မုနိထွတ်ထား, မြတ်ဘုရားသည်၊ သုဒေသိတာနိ-အကျဉ်း အကျယ်, အသွယ်သွယ်ဖြင့်, ဖွယ်ဖွယ်ရာရာ, ကောင်းစွာ ဟောပြတော်မူအပ်ကုန်သော၊ အရိယသစ္စာနိ-အရိယာမှန်, ကိုယ်ပိုင်ဉာဏ်ဖြင့်, ကေန်သိအပ်, လေးရပ်သော သစ္စာတို့ကို၊ ယေ(သပ္ပုရိသာ)-ပုထုဇဉ်နွယ်, အောက်တန်းနယ်မှ, ထက်ဝယ်သို့ပြောင်း, အကြင် သောတာပန်သူတော်ကောင်းတို့သည်၊ ဝိဘာဝယန္တိ-မိမိသန္တာန်, ပညာဉာဏ်ဖြင့်, မှန်မှန်ပိုင်ပိုင်, ထင်ရှားစေနိုင်ကုန်၏။

တေ(သပ္ပုရိသာ)-လေးရပ်သစ္စာ, ကိုယ့်စိတ်မှာလျှင်, ထင်စွာသိတတ်, ထိုသောတာပန် သူတော်မြတ်တို့သည်၊ ဘုသံ ပမတ္တာ-လူ နတ်ချမ်းသာ, ခံစားကာဖြင့်, လွန်စွာပျော်မွေ့, တရားမေ့ကြကုန်သည်၊ ကိဉ္စာပိ ဟောန္တိ-အကြောင်းတိုက်ဆုံ, အကယ်၍ပင်ဖြစ်စေကုန်ဦးတော့၊ တေ(သပ္ပုရိသာ)-လွန်စွာပျော်မွေ့, တရားမေ့၍, အတွေ့၌ပျော်, ထို သောတာပန် သူတော်ကောင်းတို့သည်၊ အဋ္ဌမံ ဘဝံ-လူနတ်ကာမ, ရှစ်ခုမြောက်ဘဝကို၊ န အာဒိယန္တိ-ထပ်၍တစ်ဖူ, မယူကြတော့ကုန်၊ ဣဒမ္ပိ ဒါယေ-သောတာပန်,

http://www.dhammadownload.com



အရိယာ, ဤ သံဃာတော် အပေါင်းသည်လည်း၊ ပဏီတံ-အောက်တန်းများဖြင့်, ပုထုဇဉ်တို့, မယှဉ်နိုင်စွာ, ဂုဏ်ချင်းကွာ၍, ကဲသာမြတ်မွန်, တုဖက်လွန်သော၊ ရတနံ-ရှိသေလေးမြတ်, ဆည်းကပ်ဖို့ရာ, ရတနာတစ်ဆူ, ဖြစ်တော်မူပါပေ၏၊ ဧတေန သစ္စေန-မှန်ကန်လှစွာ, ဤ ဝစီသစ္စာကြောင့်၊ (ပါဏီနံ-ဘေးရန် ခပ်သိမ်း, အေးငြိမ်းကြလို, များလူဗိုလ်တို့အား၊) သုဝတ္ထိ-တင့်တယ်ဖို့ရန်, အတန်တန်ဖြင့်, ဘေးရန်ခပ်သိမ်း, အေးငြိမ်းခြင်းသည်၊ ဟောတု-စင်စစ်မသွေ, ဖြစ်ပါစေသတည်း။

၁၃။ အဿ-လူ နတ် ကာမ, ခုနစ်ဘဝ၌, ဖြစ်ရဖန်ဖန်, ထိုသောတာပန်ပုဂ္ဂိုလ်သည်၊ ဒဿနသမ္ပဒါယ-နိဗ္ဗာနဓာတ်, တရားမြတ်ကို, တပ်အပ်ထင်လင်း, သောတာပတ္တိမဂ်ဉာဏ်၏ ပြည့်စုံခြင်းနှင့်၊ သဟာဝ-ရှေ့နောက်မဆက်, တစ်ပြိုင်နက်သာလျှင်၊ သက္ကာယဒိဋ္ဌိ-ထင်ရှားရှိတောင်း, ခန္ဓာအပေါင်း၌, အကြောင်းမပြု, လူ့ဗာလတို့, အစွဲစွဲဘိ, သက္ကာယဒိဋ္ဌိကိုလည်းကောင်း။ ဝိစိကိစ္ဆိတဉ္စ-ရတနာသုံးဖြာ, ကျင့်သိက္ခာတည့်, ပုဗ္ဗာပရန္တ, သုံးဌာနနှင့်, ပဋိစ္စသမုပ္ပါဒ်, ဤရှစ်ရပ်၌, ဆုံးဖြတ်ဉာဏ်ကင်း, ယုံမှားခြင်း ဝိစိကိစ္ဆာကိုလည်းကောင်း။ သီလဗ္ဗတံဝါပိ-နွား ခွေး အလေ့, ဆောက်တည်၍လျှင်, မမေ့မှန်စွာ, ကျင့်နိုင်ပါမူ, ကိလေသာစင်, သံသရာစင်ဟု, အမြင်မှားဘိ, သီလဗ္ဗတပရာမာသဒိဋ္ဌိ ကိုလည်းကောင်း။ တယော ဓမ္မာ-အပြစ်ကြီးမား, သုံးပါးသော အကုသိုလ်တရားတို့ကို၊ ဇဟိတာ-ကိုယ့်သန္တာန်တွင်, မပါဝင်အောင်, အစဉ်မပြတ်, ပယ်စွန့်အပ်ပြီးကုန်သည်၊ ဘဝန္တိ-ဖြစ်ကုန်၏၊ ကိဉ္စိ-အပါယ်ရောက်ကြောင်း,

http://www.dhammadownload.com



မကောင်းသိမ်ဖျဉ်း, စိုးစဉ်းအနည်းငယ်သော၊ ယံ (ကိလေသဇာတံ)-ဣဿာ မစ္ဆရိယ, စသည်များဟူ, အကြွင်အလားတူ ကိလေသာသည်၊ အတ္ထိ-ထိုသောတာပန်, သူ့သန္တာန်၌, အမှန်ရှေးက, ရှိခဲ့လှ၏။ (တမ္ပိ ကိလေသဇာတံ-ဣဿာ မစ္ဆရိယ, စသည်များဟူ, ထိုအလားတူ ကိလေသာကိုလည်း။ ဇဟိတံ-ကိုယ့်သန္တာန်တွင်, မပါဝင်အောင်, အစဉ်မပြတ်, ပယ်စွန့်အပ်ပြီးသည့်၊ ဘဝတိ-ဖြစ်၏။)

၁၄။ (သော-နိဗ္ဗာနဓာတ်, တရားမြတ်ကို, တပ်အပ်ထင်ထင်, သိမြင်ပြီးသော ထို သောတာပန်ပုဂ္ဂိုလ်သည်၊) စတူဟိ အပါယေဟိစ-ချမ်းသာကင်းငြား, ဆင်းရဲများသည့်, လေးပါးသော အပါယ်တို့မှလည်း။ ဝိပ္ပမုတ္တော-ပဋိသန္ဓေ, မတည်နေရ, လုံးဝသန့်ရှင်း, လွတ်ကင်းလေပြီ၊ ဆ အဘိဋ္ဌာနာနိစ-အာနန္တရိယ, ကံငါးဝနှင့်, ဗုဒ္ဓပယ်ထား, အခြားဆရာကို ညွှန်ပြခြင်းအားဖြင့်, ခြောက်ပါးသော ဌာနတို့ကိုလည်း။ ကာတုံ-မှားမှားယွင်းယွင်း, ပြုလုပ်ခြင်းငှာ၊ အဘဗ္ဗော-မထိုက်မတန်, မလျော်ကန်တော့၊ ဣဒမ္ပိ သံဃေ-သောတာပန်အရိယာ, ဤ သံဃာတော်အပေါင်းသည်လည်း။ ပဏီတံ-အောက်တန်းများဖြင့်, ပုထုဇဉ်တို့, မယှဉ်နိုင်စွာ, ဂုဏ်ချင်းကွာ၍, ကဲသာမြတ်မွန်, တုဖက်လွန်သော၊ ရတနံ-ရှိသေလေး မြတ်, ဆည်းကပ်ဖို့ရာ, ရတနာတစ်ဆူ, ဖြစ်တော်မူပါပေ၏၊ ဧတေန သစ္စေန-မှန်ကန်လှစွာ, ဤ ဝစီသစ္စာကြောင့်၊ (ပါဏီနံ-ဘေးရန်ခပ်သိမ်း, အေးငြိမ်းကြလို, များလူဗိုလ်တို့အား။) သုဝတ္ထိ-တင့်တယ်

http://www.dhammadownload.com



ဖို့ရန်, အတန်တန်ဖြင့်, သေးရန်ခပ်သိမ်း, အေးငြိမ်းခြင်းသည်၊ ဟောတု–စင်စစ်မသွေ, ဖြစ်ပါစေသတည်း။

၁၅။ သော–နိဗ္ဗာနဓာတ်, တရားမြတ်ကို, တပ်အပ်ထင်ထင်, သိမြင်ပြီးသော ထို သောတာပန်ပုဂ္ဂိုလ်သည်၊ ကာယေန ဝါ–ကိုယ်လက်လှုပ်ရှား, တစ်ပါးပါးသော, ကာယဒွါရဖြင့်သော်လည်းကောင်း၊ ဝါစာ(ဝါစာယ) ဝါ–နှုတ်သာလှုပ်ရှား, တစ်ပါးပါးသော, ဝစီဒွါရဖြင့်သော်လည်းကောင်း။ ဥဒစေတသာ ဝါ–ကိုယ်နှုတ်နှစ်ပါး, မလှုပ်ရှားဘဲ, စိတ်အားတွင်ပြ, မနောဒွါရဖြင့်သော် လည်းကောင်း၊ ပါပကံ–ယုတ်မာဆိုးညစ်, အပြစ်ဖြစ်သော၊ ကမ္မ–ကာယဝစီ, တစ်လီမနော, သုံးပါးသောကံတို့တွင်, တစ်ပါးပါးသောကံကို၊ ကိဉ္စာပိကရောတိ–အသိဉာဏ်ကင်း, မေ့လျော့ခြင်းကြောင့်, ချွတ်ယွင်းသမှု, အကယ်၍ပြုမိပေသေး၏၊ တထာပိ–ထိုသို့ ကိုယ် နှုတ် စိတ်မှု, အနည်းငယ်ပြုမိပါသော်လည်း၊ သော–ထိုသောတာပန် သာဝကသည်၊ တဿ (ပါပကဿ)–ယုတ်မာဆိုးညစ်, ထိုအပြစ်ကို၊ ပဋိစ္ဆာဒါယ–ဒေသနာသဘော, ထုတ်မပြောဘဲ, မနောဖွဲ့ဝယ်, ဖုံးကွယ်၍ထားခြင်းငှာ၊ အဘဗ္ဗော–မထိုက်မတန်, မလျော်ကန်တော့၊ ဒိဋ္ဌပဒဿ–နိဗ္ဗာနဓာတ်, တရားမြတ်ကို, တပ်အပ်ထင်ထင်, သိမြင်ပြီးသော, သောတာပန်ပုဂ္ဂိုလ်၏၊ အဘဗ္ဗတာ–မိမိအပြစ်, မဖွင့်လှစ်ဘဲ, ကောက်ကျစ်သောအား, ဖုံးထားခြင်းငှာ မထိုက်သည်၏အဖြစ်ကို၊ ဝုတ္တာ–ရှင်တော်ဘုရား, ဟောထားတော်မူအပ်ပြီ၊ ဣဒမ္ပိသံဃေ–သောတာပန်

http://www.dhammadownload.com



အရိယာ, ဤ သံဃာတော်အပေါင်း သည်လည်း။ ပဏီတံ–အောက်တန်းများဖြင့်, ပုထုဇဉ်တို့, မယှဉ်နိုင်စွာ, ဂုဏ်ချင်းကွာ၍, ကဲသာမြတ်မွန်, တုဖက်လွန်သော၊ ရတနံ–ရှိသေလေးမြတ်, ဆည်းကပ်ဖို့ရာ, ရတနာတစ်ဆူ, ဖြစ်တော်မူပါပေ၏။ ဧတေန သစ္စေန–မှန်ကန်လှစွာ, ဤ ဝစီသစ္စာကြောင့်၊ (ပါဏီနံ–ဘေးရန် ခပ်သိမ်း, အေးငြိမ်းကြလို, များလူဗိုလ်တို့အား။) သုဝတ္ထိ–တင့်တယ်ဖို့ရန်, အတန်တန်ဖြင့်, ဘေးရန်ခပ်သိမ်း, အေးငြိမ်းခြင်းသည်၊ ဟောတု–စင်စစ်မသွေ, ဖြစ်ပါစေသတည်း။

http://www.dhammadownload.com



*ပထဗျာ ကေရဇ္ဇေန, သဂ္ဂဿ ဂမနေန ဝါ၊
သဗ္ဗလောကာဓိပစ္စေန, သောတာပတ္တိဖလံ ဝရံ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ, ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

*ပထဗျာ–ကမ္ဘာ့ဓမ္မဇင်, မြေတစ်ပြင်လုံး၌၊ ကေရဇ္ဇေနဝါ–တစ်ဦးတည်းအရှင်, ဘုရင်ကေရာဇ်, ဖြစ်ရသည်ထက် လည်းကောင်း၊ သဂ္ဂဿ–စည်းစိမ်ရိပ်မြုံ, ချမ်းသာစုံသည့်, နတ်တို့ဘုံသို့၊ ဂမနေန ဝါ–ကုသိုလ်ဖန်၍, ဗိမာန်အသင့်, ဘုံအသင့်ဖြင့်, ဂုဏ်မြင့်ဖြိုးမောက်, ရောက်ရသည်ထက် လည်းကောင်း၊ သဗ္ဗလောကာဓိပစ္စေနဝါ–တစ်လောကလုံး, သိမ်းကြုံးလွှမ်းမိုး, အုပ်စိုးရသော ဗြဟ္မာမင်းကြီး ဖြစ်ရသည်ထက် လည်းကောင်း၊ သောတာပတ္တိဖလံ–သောတာပတ္တိ, မည်ရှိထူးခြား, ဖိုလ်တရားသည်၊ ဝရံ–ဂုဏ်အရည်ဖြင့်, လောကီစည်းစိမ်, ရိပ်ငြိမ်ချမ်းသာ, များစွာထို့၍, မမှီနိုင်တန်း, အလှမ်းဝေးကွာ, ထူးခြား မြင့်မြတ်လှပါပေသည်တကား၊ ဣဒမ္ပိ ဓမ္မေ–ဤ သောတာပတ္တိ ဖိုလ်တရားသည်လည်း၊ ပဏီတံ–လောကီရတနာ, အဖြာဖြာထက်, ကဲသာမြတ်မွန်, တုဖက်လွန်သော၊ ရတနံ–ရှိသေလေးမြတ်, ဆည်းကပ်ဖို့ရာ, ရတနာတစ်ဆူ, ဖြစ်တော်မူပါပေ၏၊ ဧတေန သစ္စေန–မဖေါက်မပြန်, မှန်ကန်လှစွာ, ဤ ဝစီသစ္စာကြောင့်၊ (ပါဏီနံ–ဘေးရန်ခပ်သိမ်း, အေးငြိမ်းကြလို, များလှူဗိုလ်တို့အား၊) သုဝတ္ထိ–တင့်တယ်ဖို့ရန်, အတန်တန်ဖြင့်, ဘေးရန်ကုန်ရှင်း, အေးငြိမ်းခြင်းသည်၊ ဟောတု–စင်စစ်မသွေ, ဖြစ်ပါစေသတည်း။

(ဤ ဂါထာကို သောတာပတ္တိဖိုလ်တရားအတွက် ကြည်ညို့ဖွယ် ဖြစ်သဖြင့် ဓမ္မပဒမှ ယူ၍ ထည့်သွင်းဖေါ်ပြပါသည်။)

http://www.dhammadownload.com



၁၆ ။ ဂိမှာန်–အပူပြင်းပြ, နွေလေးလတို့တွင်၊ ပဌမသဒ္ဒိဂိမှေ–ရှေးဦးအစ, နွေကာလဖြစ်သော၊ မာသေ–ရင်ခတ်ပန်းတို့, ပွင့်လန်းခါကျူး, လတန်ခူး၌၊ ဖုသိတဂ္ဂေ–ခက်မ ခက်မွှာ, ပွင့်ဝေဆာသဖြင့်, လွန်စွာ ဆန်းတင့်, ပင်လုံးပွင့်သော အဖျားရှိသော၊ ဝနပ္ပဂုမ္ဗေ–တောကြီးမြိုင်လယ်, လွန်တင့်တယ်သား, ပင်ငယ်ပင်လတ်, အထပ်ထပ်လောင်း, သစ်ပင်အပေါင်းသည်၊ (သ သိရိကော ယထာ–ရွှန်းရွှန်းအိအိ, အသရေရှိသကဲ့သို့၊) တထုပမံ–ထိုတောအုပ်ကြီးသဖွယ်, တင့်တယ်လှပ, နက်နဲလှစွာသော၊ နိဗ္ဗာနဂါမိ–တစ်ဆယ့်တစ်သီ ႏ, မီးအဆူဆူ, အပူခပ်သိမ်း, အေးငြိမ်းရာမှန်, အေးနိဗ္ဗာန်သို့, ကေန်ဆတ်ဆတ်, ရောက်စေတတ်သော၊ ဓမ္မဝရံ–သုံးပုံပိဋကတ်, ငါးရပ်နိကာယ်, ကိုးသွယ်အင်္ဂါ, ဓမ္မက္ခန္ဓာဟု, ဒေသနာပေါင်း, ရှစ်သောင်းလေးထောင်သော တရားတော်မြတ်ကို၊ ပရမံ ဟိတာယ–လောကုတ် လောကီ, နှစ်လီတိုးပွား, အမြတ်ဆုံးစည်းပွားအလို့ငှာ၊ (အမှာကံ ဗုဒ္ဓေါ–ငါတို့ဆရာ, မြတ်စွာဘုရားသည်၊) အဒေသယိ–ကရုဏာလှုံ့ဆော်, ရွှေဉာဏ်တော်ဖြင့်, ထုတ်ဖော်ကျူးသီ, ဟောမိန့်တော်မူခဲ့လေပြီ။•••

ဣဒမ္ပိဗုဒ္ဓေ–တောအုပ်ကြီးသဖွယ်, လွန်တင့်တယ်အောင်, သွယ်သွယ်တရား, ဟောဖော်ကြားသည့်, ဘုရားမြတ်စွာ, ဤကိုးကွယ်ရာသည်လည်း။ ပဏီတံ–ပုထုဇဉ် အရိယာ, အဖြာဖြာထက်, ကဲသာမြတ်မွန်, တုဖက်လွန်သော၊ ရတနံ–ရှိသေလေးမြတ်, ဆည်းကပ်ဖို့ရာ, ရတနာတစ်ဆူ, ဖြစ်တော်မူပါပေ၏။ ဧတေန သစ္စေန–မှန်ကန်လှစွာ, ဤ ဝစီသစ္စာကြောင့်၊ (ပါဏိနံ–ဘေးရန်ခပ်သိမ်း, အေးငြိမ်းကြလို, များလှုပိုလ်တို့အား။) သုဝတ္ထိ–တင့်တယ်ဖို့ရန်,

http://www.dhammadownload.com



အတန်တန်ဖြင့်, ဘေးရန်ခပ်သိမ်း, အေးငြိမ်းခြင်းသည်၊ ဟောတု–စင်စစ်မသွေ, ဖြစ်ပါစေသတည်း။။

၁၇။ ဝရော–အဖျားသယခာတ်, မြင့်မြတ်ကြသူ, နတ်နှင့်လူတို့, ကြည်ဖြူလေးမြတ်, တောင့်တအပ်ထသော၊ ဝရညူ–ဗောဓိမဏ္ဍိုင်, ရိပ်သာမြိုင်ဝယ်, ကိုယ်ပိုင်ဉာဏ်ဖြင့်, နိဗ္ဗာန်ကို သိတော်မူပြီးထသော၊ ဝရဒေါ–ပဥ္စဝဂ္ဂီ, စသည်များမြတ်, လူနှင့် နတ်အား, အမြတ်တရားကိုလည်း ပေးတော်မူထသော၊ ဝရာဟရော–ရှေးရှေးဘုရား, အမြဲသွားသည့်, တရားမဂ္ဂင်, မြတ်လမ်းစဉ်ကို, အမျှင်မပြတ်, ဆောင်ပြတော်မူတတ်ထသော၊ အနုတ္တရော–လောကုတ္တရာ, ဂုဏ်အရာဝယ်, အသာအတူ, ရှိတော်မမူသော မြတ်စွာဘုရားသည်၊ ဓမ္မဝရံ–သွာက္ခာတတာ, ဂုဏ်ခြောက်ဖြာနှင့်, ကောင်းစွာပြည့်စုံ, အဖုံဖုံသော တရားတော်မြတ်ကို၊ အဒေသယိ–ကရုဏာလှုံ့ဆော်, ရွှေဉာဏ်တော်ဖြင့်, ထုတ်ဖော်ကျူးသီ, ဟောမိန့်တော်မူခဲ့လေပြီ၊ ဣဒမ္ပိ ဗုဒ္ဓေ–သုံးလူထွတ်ထား, ဤငါတို့မြတ်စွာဘုရားသည်လည်း။ ပဏီတံ–ပုထုဇဉ် အရိယာ, အဖြာဖြာထက်, ကဲသာမြတ်မွန်, တုဖက်လွန်သော၊ ရတနံ–ရှိသေလေးမြတ်, ဆည်းကပ်ဖို့ရာ, ရတနာတစ်ဆူ, ဖြစ်တော်မူပါပေ၏၊ ဧတေန သစ္စေန–မှန်ကန်လှစွာ, ဤ ဝစီသစ္စာကြောင့်၊ (ပါဏီနံ–ဘေးရန်ခပ်သိမ်း, အေးငြိမ်းကြလို, များလူဗိုလ်တို့အား။) သုဝတ္ထိ–တင့်တယ်ဖို့ရန်, အတန်တန်ဖြင့်, ဘေးရန်ခပ်သိမ်း, အေးငြိမ်းခြင်းသည်၊ ဟောတု–စင်စစ်မသွေ, ဖြစ်ပါစေသတည်း။။

http://www.dhammadownload.com



၁၈။ (ယေသံ ဓီရာနံ–အာသဝေါကုန်ခန်း, ရဟန္တာအရှင်, အကြွင်ပညာရှင်တို့၏) ပုရာဏံ–ဘဝါဘဝ, သံသာရက, ပြုခဲ့သမှု, အတန်တန်, အဟောင်းဖြစ်သော ကုသိုလ်ကံ အကုသိုလ်ကံသည်၊ ခီဏံ–အရဟတ္တမဂ်, ဉာဏ်လက်နက်ကြောင့်, အဆက်ပျက်ပြုန်း, ကုန်ဆုံးလေပြီ၊ နဝံ–ရဟန္တာဖြစ်မှ, အသစ်ရသည့်, ပုညကောင်းမှု, အစုစုသည်လည်း၊ နတ္ထိသမ္ဘဝံ–အဝိဇ္ဇာ တဏှာ, အဖေါ်မပါသဖြင့်, နောင်ခါအင်အား, အကျိုးများဖို့, ထင်ရှားမရှိတော့ချေ၊ အာယတိကေ–နောက်နောင်အခါ, ပေါ်လာမည်ဖြစ်သော၊ ဘဝသ္မိံ–ဘဝဖန်ခါ, သံသရာ၌၊ ဝိရတ္တစိတ္တာ–တပ်မက်ခင်မင်, လိုချင်သောစိတ်, မရှိကြတော့ကုန်၊ တေ ဓီရာ–အာသဝေါကုန်ခန်း, ရဟန္တာပုဂ္ဂိုလ်, ထို ပညာရှိတို့သည်၊ ခီဏဗီဇာ–ကုန်ခန်းခြောက်သွေ့, ပဋိသန္ဓေမျိုးစေ့ရှိကြကုန်သည်၊ အဝိရုဠှိဆန္ဒာ–ဘဝထိုထို, စည်ပင်လိုသော ဆန္ဒမရှိကြကုန်သည်၊ (ဟုတွာ–ဖြစ်၍) အယံ ပဒီပေါ–တောက်ပလျှံညီး, ဤဆီမီးသည်၊ (နိဗ္ဗုတော ယထာ–ထို ဤမရောက်, ဤနေရာပင်, ငြိမ်းပျောက်သကဲ့သို့) နိဗ္ဗန္တိ–ထိုဤဘဝ, မရောက်ကြဘဲ, အေးမြပုံသေ, ငြိမ်းကြပေတော့သတည်း။

ဣဒမ္ပိ သံဃေ–ရဟန္တာအရိယာ, ဤသံဃာအပေါင်းသည်လည်း၊ ပဏီတံ–အရိယာပုဂ္ဂိုလ်, များထိုထိုထက်, ပိုမိုမြတ်မွန်, တုဖက်လွန်သော၊ ရတနံ–ရှိသေလေးမြတ်, ဆည်းကပ်ဖို့ရာ, ရတနာတစ်ဆူ, ဖြစ်တော်မူပါပေ၏၊ ဧတေန သစ္စေန–မှန်ကန်လှစွာ, ဤဝစီသစ္စာကြောင့်၊ (ပါဏီနံ–ဘေးရန်ခပ်သိမ်း, အေးငြိမ်းကြလို, များလူမိုလ်တို့အား၊) သုဝတ္ထိ–တင့်တယ်ဖို့ရန်, အတန်တန်ဖြင့်,

http://www.dhammadownload.com



ဘေးရန်ခပ်သိမ်း, အေးငြိမ်းခြင်းသည်၊ ဟောတု–စင်စစ်မသွေ, ဖြစ်ပါစေသတည်း။

❁❁❁

၁၉။ ဣဓ–ပရိတ်တော်မြတ်, ရွတ်ဖတ်နေကြ, ဤဒေသ၌၊ ဘုမ္မာနိ–မြေ၌ဆက်စပ်, အရပ်ရပ်၌ဖြစ်ကြကုန်သော၊ ယာနိ ဘူတာနိ ဝါ–စတုမဟာ, ဝတီသာနှင့်, ဆိုင်ရာပေါင်းစပ်, အကြင်နတ်တို့ သည်လည်းကောင်း။ အန္တလိက္ခေ–ဟင်းလင်းအပြင်, ထက်ကောင်းကင်၌၊ (နိမ္မတ္တာနိ–ရှေးကံအဟုန်, တန်ခိုးဂုဏ်ကြောင့်, ကုံလုံပြည့်ဝ, ဖြစ်နေကြကုန်သော၊) ယာနိ ဘူတာနိ ဝါ–ယာမာစသား, အကြင် အထက်နတ် အများတို့သည်လည်းကောင်း။ သမာဂတာနိ– ညီညာဖြဖြ, ရောက်လာကြကုန်ပြီ၊ (တေမယံ–ညီညာဖြဖြ, ရောက်လာကြကုန်, ထိုအလုံးစုံသော အကျွန်ုပ်တို့သည်၊) တထာဂတံ–ရှေးဘုရားအတူ, ကြွလာတော်မူထသော၊ ဒေဝမနုဿပူဇိတံ–နတ် လူ ပြဟ္မာ, သတ္တဝါတို့, လွန်စွာလေးမြတ်, ပူဇော်တော်မူအပ်ထသော၊ ဗုဒ္ဓံ–မြတ်စွာဘုရားကို၊ နမဿာမ–ကိုင်းညွတ်ရိုကျိုး, ဦးနှိမ်ချိုး၍, ရှိခိုးကန်တော့ပါကုန်၏။ (ပါဏီနံ–တို့အား။) သုဝတ္ထိ–တင့်တယ်ဖို့ရန်, အတန်တန်ဖြင့်, ဘေးရန်ခပ်သိမ်း, အေးငြိမ်းခြင်းသည်၊ ဟောတု– စင်စစ်မသွေ, ဖြစ်ပါစေသတည်း။

❁❁❁

၂၀။ ဣဓ–ပရိတ်တော်မြတ်, ရွတ်ဖတ်နေကြ, ဤဒေသ၌၊ ဘုမ္မာနိ–မြေ၌ဆက်စပ်, အရပ်ရပ်၌ဖြစ်ကြကုန်သော၊ ယာနိ ဘူတာနိ ဝါ–စတုမဟာ, ဝတီသာနှင့်, ဆိုင်ရာပေါင်းစပ်, အကြင်နတ်တို့

http://www.dhammadownload.com



သည်လည်းကောင်း။ အန္တလိက္ခေ–ဟင်းလင်းအပြင်, ထက်ကောင်းကင်၌၊ (နိဗ္ဗတ္တာနိ–ရှေးကံအဟုန်, တန်ခိုးဂုဏ်ကြောင့်, ကုံလုံပြည့်ဝ, ဖြစ်နေကြကုန်သော၊) ယာနိ ဘူတာနိ ဝါ–ယာမာစသား, အကြင်အထက်နတ် အများတို့သည်လည်းကောင်း။ သမာဂတာနိ– ညီညာဖြဖြ, ရောက်လာကြကုန်ပြီ၊ (တေမယံ–ညီညာဖြဖြ, ရောက်လာကြကုန်, ထိုအလုံးစုံသော အကျွန်ုပ်တို့သည်၊) တထာဂတံ–သမထဝိပဿနာ, ဘာဝနာအစုံဖြင့်, သွားထိုက်သည့် အားလျော်စွာ, ကိလေသာ အသင်းအပင်းကို, ဖြတ်တောက်လျက်, သွားရောက်တတ်ထသော၊ (တစ်နည်း)တထာဂတံ–ပညာဖြင့် ထိုးထွင်း၍ သိအပ်သည်ရှိသော်, အလုံးစုံသောဒုက္ခကို ပယ်သတ်ခြင်းငှာ, ကောင်းစွာဖြစ်သည့်အတွက် ဘုရားအစရှိသော အရိယာပုဂ္ဂိုလ်တို့ ထိုးထွင်း၍ သိအပ်ထသော၊ ဒေဝမနုဿပူဇိတံ–နတ် လူ ဗြဟ္မာ, သတ္တဝါတို့, လွန်စွာလေးမြတ်, ပူဇော်တော်မူအပ်ထသော၊ ဓမ္မံ–မဂ်ဖိုလ်နိဗ္ဗာန်, ဓမ္မက္ခန်ဟု, ဆယ်တန်သော တရားတော်မြတ်ကို၊ နမဿာမ–ကိုင်းညွတ်ရိုကျိုး, ဦးနှိမ်ချိုး၍, ရှိခိုးကန်တော့ပါကုန်၏။ (ပါဏီနံ–တို့အား။) သုဝတ္ထိ–တင့်တယ်ဖို့ရန်, အတန်တန်ဖြင့်, ဘေးရန်ခပ်သိမ်း, အေးငြိမ်းခြင်းသည်၊ ဟောတု–စင်စစ်မသွေ, ဖြစ်ပါစေသတည်း။။

http://www.dhammadownload.com



၂၁။ ဣဓ–ပရိတ်တော်မြွတ်, ရွတ်ဖတ်နေကြ, ဤဒေသ၌၊ ဘုမ္မာနိ–မြေ၌ဆက်စပ်, အရပ်ရပ်၌ဖြစ်ကြကုန်သော၊ ယာနိ ဘူတာနိ ဝါ–စတုမဟာ, ဝတီသာနှင့်, ဆိုင်ရာပေါင်းစပ်, အကြင်နတ်တို့သည်လည်းကောင်း။ အန္တလိက္ခေ–ဟင်းလင်းအပြင်, ထက်ကောင်းကင်၌၊ (နိဗ္ဗတ္တာနိ–ရှေးကံအဟုန်, တန်ခိုးဂုဏ်ကြောင့်, ကုံလုံပြည့်ဝ, ဖြစ်နေကြကုန်သော၊) ယာနိ ဘူတာနိ ဝါ–ယာမာစသား, အကြင်အထက်နတ် အများတို့သည်လည်းကောင်း။ သမာဂတာနိ– ညီညာဖြဖြ, ရောက်လာကြကုန်ပြီ၊ (တေမယံ–ညီညာဖြဖြ, ရောက်လာကြကုန်, ထိုအလုံးစုံသော အကျွန်ုပ်တို့သည်၊) တထာဂတံ–အတ္တဟိတ ပဋိပန္နပုဂ္ဂိုလ်တို့ သိထိုက်သည့်အားလျော်စွာ ထိုထိုမဂ်ဖြင့် သိတော်မူပြီးထသော၊ ဒေဝမနုဿပူဇိတံ–နတ်လူ မြဟ္မာ, သတ္တဝါတို့, လွန်စွာလေးမြတ်, ပူဇော်တော်မူအပ်ထသော၊ သံဃံ–ရှစ်ပါးအရိယာ သံဃာတော်အပေါင်းကို၊ နမဿာမ–ကိုင်းညွတ်ရိုကျိုး, ဦးနှိမ်ချိုး၍, ရှိခိုးကန်တော့ပါကုန်၏၊ (ပါဏီနံ–တို့အား၊) သုဝတ္ထိ–တင့်တယ်ဖို့ရန်, အတန်တန်ဖြင့်, ဘေးရန်ခပ်သိမ်း, အေးငြိမ်းခြင်းသည်၊ ဟောတု–စင်စစ်မသွေ, ဖြစ်ပါစေသတည်း။။

ရတနသုတ်နိဿယ ပြီး၏။

http://www.dhammadownload.com



# မေတ္တသုတ် ပါဠိ

(၁) ယဿာနုဘာဝတော ယက္ခာ,
နေဝ ဒဿေန္တိ ဘီသနံ၊
ယမှိ စေဝါနုယုဉ္ဇန္တော,
ရတ္တိန္ဒိဝမတန္ဒိတော။

(၂) သုခံ သုပတိ သုတ္တော စ,
ပါပံ ကိဉ္စိ န ပဿတိ၊
ဧဝမာဒိဂုဏူပေတံ,
ပရိတ္တံ တံ ဘဏာမ ဟေ။

(၃) ကရဏီယ•မတ္ထကုသလေန,
ယန္တ သန္တံ ပဒံ အဘိသမေစ္စ၊
သက္ကော ဥဇူ စ သုဟုဇူ စ,
သုဝစော စဿ မုဒု အနတိမာနီ။

(၄) သန္တုဿကော စ သုဘရော စ,
အပ္ပကိစ္စော စ သလ္လဟုကဝုတ္တိ၊
သန္တိန္ဒြိယော စ နိပကော စ,
အပ္ပဂဗ္ဘော ကုလေသွ•နနုဂိဒ္ဓေါ။

(၅) န စ ခုဒ္ဒမာစရေ ကိဉ္စိ,
ယေန ဝိညူ ပရေ ဥပဝဒေယျုံ၊
သုခိနော ဝ ခေမိနော ဟောန္တု,
သဗ္ဗေ သတ္တာ ဘဝန္တု သုခိတတ္တာ။

http://www.dhammadownload.com



(၆) ယေ ကေစိ ပါဏာဘူတတ္ထိ,
တသာ ဝါ ထာဝရာဝ နဝသေသာ၊
ဒီဃာ ဝါ ယေဝ မဟန္တာ,
မဇ္ဈိမာ ရဿကာ အနုကထူလာ။

(၇) ဒိဋ္ဌာ ဝါ ယေဝ အဒိဋ္ဌာ,
ယေ ဝ ဒူရေ ဝသန္တိ အဝိဒူရေ၊
ဘူတာ ဝ သမ္ဘဝေသီ ဝ,
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

(၈) န ပရော ပရံ နိကုဗ္ဗေထ,
နာတိမညေထ ကတ္ထစိ နံ ကဉ္စိ၊
ဗျာရောသနာ ပဋိဃသညာ,
နာညမညဿ ဒုက္ခမိစ္ဆေယျ။

(၉) မာတာ ယထာ နိယံပုတ္တ,
မာယုသာ ဧကပုတ္တ မနုရက္ခေ၊
ဧဝမ္ပိ သဗ္ဗဘူတေသု,
မာနသံ ဘာဝယေ အပရိမာဏံ။

(၁၀) မေတ္တဉ္စ သဗ္ဗလောကသ္မိံ,
မာနသံ ဘာဝယေ အပရိမာဏံ၊
ဥဒ္ဓံ အဓော စ တိရိယဉ္စ,
အသမ္ဗာဓံ အဝေရမသပတ္တံ။

http://www.dhammadownload.com



(၁၁) တိဋ္ဌံ စရံ နိသိန္နော ဝ,
သယာနော ယာဝတာ'ဿ ဝိတမိဒ္ဓေါ၊
ဧတံ သတိံ အဓိဋ္ဌေယျ,
ဗြဟ္မမေတံ ဝိဟာရမိဓ'မာဟု။

(၁၂) ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ,
သီလဝါ ဒဿနေန သမ္ပန္နော၊
ကာမေသု ဝိနေယျ ဂေဓံ,
န ဟိ ဇာတုဂ္ဂဗ္ဘသေယျ ပုန ရေတီ။

မေတ္တသုတ္တံ နိဋ္ဌိတံ။

http://www.dhammadownload.com



မေတ္တာဘာဝနာ

# မေတ္တသုတ်နိဿယ

## မေတ္တသုတ္တ ပရိကမ္မ

၁-၂။ ယဿ-အကြင် မေတ္တသုတ် ပရိတ်တော်၏၊ အာနုဘာဝတော-တန်ခိုးရှိန်စော်, အာနုဘော်တော်ကြောင့်၊ ယက္ခာ-နတ်ဘီလူး, ပြိတ္တာစသော မကောင်းဆိုးဝါးတို့သည်၊ ဘီသနံ-ကြောက်မက်ဖွယ်စုံ, ရူပ သဒ္ဒစသောအာရုံကို၊ နေဝ ဒဿေန္တိ-မပြကြတော့ကုန်၊ ယမှိ စေဝ-အကြင် မေတ္တသုတ်ခေါ်, ပရိတ်တော်၌ပင်, ဝါ-မေတ္တသုတ်လာ, ဘာဝနာ၌ပင်၊ ရတ္တိန္ဒိဝံ-နေ့ရောညဉ့်ပါ, အခါမပြတ်၊ အတန္ဒိတော-မပျင်းမရှိ, လုံ့လရှိသည်ဖြစ်၍၊ အနုယုဉ္ဇန္တော-အဖန်ဖန် ကြိုးကုတ်, အားထုတ်သော ပုဂ္ဂိုလ်သည်၊ သုခံ-ကိုယ်စိတ်နှစ်ဖြာ, ချမ်းချမ်းသာသာ၊ သုပတိ-အိပ်ရနေရ၏၊ သုတ္တော-အိပ်ပျော်သည်၊ (သမာနော)စ-ဖြစ်ပြန်သော်လည်း၊ ကိဉ္စိ ပါပံ-ကြောက်မက်ဖွယ်တောင်း, မကောင်းဖျင်းသက်, တစ်စုံတစ်ခုသော အိပ်မက်ကို၊ န ပဿတိ-မမြင် မမက်ရ၊ ဧဝ မာဒိဂုဏူပေတံ-ဤသို့စသား, တစ်ဆယ့်တစ်ပါးသော, အကျိုးဂုဏ်တို့နှင့်, ပြည့်စုံသော၊ တံ ပရိတ္တံ-ထို မေတ္တသုတ် ပရိတ်တော်ကို၊ ဟေ-အို သူတော်ကောင်းတို့...၊ မယံ-ငါတို့သည်၊ ဘဏာမ-ညီညီဖြဖြ, ရွတ်ဆိုကြကုန်စို့...။

http://www.dhammadownload.com



၃။ အတ္ထကုသလေန–မိမိစီးပွား၊ အကျိုးများဖို့၊ လိုလားကျွမ်းကျင်၊ သူတော်စင်သည်၊ သန္တံ–ဖြစ်ပျက်မစဲ၊ အငြိမ်းဓာတ်ဖြင့်၊ မပြတ်ပုံသေ၊ အေးမြပေထသော၊ ယံ ပဒံ–ရောက်သင့်ရောက်ထိုက်၊ ဉာဏ်အမြင်ဆိုက်က၊ တိုက်ရိုက်သိရန်၊ အကြောင်းမှန်သည်၊ (အတ္ထိ–ပရမတ်တရား၊ မြတ်တစ်ပါးဖြင့်၊ ထင်ရှားမသွေ၊ ရှိပါပေ၏၊) တံ ပဒံ–ရောက်သင့်ရောက်ထိုက်၊ ဉာဏ်အမြင်ဆိုက်က၊ တိုက်ရိုက်သိရန်၊ ထိုနိဗ္ဗာန်သို့၊ အဘိသမေစ္စ–ရှေးရှုမြော်ထောက်၊ ကောင်းစွာရောက်၍၊ ကရဏီယံ–မချွတ်ကေန်၊ အမှန်ပြုထိုက်၏။

သက္ကော စ–ကိုယ့်အသက်ပါ၊ မငဲ့ညှာဘဲ၊ လွန်စွာကြိုးပမ်း၊ ကျင့်စွမ်းနိုင်သူသည်လည်း၊ အဿ–ဖြစ်ရာ၏။

ဥဇူ စ– ကိုယ် နှုတ် နှစ်ပါး၊ မလှည့်စားဘဲ၊ ရိုးသားမြင့်မြတ်၊ ဖြောင့်မတ်သူသည်လည်း၊ အဿ–ဖြစ်ရာ၏။

သုဟုဇူ စ– စိတ်နေစိတ်ထား၊ မလှည့်စားဘဲ၊ ရိုးသားမြင့်မြတ်၊ လွန်ဖြောင့်မတ်သူသည်လည်း၊ အဿ–ဖြစ်ရာ၏။

သုဝစော စ–မိတ်ဆွေ ဆရာ၊ ဆုံးမပါလျှင်၊ ကောင်းစွာဆိုလွယ်၊ ဆုံးမလွယ်သူသည်လည်း၊ အဿ–ဖြစ်ရာ၏။

မုဒု စ– ရွှေကောင်းရွှေသန့်၊ ပြုတိုင်းခန့်သို့၊ နူးညံ့ပျော့ပြောင်းသည်လည်း၊ အဿ–ဖြစ်ရာ၏။

အနတိမာနီ–မျိုးရိုးကိုစွဲ၊ ဂုဏ်ကိုစွဲ၍၊ လွန်ကဲသော မာန်မာန မရှိသူသည်လည်း၊ အဿ–ဖြစ်ရာ၏။

http://www.dhammadownload.com



၄။ သန္တုဿကော စ–ရရှိသမျှ, ပစ္စယဖြင့်, အားရကျေနပ်, နှစ်သက်တတ်သည်လည်း၊ အဿ–ဖြစ်ရာ၏။

သုဘရော စ–ကောင်းဆိုး နည်းပါး, ပစ္စည်းများဖြင့်, အားရ ကျေနပ်, လွယ်ကူစွာ မွေးမြူအပ်သည်လည်း၊ အဿ–ဖြစ်ရာ၏။

အပ္ပကိစ္စော စ–ရဟန်းကိစ္စ, နှစ်ခုရမှ, ပြင်ပ တခြား, စိတ်မသွားဘဲ, နည်းပါးသောကိစ္စရှိသည်လည်း၊ အဿ–ဖြစ်ရာ၏။

သလ္လဟုကဝုတ္တိ စ–ပရိက္ခရာရှစ်ပါး, ကိုယ်ပိုင်ထား၍, ပေါ့ပါးလှည့်လည်, လွယ်ကူသော အသက်မွေးမှု ရှိသည်လည်း၊ အဿ–ဖြစ်ရာ၏။

သန္တိန္ဒြိယော စ–ဣန္ဒြာနိဒွ, တွေ့ကြုံကလျှင်, ရာဂမတိုး, စိတ်မဆိုးဘဲ, ရိုးရိုးတည်ကြည်, ငြိမ်သက်သော ဣန္ဒြေရှိသည်လည်း၊ အဿ–ဖြစ်ရာ၏။

နိပကော စ–သီလစောင့်မှု, စသည့်စုဝယ်, ကြီးထုမြင့်လျက်, ရင့်ကျက်သော ပညာရှိသူ သည်လည်း၊ အဿ–ဖြစ်ရာ၏။

အပ္ပဂဗ္ဘော စ–ကိုယ်ကြမ်း နှုတ်ကြမ်း, စိတ်သော့သွမ်းလျက်, ပေါ့ရမ်း ဆိုးယုတ်, မကြမ်းကြုတ်သည်လည်း၊ အဿ–ဖြစ်ရာ၏။

ကုလေသု–ဝင်ထွက်သွားလာ, ဒါယကာနှင့်, ဒါယိကာမ များ, အမျိုးလေးပါးတို့၌၊ အနနုဂိဒ္ဓေါ စ–ပစ္စည်းအတွက်,

http://www.dhammadownload.com



ရောနှောချက်ကြောင့်, စွဲမက်စိတ်ယိုင်, မခွာနိုင်သည်လည်း၊ နအေသာ– မဖြစ်ရာ။

၅။ ယေန(ပါပေန)–အကြင် အနည်းငယ်ပြု, မကောင်းမှုကြောင့်၊ ပရေ–မိမိမှတစ်ပါး, အခြားကုန်သော၊ ဝိညူ–ကြောင်းကျိုး မြင်သိ,ပညာရှိတို့သည်၊ ဥပဝဒေယျုံ–စွပ်စွဲကဲ့ရဲ့ကုန်ရာ၏၊ ခုဒ္ဒံ–အနည်းငယ်သော၊ ကိဉ္စိ–ကိုယ်နှုတ်စိတ်ပါ, တစ်စုံတစ်ရာသော၊ တံ ပါပံ–ထိုမကောင်းမှုကို၊ န အာစရေ–မပြုမကျင့်ရာ၊ သဗ္ဗသတ္တာ–လုံစုံများစွာ, သတ္တဝါတို့သည်၊ သုခိနော ဝါ–ကိုယ်စိတ်နှစ်ဖြာ, ချမ်းသာခြင်းရှိကြကုန်သည်လည်းကောင်း၊ ခေမိနော ဝါ–ဘေးရန်ခပ်သိမ်း, ကင်းငြိမ်းကြကုန်သည်လည်းကောင်း၊ ဟောန္တု–အမြဲမသွေ, ဖြစ်ကြပါစေကုန်သတည်း။ သုခိတတ္တာ–ရွှင်လန်းဝမ်းမြောက်, သုခသို့ရောက်သောစိတ် ရှိကြကုန်သည်၊ ဘဝန္တု–အမြဲမသွေ, ဖြစ်ကြပါစေကုန်သတည်း။

http://www.dhammadownload.com



၆။ ယေကေစိ–အမှတ်မဲ့ဥဿုံ, အလုံးစုံကုန်သော၊ တသာဝါ–ဒေါသမကောင်း, ကြောက်ရွံ့ခြင်းကြောင့်, လွှန်မင်းပြင်းပြ, ထိပ်လန့်ကြသည်လည်း ဖြစ်ကုန်သော၊ ထာဝရာဝါ–ဒေါသကင်းမြဲ, ကြောက်ခြင်းကုန်သဖြင့်, မတုန်လှုပ်ဘဲ, ခိုင်မြဲသည်လည်း ဖြစ်ကုန်သော၊ ယေ ပါဏဘူတာ–ရုပ်နာမ်နှစ်ချက်, ဇီဝိန်ဆက်၍, အသက်တည်အောင်း, အကြွင်း သတ္တဝါအပေါင်းတို့သည်၊ အတ္ထိ–ကိုယ်စီ ကိုယ်င, ကိုယ့်ဒေသ၌, နေ့ညပုံသေ, ရှိကြလေကုန်၏၊ အနဝသေသာ–တစ်စုံတစ်ယောက်, အာရုံပျောက်၍, ယွင်းဖောက်ကွေကွင်း, အကြွင်းမရှိကုန်သော၊ တေ ပါဏဘူတာ–ရုပ်နာမ်နှစ်ချက်, ဇီဝိန်ဆက်၍, အသက်တည်အောင်း, ထိုသတ္တဝါအပေါင်းတို့သည်၊ သုခိတတ္တာ–ရွှင်လန်းဝမ်းမြောက်, သုခသို့ ရောက်သောစိတ်ရှိကြကုန်သည်၊ ဘဝန္တု–အမြဲမသွေ, ဖြစ်ကြပါစေကုန်သတည်း။

ဒီဃာဝါ–ရှည်လျားသော ခန္ဓာကိုယ်ရှိသည့်, မျိုးဇာတိများစွာ, မြွေ ငါးစသော သတ္တဝါလည်းဖြစ်ကုန်သော၊ မဟန္တာဝါ–ကြီးမားသောခန္ဓာကိုယ်ရှိသည့်, မျိုးဇာတိများစွာ, လိပ်, ဆင်, အသူရိန် စသော, သတ္တဝါလည်းဖြစ်ကုန်သော၊ မဇ္ဈိမာဝါ–အလယ်အလတ်, ကိုယ်ခန္ဓာရှိသည့်, မျိုးဇာတိများစွာ, ကျွဲ နွား, စသော သတ္တဝါလည်းဖြစ်ကုန်သော၊ ရဿကာဝါ–ပုတိုသော ကိုယ်ခန္ဓာရှိသည့်, မျိုးဇာတိများစွာ, ကြက် ငှက်စသော, သတ္တဝါလည်းဖြစ်ကုန်သော၊ အဏုကာဝါ–ဒိဗ္ဗစက္ခုဖြင့်သာ. မြင်နိုင်ကောင်းသည့်, သေးနှောင်းလှစွာ, ရေးပိုး ရေမွှားစသော သတ္တဝါလည်းဖြစ်ကုန်သော၊ ထူလာဝါ–ဝိုင်းဝန်း ပြည့်ဖြိုးသော. ကိုယ်ခန္ဓာရှိသည့်, မျိုးဇာတိများစွာ,

http://www.dhammadownload.com



ခရုယောက်သွားစသော သတ္တဝါလည်း ဖြစ်ကုန်သော၊ ယေ ပါဏာ ဘူတာ–ရုပ်နာမ်နှစ်ချက်, ဇီဝိန်ဆက်၍, အသက်တည်အောင်း, အကြွင် သတ္တဝါအပေါင်း တို့သည်၊ အတ္ထိ–ကိုယ်စီကိုယ်င, ကိုယ့်ဒေသ၌, နေ့ညပုံသေ, ရှိကြလေကုန်၏၊ အနဝသေသာ–တစ်စုံတစ်ယောက်, အာရုံပျောက်၍, ယွင်းဖောက်ကွေကွင်း, အကြွင်းမရှိကုန်သော၊ တေ ပါဏာဘူတာ–ရုပ်နာမ်နှစ်ချက်, ဇီဝိန်ဆက်၍, အသက်တည်အောင်း, ထိုသတ္တဝါအပေါင်းတို့သည်၊ သုခိတတ္တာ–ရွှင်လန်းဝမ်းမြောက်, သုခသို့ရောက်သော စိတ်ရှိကြကုန်သည်၊ ဘဝန္တု–အမြဲမသွေ, ဖြစ်ကြပါစေကုန်သတည်း။

ဂ။ ဒိဋ္ဌာဝါ–ကိုယ်တိုင်ကိုယ်ကျ, တွေ့မြင်အပ်ဖူးသည်လည်း ဖြစ်ကုန်သော၊ အဒိဋ္ဌာဝါ–ကိုယ်တိုင်ကိုယ်ကျ, မတွေ့မြင်အပ်ဖူး သည်လည်း ဖြစ်ကုန်သော၊ ယေ ပါဏာဘူတာ–ရုပ်နာမ်နှစ်ချက်, ဇီဝိန်ဆက်၍, အသက်တည်အောင်း, အကြွင် သတ္တဝါအပေါင်းတို့ သည်၊ အတ္ထိ–ကိုယ်စီကိုယ်င, ကိုယ့်ဒေသ၌, နေ့ညပုံသေ, ရှိကြလေကုန်၏၊ အနဝသေသာ–တစ်စုံတစ်ယောက်, အာရုံပျောက်၍, ယွင်းဖောက်ကွေကွင်း, အကြွင်းမရှိကုန်သော၊ တေ ပါဏာဘူတာ–ရုပ်နာမ်နှစ်ချက်, ဇီဝိန်ဆက်၍, အသက်တည်အောင်း, ထိုသတ္တဝါ အပေါင်းတို့သည်၊ သုခိတတ္တာ–ရွှင်လန်းဝမ်းမြောက်, သုခသို့ ရောက်သောစိတ်ရှိကြကုန်သည်၊ ဘဝန္တု–အမြဲမသွေ, ဖြစ်ကြပါစေ ကုန်သတည်း။

http://www.dhammadownload.com



ယေသတ္တာ–အကြင်သတ္တဝါတို့သည်၊ ဒူရေ–တစ်နယ်တစ်ကျေး, အရပ်ဝေး၌၊ ဝသန္တိ–နေထိုင်ကြကုန်၏၊ တေသတ္တာဝါ–တစ်နယ် တစ်ကျေး, အရပ်ဝေး၌၊ နေထိုင်ကြကုန်သော ထို သတ္တဝါတို့ သည်လည်းကောင်း၊ ယေတ္တာ–အကြင် သတ္တဝါတို့သည်၊ အဝိဒူ ရေ–အနီးအပါး, ကိုယ့်အနား၌၊ ဝသန္တိ–နေထိုင်ကြကုန်၏၊ တေ သတ္တာဝါ–အနီးအပါး, ကိုယ့်အနား၌၊ နေကြကုန်သော ထိုသတ္တဝါ တို့သည်လည်းကောင်း၊ သုခိတတ္တာ–ရွှင်လန်းဝမ်းမြောက်, သုခသို့ ရောက်သောစိတ်ရှိကြကုန်သည်၊ ဘဝန္တု–အမြဲမသွေ, ဖြစ်ကြပါစေ ကုန်သတည်း။

ဘူတာဝါ–ဖြစ်ခြင်းကိစ္စ, ပြီးစီးကြသဖြင့်, ဘဝကုန်ခန်း, ရဟန္တာလည်း ဖြစ်ကုန်သော၊ သမ္ဘဝေသီဝါ–ဖြစ်ခြင်းကိစ္စ, မပြီးကြ သဖြင့်, ဘဝခင်မင်, ပုထုဇဉ် သေက္ခလည်းဖြစ်ကုန်သော၊ သဗ္ဗ သတ္တာ–လုံးစုံများစွာ,သတ္တဝါဟူသမျှတို့သည်၊သုခိတတ္တာ–ရွှင်လန်း ဝမ်းမြောက်, သုခသို့ ရောက်သောစိတ်ရှိကြကုန်သည်၊ ဘဝန္တု– အမြဲမသွေ, ဖြစ်ကြပါစေကုန်သတည်း။

၆။ ပရော–ဆရာသမား, မိဘများနှင့်, သွေးသားစပ်တော်, မိတ်ဖော်ပေါင်းသင်း, အချင်းချင်းဟူ, တစ်ပါးသောလူသည်၊ ပရံ– တပည့်အများ, သမီးသားနှင့်, သွေးသားစပ်တော်, မိတ်ဖော်ပေါင်း သင်း, အချင်းချင်းဟူ, တစ်ပါးသောလူကို၊ န နိကုဗ္ဗေထ–အထင် မှောက်မှား, ကျိုးပျက်ပြားအောင်, လှည့်စားသမှု, မပြုမကျင့်ရာ၊

http://www.dhammadownload.com



ကတ္တစိ–မြို့ပြပြည်ရွာ, စည်းဝေးရာနှင့်, ဆွေဉာမျိုးလယ်, အသွယ်သွယ်၌၊ ကိဥ္စနံ–ရဟန်း ရှင် လူ, ခပ်သိမ်းသူဝယ်, ဘယ်သူမဆို, တစ်စုံတစ်ယောက်ကိုမျှ၊ န အတိမညေထ–မေတ္တာကင်းစင်, ဒေါသယှဉ်၍, အမြင်မှိန်မှေး, အထင်မသေးရာ၊ ဗျာရောသနာ(ဗျာရောသနာယ)–ချုပ်ချယ်စော်ကား, သူ့ထိပါးအောင်, ယွင်းမှားဖေါက်ပြန်, ကာယကံ ဝစီကံဖြင့်လည်းကောင်း၊ ပဋိဃသညာ(ပဋိဃသညာယ)–ဒေါသကြီးမား, ရန်ငြိုးထား၍, ပျက်ပြားစေရန်, မနောကံသညာဖြင့်လည်းကောင်း၊ အညမညဿ–ဆရာသမား, ဆွေမျိုးများနှင့်, အိမ်သားပေါင်းသင်း, အချင်းချင်း၏၊ ဒုက္ခံ–ကိုယ်စိတ်နှစ်ဖြာ, မကြည်သာအောင်, လွန်စွာ ထန်ပြင်း, ဆင်းရဲခြင်းကို၊ န ဣစ္ဆေယျ–မေတ္တာကုန်ခန်း, ဒေါသစွမ်းဖြင့်, ဖရမ်းပတာ, အလိုမရှိရာ။

* * *

၉။ မာတာ–မြင့်မိုရ်တောင်ဦး, မကကျူးသည့်, ကျေးဇူးအရှင်, မွေးမိခင်သည်၊ နိယံ ပုတ္တံ–မိမိရင်နှစ်, အရင်းဖြစ်၍, လွန်ချစ်စဖွယ်, သားသူငယ်ဖြစ်သော၊ ဧကပုတ္တံ–အကြီးအငယ်, ညွှန်ပြဖွယ်ဟု, အဆွယ်အမှီး, တစ်ယောက်တည်းသော သားကို၊ အာယုသာ–သား၏အတွက်, ကိုယ့်အသက်ကို, ငဲ့ကွက်၍သာ, မညှာတာဘဲ၊ အနုရက္ခေ ယထာ–မျက်စိအောက်က, မပျောက်ရအောင်, နေ့ညပုံသေ, စောင့်ရှောက်လေသကဲ့သို့၊ ဝေမ္ပိ–ပမာထားယူ, မခြားအတူသာလျှင်၊ သဗ္ဗဘူတေသု–ရှိသမျှဥသုံ, အားလုံးခြုံ၍,

http://www.dhammadownload.com



လုံးစုံများစွာ, သတ္တဝါ အနန္တတို့၌၊ အပရိမာဏ်–ဤမျှ၍သာ, ငါ့မေတ္တာဟု, နေရာကိုပိုင်း, အတိုင်းအရှည် မရှိရလေအောင်၊ မာနသံ–ဒေါသကင်းစင်, မေတ္တာယှဉ်လျက်, ကြည်လင်လျှံဖိတ်, ကုသိုလ်စိတ်ကို၊ဘာဝယေ–တစ်ဆင့်ထက် တစ်ဆင့်, ရင့်ထက်ရင့်အောင်, မလင့်ပုံသေ, တိုးပွားစေရာ၏။

၁၀။ ဥဒ္ဓံ–အထက်လောက, အရူပ၌, နေကြဥသုံ, အလုံးစုံသော သတ္တဝါအပေါင်း၌ လည်းကောင်း။ အဓော စ–အောက်တန်းလောက, ဘုံကာမ၌, နေကြဥသုံ, အလုံးစုံသော သတ္တဝါအပေါင်း၌ လည်းကောင်း။ တိရိယဉ္စ–အလယ်လောက, ဘုံရူပ၌, နေကြဥသုံ, အလုံးစုံသော သတ္တဝါအပေါင်း၌ လည်းကောင်း။ သဗ္ဗလောကသ္မိံ–လုံးစုံများစွာ, သတ္တဝါဟု, သချာအနန္တ, ဤလောက၌၊ အသမ္ဗာဓံ–ရပ်တိုင်းမဆန့်, အားလုံးဖြန့်၍, ပျံ့နှံ့ကျယ်ဝန်း, ကျဉ်းမြောင်းခြင်း မရှိရလေအောင်၊ အဝေရံ–ဒေါသပြင်းထန်, အတွင်းရန်လည်း မရှိသော၊ အသပတ္တံ–မကောင်းအောင်ကြံ, အပြင်ရန်လည်း မရှိသော၊ အပရိမာဏံ–ဤ၍ဤမျှ, ဂဏန်းချ၍, မရနိုင်းညှိ, အတိုင်းအရှည်မရှိသော၊ မာနသံ–မိမိစိတ်မှာ, ဖြစ်ပေါ်လာ၍, ဦးစွာကိုယ်ရေး, လွန်ချမ်းအေးသော၊ မေတ္တံ–သတ္တဝါအပေါင်း, ချမ်းသာကြောင်းကို, ငဲ့စောင်းလိုလား, မေတ္တာတရားကို၊ ဘာဝယေ–တစ်ဆင့်ထက်တစ်ဆင့်, ရင့်ထက် ရင့်အောင်, မလင့်ပုံသေ, တိုးပွားစေရာ၏။

http://www.dhammadownload.com



၁၁။ တိဋ္ဌံ(တိဋ္ဌန္တော)ဝါ–ထိုထို ဤဤ၊ အရပ်ဆီသို့ မလည် မပတ်၊ မတ်မတ်ရပ်၍ နေစဉ်သော်လည်းကောင်း၊ စရံ(စရန္တော) ဝါ–ထိုထို ဤဤ၊ အရပ်ဆီသို့ လှည့်လည်ကူးကာ၊ သွားလာ၍ နေစဉ်သော်လည်းကောင်း၊ နိသိန္နောဝါ– မသွားမလာ၊ တစ်နေရာ၌၊ ကောင်းစွာဖွဲ့ခွေ၊ ထိုင်နေစဉ်သော်လည်းကောင်း၊ သယာနောဝါ–ထိုင်ရပ်သွားလာ၊ မပြုပါဘဲ၊ အိပ်ရာဝယ်စောင်း၊ လျောင်း၍နေစဉ်သော်လည်းကောင်း၊ ယာဝတာ–သွား ရပ် ထိုင် လျောင်း၊ လိုရာပြောင်း၍၊ အကြောင်းအားလျော်စွာ၊ အကြင်သို့သော အခါ၌၊ ဝိတမိဒ္ဓေါ–မိဒ္ဓမလွှမ်း၊ ကိုယ်မန္ဒမ်းသဖြင့်၊ ရှင်လန်းကြည်လင်၊ မအိပ်ချင်သည်၊ အဿ–စင်စစ်မသွေ၊ ဖြစ်၍နေ၏၊ တာဝတာ–မိဒ္ဓ မဝင်၊ မအိပ်ချင်၍၊ ကြည်လင်ကာယ၊ ထို ကာလပတ်လုံး၊ ဧတံ သတိံ–သတ္တဝါအပေါင်း၊ ချမ်းသာကြောင်းကို၊ ငဲ့စောင်းလိုဘိ၊ ဤ သတိကို၊ အဓိဋ္ဌေယျ–အစွဲအမြဲ၊ မပြောင်းလွဲအောင်၊ စိတ်ဖွဲ့သန် သန်၊ အဓိဋ္ဌာန်ပြုရာ၏၊ ဣဓ–တရားသဖြင့်၊ ဆုံးမသင့်ရာ၊ ဤ သာသနာတော်၌၊ ဧတံ ဝိဟာရံ–သွား ရပ် ထိုင် လျောင်း၊ နေရာ ပြောင်းလည်း၊ စိတ်ကောင်းမသွေ၊ ဤမေတ္တာဖြင့်နေခြင်းကို၊ ဗြဟ္မ ဝိဟာရံ–အရိယာနေ၊ ဗြဟ္မာနေသို့၊ စိတ်နေသန့်ရှင်း၊ ကောင်းမြတ် သော နေထိုင်ခြင်းဟူ၍၊ အာဟု–ဘုရားစသား၊ ပုဂ္ဂိုလ်များတို့၊ ဟောထားတူညီ၊ မိန့်မြွက်တော်မူကြလေကုန်ပြီ။

၁၂။ စ–ထိုကဲ့သို့သော, သတ္တဝါအများ, အာရုံထား၍, တရား မေတ္တာ, ပွားများရပါသော်လည်း။ ဒိဋ္ဌိ–ပုဂ္ဂိုလ် သတ္တဝါ, ရှိသည် သာဟု, စိတ်မှာထင်မိ, သက္ကာယဒိဋ္ဌိသို့၊ အနုပဂ္ဂမ္မ–အယူယွင်း ဖောက်, မကပ်ရောက်မူ၍၊ သီလဝါ–ပွတ်သစ်စဝင်း, ခရုသင်းသို့, သန့်ရှင်းစွာဘိ, သီလရှိသည်၊ ဒဿနေန–နိဗ္ဗာနမာတ်, တရား မြတ်ကို, တပ်အပ်ထင်ထင်, ဦးစွာမြင်သိ, သောတာပတ္တိမဂ်ဉာဏ် နှင့်၊ သမ္ပန္နော–အနမတဂ္ဂ, သံသာရဝယ်, စ၍ကုံလုံ, ပြည့်စုံသည် ဖြစ်၍၊ ကာမေသု–ဝတ္ထုအာရုံ, ကာမဂုဏ်တို့၌၊ ဂေဓံ–လွန်စွာနှစ် သက်, မပစ်ရက်အောင်, တပ်မက်တွယ်တာ, ကာမတဏှာကို၊ ဝိနေယျ–အနာဂါမိ, မဂ်သို့ထိ၍, သိသိသာသာ, ပယ်ခွာနိုင်သည် ရှိသော်၊ ဇာတု–စင်စစ်ကေန်, အမှန်အားဖြင့်၊ ပုန–ဤဘဝမှ, စုတေရလျှင်, ဌာနတစ်ဖန်, ဤသို့ပြန်၍၊ ဂဗ္ဘသေယျံ–အမိဝမ်း တိုက်, စွဲပိုက်သန္ဓေ, တည်နေရခြင်းသို့၊ န ဧတိ–မကပ်မရောက်ရ တော့သတည်း။

မေတ္တသုတ်နိဿယ ပြီး၏။

http://www.dhammadownload.com



## ခန္ဓပရိတ္တ ပါဠိ

(၁) သဗ္ဗာသီဝိသဇာတီနံ,
ဒိဗ္ဗမန္တာ ဂဒံဝိယ၊
ယံ နာသေတိ ဝိသံ ဃောရံ,
သေသဉ္စာပိ ပရိဿယံ။

(၂) အာဏာခေတ္တမှိ သဗ္ဗတ္ထ,
သဗ္ဗဒါ သဗ္ဗပါဏိနံ၊
သဗ္ဗသောပိ နိဝါရေတိ,
ပရိတ္တံ တံ ဘဏာမ ဟေ။

(၃) ဝိရူပက္ခေဟိ မေ မေတ္တံ,
မေတ္တံ ဧရာပထေဟိ မေ၊
ဆဗျာပုတ္တေဟိ မေ မေတ္တံ,
မေတ္တံ ကဏှာဂေါတမကေဟိ စ။

(၄) အပါဒကေဟိ မေ မေတ္တံ,
မေတ္တံ ဒွိပါဒကေဟိ မေ၊
စတုပ္ပဒေဟိ မေ မေတ္တံ,
မေတ္တံ ဗဟုပ္ပဒေဟိ မေ။

(၅) မာ မံ အပါဒကော ဟိံသိ,
မာ မံ ဟိံသိ ဒွိပါဒကော၊
မာ မံ စတုပ္ပဒေါ ဟိံသိ,
မာ မံ ဟိံသိ ဗဟုပ္ပဒေါ။

(၆) သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ,
သဗ္ဗေ ဘူတာ စ ကေဝလာ၊
သဗ္ဗေ ဘဒြာနိ ပဿန္တု,
မာ ကိဉ္စိ ပါပမာဂမာ။

(၇) အပ္ပမာဏော ဗုဒ္ဓေါ,
အပ္ပမာဏော ဓမ္မော၊
အပ္ပမာဏော သံဃော,
ပမာဏဝန္တာနိ သရီသပါနိ၊
အဟိဝိစ္ဆိကာ သတပဒီ,
ဥဏ္ဏနာဘီ သရဗူ မူသိကာ။

(၈) ကတာ မေ ရက္ခာ,
ကတံ မေ ပရိတ္တံ, ပဋိက္ကမန္တု ဘူတာနိ၊
သောဟံ နမော ဘဂဝတော,
နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

ခန္ဓပရိတ္တံ နိဋ္ဌိတံ။

http://www.dhammadownload.com



# ခန္ဓသုတ်နိဿယ

## ခန္ဓသုတ်ပရိတ် အဖွင့်

၁–၂။ ဒိဗ္ဗမန္တာဂဒံ–နတ်မန္တရား, နတ်ဆေးဝါးသည်၊ သဗ္ဗာသီဝိသဇာတီနံ–အဆိပ်ပြင်းထန်, မြွေမျိုးမှန်သမျှတို့၏၊ ဃောရံ ဝိသံ–ကြမ်းတမ်းလှပေ, အဆိပ်ရေကို၊ နာသေတိဝိယ–အလျှင်းပျောက်ပြေ, ပျက်စီးစေတတ်သကဲ့သို့၊ တထာ–ထို့အတူ၊ ယံ ပရိတ္တံ–ခန္ဓသုတ်ခေါ်, အကြင်ပရိတော်သည်၊ သဗ္ဗတ္ထ အာဏာခေတ္တမှိ–လုံးစုံခပင်း, အာဏာခေတ်အတွင်း၌၊ သဗ္ဗပါဏီနံ–လုံးစုံများစွာ, သတ္တဝါတို့၏၊ ဃောရံဝိသံ စ–ပြင်းထန်လှချေ, အဆိပ်ရေကိုလည်းကောင်း၊ သေသံ–အဆိပ်ကိုချန်, ကြွင်းကျန်သော၊ ပရိဿယဥ္စာပိ–ဘေးရန်အန္တရာယ်, အသွယ်သွယ်ကို လည်းကောင်း။ သဗ္ဗဒါ–အခါခပ်သိမ်း။ သဗ္ဗသောပိ နိဝါရေတိ–မကြွင်းကျန်အောင်, တွန်းလှန်ဖယ်ရှားနိုင်ပေ၏၊ တံ ပရိတ္တံ–ခန္ဓသုတ်ခေါ်, ထိုပရိတ်တော်ကို၊ ဟေ–အို…သူတော်ကောင်းတို့၊ ဘဏာမ–ညီညာဖြဖြ, ရွတ်ဆိုကြကုန်စို့။

* * *

၃။ ဝိရူပက္ခေဟိ–ဝိရူပက္ခ, မည်ရကျော်ဟိုး, နဂါးမင်းမျိုးတို့နှင့်၊ မေ–ငါ၏၊ မေတ္တံ–မိတ်ဆွေဖြစ်ကြောင်း, ကောင်းသောမေတ္တာသည်၊ ဟောတု–ဖြစ်ပါစေ၊ ဧရာပထေဟိ–ဧရာပထ, မည်ရကျော်ဟိုး, နဂါးမင်းမျိုးတို့ နှင့်၊ မေ–ငါ၏၊ မေတ္တံ–မိတ်ဆွေဖြစ်ကြောင်း,

http://www.dhammadownload.com



ကောင်းသောမေတ္တာသည်၊ ဟောတု-ဖြစ်ပါစေ၊ ဆဗျာပုတ္တေဟိ-ဆဗျာပုတ္တ, မည်ရကျော်ဟိုး, နဂါးမင်းမျိုးတို့နှင့်၊ မေ-ငါ၏၊ မေတ္တံ-မိတ်ဆွေဖြစ်ကြောင်း, ကောင်းသောမေတ္တာသည်၊ ဟောတု-ဖြစ်ပါစေ၊ ကဏှာဂေါတမကေဟိ စ-ကဏှာဂေါတမ, မည်ရကျော်ဟိုး, နဂါးမင်းမျိုးတို့နှင့်လည်း၊ မေ-ငါ၏၊ မေတ္တံ-မိတ်ဆွေဖြစ်ကြောင်း, ကောင်းသောမေတ္တာသည်၊ ဟောတု-ဖြစ်ပါစေ။

✦✦✦

၄။ အပါဒကေဟိ-အခြေမရှိသည့်, မျိုးဇာတိများစွာ, သတ္တဝါဟူသမျှတို့နှင့်၊ မေ-ငါ၏၊ မေတ္တံ-မိတ်ဆွေဖြစ်ကြောင်း, ကောင်းသောမေတ္တာသည်၊ ဟောတု-ဖြစ်ပါစေ။ ဒွိပါဒကေဟိ- အခြေနှစ်ချောင်းရှိသည့်, မျိုးဇာတိများစွာ, သတ္တဝါဟူသမျှတို့နှင့်၊ မေ-ငါ၏၊ မေတ္တံ-မိတ်ဆွေဖြစ်ကြောင်း, ကောင်းသောမေတ္တာသည်၊ ဟောတု-ဖြစ်ပါစေ။ စတုပ္ပဒေဟိ-အခြေလေးချောင်းရှိသည့်, မျိုးဇာတိများစွာ, သတ္တဝါဟူသမျှတို့နှင့်၊ မေ-ငါ၏၊ မေတ္တံ-မိတ်ဆွေဖြစ်ကြောင်း, ကောင်းသောမေတ္တာသည်၊ ဟောတု-ဖြစ်ပါစေ။ ဗဟုပ္ပဒေဟိ-များသောအခြေရှိသည့်, မျိုးဇာတိများစွာ, သတ္တဝါဟူသမျှတို့နှင့်၊ မေ-ငါ၏၊ မေတ္တံ-မိတ်ဆွေဖြစ်ကြောင်း, ကောင်းသောမေတ္တာသည်၊ ဟောတု-ဖြစ်ပါစေ။

http://www.dhammadownload.com



၅။ အပါဒကော–အခြေမရှိသော သတ္တဝါသည်၊ မံ–ငါ့ကို၊ မာ ဟိံသိ–မညှဉ်းဆဲပါစေနှင့်၊ ဒွိပါဒကော–အခြေနှစ်ချောင်းရှိသော သတ္တဝါသည်၊ မံ–ငါ့ကို၊ မာ ဟိံသိ–မညှဉ်းဆဲပါစေနှင့်၊ စတုပ္ပဒေါ–အခြေလေးချောင်းရှိသော သတ္တဝါသည်၊ မံ–ငါ့ကို၊ မာ ဟိံသိ–မညှဉ်းဆဲပါစေနှင့်၊ ဗဟုပ္ပဒေါ–များသောအခြေရှိသော သတ္တဝါသည်၊ မံ–ငါ့ကို၊ မာ ဟိံသိ–မညှဉ်းဆဲပါစေနှင့်။

၆။ သဗ္ဗေ–ခပ်သိမ်းကုန်သော၊ သတ္တာ–အာရုံငါးရပ်, ငြိကပ်တွယ်တာသော သတ္တဝါတို့ သည်လည်းကောင်း၊ သဗ္ဗေ–ခပ်သိမ်းကုန်သော၊ ပါဏာ*–ထွက်သက်ရှိသော သတ္တဝါတို့ သည်လည်းကောင်း၊ သဗ္ဗေ–ခပ်သိမ်းကုန်သော၊ ဘူတာ–ဖြစ်ပြီး ဖြစ်ဆဲသော သတ္တဝါတို့ သည်လည်းကောင်း၊ သဗ္ဗေ–အလုံးစုံကုန်သော၊ ဘဒြာနိ–ကောင်းကျိုးချမ်းသာ, မင်္ဂလာတို့ကို၊ ပဿန္တု–တွေ့မြင်ကြပါစေကုန်၊ ကိဉ္စိ–တစ်စုံတစ်ယောက်သော သတ္တဝါသို့၊ ပါပံ–မကောင်းဆိုးဝါး, အနိဋ္ဌဖလ အကျိုးတရားသည်၊ ကေဝလာ–စင်စစ်ကေန်, အမှန်အားဖြင့်၊ မာ အာဂမာ–မကပ် မရောက်ပါစေနှင့်။

---

*ရှေးမူအတိုင်း အနက်ယောဇနာထားပါသည်၊ ဆရာတော်ကမူ "ပုဂ္ဂလာ" ဟုပြင်တော်မူ၍ "သဗ္ဗေ.ကုန်သော၊ ပုဂ္ဂလာ..ပုဂ္ဂိုလ်ဟူသမျှတို့သည် လည်းကောင်း၊ ဘဒြာနိ."ဟု အနက်ယောဇနာတော်မူသည်။

http://www.dhammadownload.com



၇။ ဗုဒ္ဓေါ-ကြွင်းမဲ့ဥဿုံ, အလုံးစုံကို, အကုန်သိမြင်, ဘုရားရှင်သည်၊ အပ္ပမာဏော-ဤ၍ ဤမျှ, ဂဏန်းချ၍, မရနိုင်အောင်, များပြောင်သော ဂုဏ်တော်ရှိပါပေ၏။ ဓမ္မော-မဂ် ဖိုလ် နိဗ္ဗာန်, ဓမ္မက္ခန်ဟု, ဆယ်တန်သော တရားတော်မြတ်သည်၊ အပ္ပမာဏော-ဤ၍ ဤမျှ, ဂဏန်းချ၍, မရနိုင်အောင်, များပြောင်သော ဂုဏ်တော်ရှိပါပေ၏။ သံဃော-အရိယာရှစ်ဖေါ်, သံဃာတော်သည်၊ အပ္ပမာဏော-ဤ၍ ဤမျှ, ဂဏန်းချ၍, မရနိုင်အောင်, များပြောင်သောဂုဏ်တော်ရှိပါပေ၏။ သရီသပါနိ-ကိုယ်ဖြင့် တွားရှ၍, သွားတတ်ကုန်သော၊ အဟိဝိစ္ဆိကာ-မြွေ, ကင်းမြီးကောက်တို့ သည်လည်းကောင်း၊ သတပဒီ-ကင်းခြေများတို့သည် လည်းကောင်း၊ ဥဏ္ဏာနာဘီ-ပင့်ကူတို့သည်လည်းကောင်း၊ သရဗူ-တက်တူတို့သည် လည်းကောင်း၊ မူသိကာ-ကြွက်တို့သည် လည်းကောင်း၊ ပမာဏဝန္တာနိ-နှိုင်းယှဉ်ဖွယ်ရာ, များစွာထိုထို, အကုသိုလ်ရှိကြကုန်၏။

၈။ မေ-ငါသည်၊ ရက္ခာ-အစောင့်အရှောက်ကို၊ ကတာ-ပြုအပ်ပြီ၊ မေ-ငါသည်၊ ပရိတ္တံ-ဝန်းကျင်လှည့်ပတ်, စောင့်ရှောက်တတ်သော အကာအရံကို၊ ကတံ-ပြုအပ်ပြီ၊ ဘူတာနိ-ဆိုခဲ့သမျှ, သတ္တဝါအနန္တ တို့သည်၊ ပဋိက္ကမန္တု-ဝေးစွာရှောင်လွှဲ, ဖဲကြကုန်လော့၊ သော အဟံ-မေတ္တာဖြင့်သာ နေလေ့ရှိသော ထိုငါသည်၊ ဘဂဝတော-ငါတို့ထိပ်တင်, ရှင်တော်မြတ်ဘုရားအား၊ နမော-ရှိသေမြတ်နိုး, လက်အုပ်မိုး၍, ရှိခိုးပါ၏၊သတ္တန္နံ-ခုနစ်ဆူကုန်သော၊ သမ္မာသမ္ဗုဒ္ဓါနံ-ဝိပဿီစသော, ဘုရားရှင်တို့အား၊ နမော-ရှိသေမြတ်နိုး, လက်အုပ်မိုး၍, ရှိခိုးပါ၏။

ခန္ဓသုတ်နိဿယ ပြီး၏။

http://www.dhammadownload.com



## ဝဋ္ဋသုတ်ပါဠိ

(၁) ပူရေန္တံ ဗောဓိသမ္ဘာရေ,
နိဗ္ဗတ္တံ ဝဋ္ဋဇာတိယံ၊
ယဿ တေဇေန ဒါဝဂ္ဂိ,
မဟာသတ္တံ ဝိဝဇ္ဇယိ။

(၂) ထေရဿ သာရိပုတ္တဿ,
လောကနာထေန ဘာသိတံ၊
ကပ္ပဋ္ဌာယိ မဟာတေဇံ,
ပရိတ္တံ တံ ဘဏာမ ဟေ။

(၃) အတ္ထိ လောကေ သီလဂုဏော,
သစ္စံ သောစေယျ•နုဒ္ဒယာ၊
တေန သစ္စေန ကာဟာမိ,
သစ္စကိရိယ•မနုတ္တရံ။

(၄) အာဝဇ္ဇေတွာ ဓမ္မဗလံ,
သရိတွာ ပုဗ္ဗကေ ဇိနေ၊
သစ္စဗလ•မဝဿာယ,
သစ္စကိရိယ•မကာသဟံ။

(၅) သန္တိ ပက္ခာ အပတနာ,
သန္တိ ပါဒါ အဝဉ္စနာ၊
မာတာ ပိတာ စ နိက္ခန္တာ,
ဇာတဝေဒ ပဋိက္ကမ။

http://www.dhammadownload.com



(၆) သဟ သဗ္ဗေ ကာဝေ မယုံ့,
မဟာပဇ္ဇလိတော သိခီ၊
ဝဇ္ဇေသိ သောဠသကရီသာနိ,
ဥဒကံ ပတ္တာ ယထာ သိခီ၊
သဗ္ဗေန မေ သမော နတ္ထိ,
သော မေ သစ္စပါရမီ။

ဝဋ္ဋပရိတ္တံ နိဋ္ဌိတံ။

http://www.dhammadownload.com



# ဝဏ္ဏသုတ်နိဿယ

၁။ မောဓိသမ္ဘာရေ–မောဓိဉာဏ်ဆီ, စိတ်တော်ရည်၍, ပါရမီအထူး, အဆောက်အဦးတို့ကို၊ ပူရေန္တံ–ဘဝဆက်တိုင်း, မဆိုင်းမဆင့်, ဖြည့်ကျင့်နေစဉ်၊ ဝဏ္ဏဇာတိယံ–ဘုရားအလောင်း, မြွတ်အပေါင်းတို့, အကြောင်းဆုံရ, အငယ်ဆုံးငုံးဘဝ၌၊ နိဗ္ဗတ္တံ–အကြောင်းဖန်လာ, ကံကြမ္မာကြောင့်, တစ်ခါတုံးက, ဖြစ်ခဲ့ရသော၊ မဟာသတ္တံ–ငါတို့ဗုဒ္ဓ, ဂေါတမဟု, လောကထိပ်ဆောင်း, ဘုရားအလောင်းကို၊ ယဿ ပရိတ္တဿ–ဝဏ္ဏသုတ်ခေါ်, အကြင်ပရိတ်တော်၏၊ ဝါ–ဝဏ္ဏသုတ်ခေါ်, အကြင်ပရိတ်တော်လာ, နှုတ်သစ္စာ၏၊ တေဇေန–သတ္တိအင်အား, စွမ်းပကားကြောင့်၊ ဒါဝဂ္ဂိ–တောလုံးညံ့ဟီး, တောမီးကြီးသည်၊ ဝိဝဇ္ဇယိ–တစ်ဆယ့်ခြောက်ကရီသ, အဝေးမှပင်, အေးမြပစေ, ရှောင်ကွင်းခဲ့လေပြီ။

---

၂။ လောကနာထေန–သောင်းလောကဓာတ်, အရပ်ရပ်ဝယ်, နတ်နတ်ထွတ်ထား, မြွတ်ဘုရားသည်၊ သာရိပုတ္တဿ–သာရီမည်ရ, ပုဏ္ဏေးမ၏, သားလှရတနာ, သာရိပုတ္တရာ မည်တော်မူသော၊ ထေရဿ–လက်ယာတော်ရံ, ပညာဉာဏ်ဖက်, တေဒဂ်တင်, အရှင်မထေရ်မြတ်အား၊ ဘာသိတံ–ပညတ်ထုတ်ဖော်, ဟောပြတော်မူအပ်သော၊ ကပ္ပဋ္ဌာယိ–ကမ္ဘာဆုံးတိုင်, တည်ရှိနိုင်သော၊ မဟာတေဇံ–ကြီးကျယ်မြင့်မိုး, တန်ခိုးအာနုဘော်ရှိသော၊ တံ ပရိတ္တံ–ဝဏ္ဏသုတ်ခေါ်, ထို ပရိတ်တော်ကို၊ ဟော–ပရိတ်တရား, လွန်အား

http://www.dhammadownload.com



ထားသည့်, အများလူပေါင်း, အို…သူတော်ကောင်းတို့ ဘဏာမ-ညီညာဖြဖြ, ရွတ်ဆိုကြကုန်စို့။

၃။ လောကေ-လူ နတ် ပြဟ္မာ, သတ္တဝါတို့, နေရာဌာန, ဤလောက၌၊ သီလဂုဏော-ငါးပါးရှစ်ပါး, ဆယ်ပါးကစ, သီလအကျိုး, ဂုဏ်တန်ခိုးသည်၊ အတ္ထိ-စင်စစ်ကေန်, အမှန်မသွေ, ရှိပါပေ၏။ သစ္စံ-မှန်ကန်လှစွာ, ကိုယ် နှုတ်မှာဝယ်, သစ္စာအကျိုး, ဂုဏ်တန်ခိုးသည်၊ အတ္ထိ-စင်စစ်ကေန်, အမှန်မသွေ, ရှိပါပေ၏။ အနုဒ္ဒယာ-သူတစ်ပါးကို, သနားကြင်နာ, ကရုဏာနှင့်, မေတ္တာအကျိုး, ဂုဏ်တန်ခိုးသည်၊ အတ္ထိ-စင်စစ်ကေန်, အမှန်မသွေ, ရှိပါပေ၏။ တေန သစ္စေန-မှန်ကန်လှစွာ, ဤဝစီသစ္စာဖြင့်၊ အနုတ္တရံ-မိမိထက်မှာ, အသာမရှိသော၊ သစ္စကိရိယံ-နှုတ်အမှုအရာ, ဝစီသစ္စာကို၊ ကာဟာမိ-အားကိုးတစ်ခု, ပြုရတော့အံ့။

၄။ (ဤတိ-ဤသို့ကြံပြီး၍) အဟံ-ငါသည်၊ ဓမ္မဗလံ-သူတော်တရား, စွမ်းပကားကို၊ အာဝဇ္ဇေတွာ-စိတ်မှာထင်မြင်, ဆင်ခြင်ပြီး၍လည်းကောင်း၊ ပုဗ္ဗကေ ဇိနေ-ကမ္ဘာများစွာ, ရှေးအခါက, ကောင်းစွာပွင့်ကြွား, ရှင်တော်ဘုရားတို့ကို၊ သရိတွာ-ဗုဒ္ဓါနုဿတိ, ဂုဏ်တော်ထိအောင်, သတိရပြီး၍ လည်းကောင်း၊ သစ္စဗလံ-သစ္စာတရား, စွမ်းပကား၏, အင်အားပြည့်ဖြိုး, ဂုဏ်တန်ခိုးကို၊ အဝဿာယ-စိတ်ဝယ်အတည်, စွဲမှီ၍လည်းကောင်း၊ သစ္စကိရိယံ -နှုတ်အမှုအရာ, ဝစီသစ္စာကို၊ အကာသိ-အားကိုးတစ်ခု, ပြုခဲ့ဖူးလေပြီ။

http://www.dhammadownload.com



၅။ ပက္ခာ–ကြီးသောအခါ, ပျံနိုင်ရာသည့်, ခုမှာသေးသေး, အတောင်ကလေးတို့သည်၊ သန္တိ–ငါ၏ကိုယ်မှာ, ထင်ရှားရှိပါကုန်၏၊ (ပန တထာပိ–ငါ၏ကိုယ်မှာ, ထင်ရှား ရှိပါကုန်သော်လည်း၊) အပတနာ–ငယ်သည့်အတွက်, ပျံတက်ဖို့ရာ, မစွမ်းနိုင်ပါကုန်၊ ပါဒါ–ကြီးသောအခါ, သွားနိုင်ရာသည့်, ခုမှာသေးသေး, ခြေက လေးတို့သည်၊ သန္တိ–ငါ၏ကိုယ်မှာ, ထင်ရှားရှိပါကုန်၏၊ (ပန တထာပိ–ငါ၏ကိုယ်မှာ, ထင်ရှား ရှိပါကုန်သော်လည်း၊) အဝဉ္စနာ–မီးဘေးလွတ်အောင်, မရှောင်မရှား, မသွားနိုင်ပါကုန်၊ မာတာ ပိတာ စ–ငါ့ကိုမွေးဖွား, မိဘနှစ်ပါးတို့သည်လည်း၊ နိက္ခန္တာ–အသက်ဘေးကြောင့်, ထွက်ပြေးကြကုန်ပြီ၊ ဇာတဝေဒ–အဟုန်ပြင်းစွာ, လောင်၍လာသည့်, ကြောက်စရာကြီးကြီး, အို…တောမီး၊ ပဋိက္ကမ–ဝေးစွာရှောင်လွှဲ, ဖဲလိုက်ပါလော့။

❀ ❀ ❀

၆။ မယှံ–ငါ၏၊ သစ္စေန–မှန်ကန်လှစွာ, ဝစီသစ္စာကို၊ သဟ ကတေ–နှုတ်မှာရွတ်မှု, ပြုအပ်သည်နှင့် တစ်ပြိုင်နက်၊ မဟာပဇ္ဇလိတော–အရှိန်ပြင်းစွာ, တောက်လောင်လာသော၊ သိခီ–အလျှံထိန်ငြီး, တောမီးကြီးသည်၊ ဥဒကံ ပတွာ–ဆန့်ကျင်နိုင်လောက်, ရေသို့ရောက်၍၊ ဝဇ္ဇိတော–ရှောင်ကွင်းရသော၊ သိခီယထာ–မီးလျှံကဲ့သို့၊ သောဠသ ကရီသာနိ–တစ်ဆယ့်ခြောက်ပယ်, ကျယ်ဝန်းသောအရပ်

http://www.dhammadownload.com



တို့တိုင်အောင်၊ ဝဋ္ဋေသိ–သစ္စာစကား, စွမ်းပကားကြောင့်, အနား မချဉ်း, ရှောင်ကွင်းခဲ့ဖူးလေပြီ။

သာရိပုတ္တ–သာရိပုတ္တရာ၊ မေ–ငါဘုရားနှင့်၊ သစ္စေန–သစ္စာအားဖြင့်၊ သမော–တူသော ပုဂ္ဂိုလ်သည်၊ (တနည်း) မေ–ငါဘုရား၏၊ သစ္စေန–သစ္စာနှင့်၊ သမော–တူသော သစ္စာတရားသည်၊ နတ္ထိ–မရှိတော့ချေ၊ ဧသော–ဤ ပါရမီသည်၊ မေ–ငါဘုရား၏၊ သစ္စပါရမီ–မှသားမပါ, အမှန်သာလျှင်, ကောင်းစွာ နှုတ်ချီ, သစ္စာပါရမီ ဖြစ်ပါသတည်း။

ဝဋ္ဋသုတ်နိဿယ ပြီး၏။

http://www.dhammadownload.com

## ဗောဇ္ဈင်သုတ်ပါဠိ

(၁) သံသာရေ သံသရန္တာနံ,
သဗ္ဗဒုက္ခဝိနာသနေ၊
သတ္တ ဓမ္မေ စ ဗောဇ္ဈင်္ဂေ,
မာရသေနာပမဒ္ဒနေ။

(၂) ဗုဇ္ဈိတွာ ယေစိမေ သတ္တာ,
တိဘဝါ မုတ္တကုတ္တမာ၊
အဇာတိ•မဇရာ•ဗျာဓိံ,
အမတံ နိဗ္ဘယံ ဂတာ။

(၃) ဧဝမာဒိဂုဏူပေတံ,
အနေကဂုဏသင်္ဂဟံ၊
ဩသဓဉ္စ ဣမံ မန္တံ,
ဗောဇ္ဈင်္ဂဉ္စ ဘဏာမ ဟေ။

(၄) ဗောဇ္ဈင်္ဂေါ သတိသင်္ခါတော,
ဓမ္မာနံ ဝိစယော တထာ၊
ဝီရိယံ ပီတိ ပဿဒ္ဓိ,
ဗောဇ္ဈင်္ဂါ စ တထာပရေ။

(၅) သမာဓုပေက္ခာ ဗောဇ္ဈင်္ဂါ,
သတ္တေတေ သဗ္ဗဒဿိနာ၊
မုနိနာ သမ္မဒက္ခာတာ,
ဘာဝိတာ ဗဟုလီကတာ။

http://www.dhammadownload.com



(၆) သံဝတ္တန္တိ အဘိညာယ,
နိဗ္ဗာနာယ စ ဗောဓိယာ၊
ဧတေန သစ္စဝဇ္ဇေန,
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

(၇) ဧကသ္မိံ သမယေ နာထော,
မောဂ္ဂလ္လာနဉ္စ ကဿပံ၊
ဂိလာနေ ဒုက္ခိတေ ဒိသွာ,
ဗောဇ္ဈင်္ဂေ သတ္တ ဒေသယိ။

(၈) တေ စ တံ အဘိနန္ဒိတွာ,
ရောဂါ မုစ္စိံသု တင်္ခဏေ၊
ဧတေန သစ္စဝဇ္ဇေန,
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

(၉) ဧကဒါ ဓမ္မရာဇာပိ,
ဂေလညေနာ•ဘိပီဠိတော၊
စုန္ဒတ္ထေရေန တံယေဝ,
ဘဏာပေတွာန သာဒရံ။

(၁၀) သမ္မောဒိတွာန အာဗာဓာ,
တမှာ ဝုဋ္ဌာသိ ဌာနသော၊
ဧတေန သစ္စဝဇ္ဇေန,
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

http://www.dhammadownload.com



(၁၁) ပဟီနာ တေ စ အာဗာဓာ,
တိဏ္ဏန္နမ္ပိ မဟေသိနံ၊
မဂ္ဂဟတာ ကိလေသာ စ,
ပတ္တာ‌နုပတ္တိဓမ္မတံ၊
ဧတေန သစ္စဝဇ္ဇေန,
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

**မောရွှေဂ်သုတ္တံ နိဋ္ဌိတံ။**

http://www.dhammadownload.com



## မောဠူင်သုတ်နိဿယ

၁-၂။ သံသာရေ-ဘဝများစွာ, သံသရာကြီးထဲ၌၊ သံသရန္တာ နံ-တစ်ဘဝမှ, တစ်ဘဝသို့, ကျင်လည်နေကြရကုန်သော, သူရော ကိုယ်ပါ, သတ္တဝါဟူသမျှတို့၏၊ သဗ္ဗဒုက္ခဝိနာသနေ-အလုံးစုံသော ဝဋ်ဒုက္ခကို, ပယ်ဖျောက်နိုင်ကုန်ထသော၊ မာရသေနာပမဒ္ဒနေ-မာရ် နတ်မင်း၏ ကိလေသာ စစ်တပ်ကို နှိမ်နင်းနိုင်ကုန်ထသော၊ ဗောဇ္ဈင်္ဂေ-သစ္စာလေးပါးတရားကိုသိတတ်သော အရဟတ္တမဂ်ဉာဏ် ၏အကြောင်းဖြစ်ကုန်သော၊ သတ္တဓမ္မေ-ခုနစ်ပါးသော တရားတို့ကို၊ ဉတွာ-ကောင်းမွန်စွာ သိကြပြီး၍၊ ဝါ-သိကြခြင်းကြောင့်၊ ယေ ဣမေ သတ္တာ-အကြင် သတ္တဝါတို့သည်၊ ဥတ္တမာ-မွန်မြတ်သော ပုဂ္ဂိုလ်တို့သည်၊ (ဟုတွာ-ဖြစ်၍၊) တိဘဝါ-ကာမ ရူပ, အရူပဟု, သုံးမျိုးသော ဘဝမှ၊ မုတ္တာ-လွတ်မြောက်ကြလေကုန်ပြီ။

(တေ-ထိုသံသရာဒုက္ခမှ, လွတ်မြောက်ကြသော, ဘုရား ပစ္စေ ကာ, အရိယာ သာဝကတို့သည်၊) အဇာတိ-ပဋိသန္ဓေ, တည်နေရ ခြင်းလည်း မရှိထသော၊ အဇရံ-ရွတ်တွယိုယွင်း, အိုမင်းရခြင်း လည်း မရှိထသော၊ အဗျာဓိ-မကျန်းမမာ, ဖျားနာရခြင်းလည်း မရှိထသော၊ အမတံ-သေရခြင်းလည်း မရှိထသော၊ နိဗ္ဘယံ-ဘေး မရှိသော နိဗ္ဗာန်သို့၊ ဂတာ-အာရုံပြုသောအားဖြင့် ရောက်သွားကြ ရလေကုန်ပြီ၊ ဝါ-ပရိနိဗ္ဗာန် စံသောအားဖြင့် ရောက်သွားကြရလေ ကုန်ပြီ။

http://www.dhammadownload.com



၃။ ဝေမာဒိဂုဏူပေတံ-သံသရာဝဋ်ဒုက္ခမှ, လွတ်မြောက်၍, နိဗ္ဗာန်ရခြင်း တည်းဟူသော အကျိုးဂုဏ်တို့နှင့်လည်း ပြည့်စုံထသော၊ အနေကဂုဏာသင်္ဂဟံ-အမျိုးမျိုးသောဂုဏ်တို့ကို, သိမ်းကျုံး၍လည်း ယူနိုင်ထသော၊ ဩသဓ္ဓေ-မကျန်းမမာ, ဖျားနာသူတို့အတွက်, ဆေးဝါးကောင်းလည်း ဖြစ်ပေထသော၊ မန္တံ စ-မကျန်းမမာ, ဖျားနာသူတို့အတွက်, မန္တရားလည်း ဖြစ်ပေထသော၊ ဣမံ ဗောဇ္ဈင်္ဂ-ဤ ဗောဇ္ဈင်မည်သော တရားကို၊ ဟေ-အို… သူတော်ကောင်းတို့၊ (မယံ-ငါတို့သည်၊) ဘဏာမ-ညီညာဖြဖြ, ရွတ်ဆိုကြပါကုန်စို့။

၄-၅-၆။ သတိသင်္ခါတော ဗောဇ္ဈင်္ဂေါ-သတိဆိုအပ်, ဗောဇ္ဈင်တရားတော်မြတ်လည်းကောင်း။ ဓမ္မာနံ ဝိစယော-ဓမ္မဝိစယဗောဇ္ဈင်လည်းကောင်း။ တထာ-ထိုမှတစ်ပါး။ ဝီရိယံ-ဝီရိယဗောဇ္ဈင်လည်းကောင်း။ ပီတိ ပဿဒ္ဓိဗောဇ္ဈင်္ဂါ စ-ပီတိဗောဇ္ဈင်, ပဿဒ္ဓိဗောဇ္ဈင်တို့ လည်းကောင်း၊ တထာပရေ-ထိုမှ တစ်ပါးကုန်သော၊ သမာဓုပေက္ခာ ဗောဇ္ဈင်္ဂါ-သမာဓိဗောဇ္ဈင်, ဥပေက္ခာဗောဇ္ဈင် တို့လည်းကောင်း။ ဣတိ-ဤသို့၊ သဗ္ဗဒဿိနာ-အလုံးစုံကို သိမြင်တော်မူသော၊ မုနိနာ-ဘုရားရှင်သည်၊ သမ္မ(သမ္မာ)-ရွှေဉာဏ်တော်ဖြင့် ပိုင်းဖြတ်၍, အကောင်းမြတ်ဆုံး ဖြစ်ရလေအောင်၊ အက္ခာတာ-ဟောပြတော်မူအပ်ကုန်သော၊ ဧတေသတ္တ-ဤခုနစ်ပါးသောဗောဇ္ဈင်တရားတို့သည်၊ ဘာဝိတာ-မိမိတို့သန္တာန်၌ ဖြစ်စေအပ်ကုန် သည်ရှိသော်၊ ဗဟုလီကတာ-ကြိမ်ဖန်များစွာ,လေ့လာအပ်ကုန်သည်ရှိသော်၊ အဘိညာယ-သစ္စာလေးပါးကို ထူးသောဉာဏ်ဖြင့် သိခြင်းငှာလည်း

http://www.dhammadownload.com



ကောင်း၊ နိဗ္ဗာနာယ စ–ရုပ်နာမ်ခပ်သိမ်းတို့၏ ငြိမ်းအေးရာ နိဗ္ဗာန် အကျိုး ငှာလည်းကောင်း၊ ဗောဓိယာ–မဂ်ဉာဏ်အကျိုးငှာ လည်း ကောင်း၊ သံဝတ္တန္တိ–စင်စစ်ကေန်, အမှန်ပင်ဖြစ်နိုင်ပါပေကုန်၏၊ ဧတေန သစ္စဝဇ္ဇေန–မှန်ကန်လှစွာ, ဤ ဝစီသစ္စာကြောင့်၊ တေ– သင့်အား၊ သဗ္ဗဒါ–နေ့ရောညဉ့်ပါ, အခါခပ်သိမ်း၊ သောတ္ထိ–ကိုယ် စိတ်နှစ်ဖြာ, ချမ်းသာခြင်းသည်၊ ဟောတု–စင်စစ်မသွေ, ဖြစ်ပါစေ သတည်း။

၇။ ကေဿိ သမယေ–အခါတစ်ပါး၌၊ နာထော–သတ္တဝါတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ ဂိလာနေ– မကျန်းမာကြကုန်သည် ဖြစ်၍၊ ဒုက္ခိတေ–ဒုက္ခရောက်နေကြကုန် သော၊ မောဂ္ဂလ္လာနဥ္စ–လက်ဝဲတော်ရံ, အရှင်မောဂ္ဂလ္လာန် မထေရ် မြတ်ကိုလည်းကောင်း၊ ကဿပဥ္စ–ရတ္တညူ မဟတ္တ, တေဒဂ်ရ သည့်, ဓုတင်တေရသကို ဆောင်နိုင်သော အရှင်မဟာကဿပ မထေရ်မြတ်ကိုလည်းကောင်း၊ ဒိသွာ–မြင်တော်မူ၍၊ သတ္တ ဗောဇ္ဈ င်္ဂေ–ခုနစ်ပါးသော ဗောဇ္ဈင်တရားတို့ကို၊ အဒေသယိ–ဟောတော်မူ ခဲ့လေပြီ။

၈။ တေ စ–ထို အရှင်မောဂ္ဂလ္လာန်မထေရ်မြတ်, အရှင်မဟာ ကဿပမထေရ်မြတ်တို့သည်လည်း၊ တံ–ထိုဘုရားရှင် ဟောတော် မူအပ်သော ဗောဇ္ဈင်ခုနစ်ပါး တရားတော်ကို၊ အဘိနန္ဒိတွာ–လွန် လွန်မင်းမင်း နှစ်သက်တော်မူခြင်းကြကြောင့်၊ တခ်ဏေ–မြတ်စွာ ဘုရား တရားဟောတော်မူရာ, ထိုခဏ၌၊ ရောဂါ–မကျန်းမမာ, ဖျားနာနေသော ရောဂါမှ၊ မုစ္စိံသု–လွတ်မြောက်ကြဖူးကုန်ပြီ။

http://www.dhammadownload.com



ဧတေန သစ္စေန—ဤကဲ့သို့ မှန်ကန်သော သစ္စာစကားကို ပြောဆိုရခြင်းကြောင့်၊ တေ—ရတနာသုံးပါးကို, ယုံကြည်အားထား၍ နေသော သင်(ဒါယကာကြီး) အား၊ သဗ္ဗဒါ—နေ့ရောညဥ့်ပါ, အခါခပ်သိမ်း၊ သောတ္ထိ—ကိုယ်စိတ် နှစ်ဖြာ, ချမ်းသာခြင်းသည်၊ ဟောတု—စင်စစ်မသွေ…ဖြစ်ပါစေသတည်း။

၉—၁၀။ ဧကဒါ—အခါတစ်ပါး၌၊ ဓမ္မရာဇာပိ—တရားမင်းဘုရားသော်မှလည်း၊ ဂေလညေန—မကျန်းမမာ, ဖျားနာခြင်း ရောဂါသည်၊ အဘိပီဠိတော—နှိပ်စက်တော်မူအပ်သည်ဖြစ်၍၊ စုန္ဒတ္ထေရေန—အရှင်စုန္ဒမထေရ်ကို၊ တံ ယေဝ မောဇ္ဈင်္ဂ—ထို မောဇ္ဈင်ခုနစ်ပါး မြတ်တရားကိုပင်၊ သာဒရံ—ရိုသေလေးမြတ်စွာ၊ ဘဏာပေတွာန—မြတ်စွာဘုရား, ထံတော်ပါး၌, ရွတ်ပွားစေပြီး၍၊ သမ္မောဒိတွာန—မြတ်စွာကိုယ်တော်တိုင် ဝမ်းမြောက်တော်မူလှသည်ဖြစ်၍၊ တမှာ အာဗာဓာ—ထို မကျန်းမမာ, ဖျားနာရင်းစွဲဖြစ်သော ရောဂါမှ၊ ဌာနသော—တစ်ခဏချင်းအားဖြင့်၊ ဝုဋ္ဌာသိ—ထမြောက် လွတ်ကင်းတော်မူလေပြီ၊ ဧတေန သစ္စေန—ဤကဲ့သို့ မှန်ကန်သောသစ္စာစကားကို ပြောဆိုရခြင်းကြောင့်၊ တေ—ရတနာသုံးပါးကို, ယုံကြည်အားထား၍ နေသော သင်(ဒါယကာကြီး)အား၊ သဗ္ဗဒါ—နေ့ရောညဥ့်ပါ, အခါခပ်သိမ်း၊ သောတ္ထိ—ကိုယ်စိတ် နှစ်ဖြာ, ချမ်းသာခြင်းသည်၊ ဟောတု—စင်စစ်မသွေ…ဖြစ်ပါစေသတည်း။

၁၁။ မဂ္ဂဟတာ—အရိယာမဂ်, ဉာဏ်လက်နက်ဖြင့်, ပယ်ဖျက်အပ်ပြီးကုန်သော၊ ကိလေသာ—တစ်ထောင့်ငါးရာ, ကိလေသာတို့သည်၊ အနုပတ္တိဓမ္မတံ—တစ်ဖန်ထပ်ကာ,မဖြစ်လာခြင်းသဘောရှိကုန်

http://www.dhammadownload.com



သည်၏အဖြစ်သို့၊ ပတ္တာကလ္လ–စင်စစ်မုချ, ရောက်ရကုန်သကဲ့သို့၊ (တထာ–ထိုအတူ) တိဏ္ဏန္နံပိ–ရှင်တော်ဘုရား, ထေရ်နှစ်ပါးနှင့်, သုံးပါးလည်း ဖြစ်ကုန်သော၊ မဟောသီနံ–မဟာကလ္လာသိ, မုနိထွတ်တင်, ထေရ်အရှင်တို့၏၊ ပဟီနာ–ဖောဖျင်ခုနစ်ပါး, မြတ်တရားဖြင့်, ပယ်ရှားအပ်ပြီးကုန်သော၊ တေ အာဗာဓာ စ–ထိုသည့်ရောဂါ, ဝေဒနာတို့သည်လည်း။ (အနုပတ္တိဓမ္မတံ–တစ်ဖန်ထပ်ကာ, မဖြစ်လာခြင်း သဘောရှိကုန်သည်၏ အဖြစ်သို့၊ ပတ္တာ–မုချမသွေ, ရောက်ကြပေကုန်ပြီ၊) ဧတေန သစ္စဝဇ္ဇေန–ဤကဲ့သို့ မှန်ကန်သော သစ္စာ စကားကို ပြောဆိုရခြင်းကြောင့်၊ တေ–ရတနာသုံးပါးကို, ယုံကြည် အားထား၍ နေသော သင်(ဒါယကာကြီး)အား။ သဗ္ဗဒါ–နေ့ရောညဥ့်ပါ, အခါခပ်သိမ်း။ သောတ္ထိ–ကိုယ်စိတ် နှစ်ဖြာ, ချမ်းသာခြင်းသည်၊ ဟောတု–စင်စစ်မသွေ...ဖြစ်ပါစေသတည်း။

ဗောဇ္ဈင်သုတ်နိဿယ ပြီး၏။

◆◆◆◆◆

http://www.dhammadownload.com

# ပါဠိတော် ဗောဇ္ဈင်္ဂသုတ်ပါဠိ

ကျ။ သတ္တိမေ ဥပါသက ဗောဇ္ဈင်္ဂါ,
ဘာဝိတာ သမ္ဗဒန္တော ဘာဝိတာ ဗဟုလီကတာ,
အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

ခ။ ကတမေ သတ္တ။

(၁) သတိသမ္ဗောဇ္ဈင်္ဂေါ ခေါ ဥပါသက,
ဘာဝိတော သမ္ဗဒန္တော
ဘာဝိတော ဗဟုလီကတော,
အဘိညာယ သမ္ဗောဓာယ
နိဗ္ဗာနာယ သံဝတ္တတိ။

(၂) ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ ခေါ ဥပါသက,
ဘာဝိတော သမ္ဗဒန္တော
ဘာဝိတော ဗဟုလီကတော,
အဘိညာယ သမ္ဗောဓာယ
နိဗ္ဗာနာယ သံဝတ္တတိ။

(၃) ဝီရိယသမ္ဗောဇ္ဈင်္ဂေါ ခေါ ဥပါသက,
ဘာဝိတော သမ္ဗဒန္တော
ဘာဝိတော ဗဟုလီကတော,
အဘိညာယ သမ္ဗောဓာယ
နိဗ္ဗာနာယ သံဝတ္တတိ။

(၂) ပီတိသမ္ဗောဇ္ဈင်္ဂေါ ခေါ ဥပါသက,
ဘာဝိတော သမ္ဗဒန္တော

http://www.dhammadownload.com



ဘာဝိတော ဗဟုလီကတော,
အဘိညာယ သမ္ဗောဓာယ
နိဗ္ဗာနာယ သံဝတ္တတိ။

(၅) ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ ဥပါသက,
ဘာဝိတော သမ္ဗဒက္ခာတော
ဘာဝိတော ဗဟုလီကတော,
အဘိညာယ သမ္ဗောဓာယ
နိဗ္ဗာနာယ သံဝတ္တတိ။

(၆) သမာဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ ဥပါသက,
ဘာဝိတော သမ္ဗဒက္ခာတော
ဘာဝိတော ဗဟုလီကတော,
အဘိညာယ သမ္ဗောဓာယ
နိဗ္ဗာနာယ သံဝတ္တတိ။

(၇) ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ ခေါ ဥပါသက,
ဘာဝိတော သမ္ဗဒက္ခာတော
ဘာဝိတော ဗဟုလီကတော,
အဘိညာယ သမ္ဗောဓာယ
နိဗ္ဗာနာယ သံဝတ္တတိ။

* ဣမေ ခေါ ဥပါသက သတ္တ ဗောဇ္ဈင်္ဂါ,
ဘာဝိတာ သမ္ဗဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ,
အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

ပါဠိတော်ဗောဇ္ဈင်္ဂသုတ္တံ နိဋ္ဌိတံ။

http://www.dhammadownload.com



# ပါဠိတော် ဗောဇ္ဈင်သုတ် နိဿယ

က။ ဥပါသက–ရတနာသုံးရပ်ကို, မပြတ်မလပ်, ဆည်းကပ်မြတ်နိုး, အားကိုးလေ့ရှိသော ဥပါသကာ ဒါယကာကြီး၊ ဘဂဝတာ–မြတ်စွာဘုရားသည်၊ သမ္မ(သမ္မာ)–ရှေ့ဉာဏ်တော်ဖြင့် ပိုင်းဖြတ်၍ အကောင်းမြတ်ဆုံးဖြစ်ရလေအောင်၊ အက္ခာတာ–ဟောပြတော်မူအပ်ကုန်သော၊ သတ္တ–ခုနစ်ပါးကုန်သော၊ ဣမေ ဗောဇ္ဈင်္ဂါ–ဤဗောဇ္ဈင်တရားတို့သည်၊ ဘာဝိတာ–မိမိတို့သန္တာန်၌ ဖြစ်စေအပ်ကုန်သည်ရှိသော်၊ ဗဟုလီကတာ–ကြိမ်ဖန်များစွာ, အလေ့အလာပြုအပ်ကုန်သည်ရှိသော်၊ အဘိညာယ–သစ္စာလေးပါး တရားကို ထူးသောဉာဏ်ဖြင့်သိခြင်းငှာ၊ သမ္ဗောဓာယ–မဖောက်မပြန်, အမှန်အတိုင်းသိခြင်းငှာ၊ နိဗ္ဗာနာယ–ရုပ် နာမ်ခပ်သိမ်းတို့၏ အေးငြိမ်းရာ နိဗ္ဗာန်အကျိုးငှာ၊ သံဝတ္တန္တိ–စင်စစ်ကေန်, အမှန်ပင် ဖြစ်နိုင်ပေကုန်၏။

ခ။ ကတမေ သတ္တ–အဘယ် ခုနစ်ပါးတို့နည်း။

အမှာ။ ။ ဤဗောဇ္ဈင်ရွတ်ရာ၌ဒါယကာအတွက် "သတ္တိမေ ဥပါသက ဗောဇ္ဈင်္ဂါ", ဒါယိကာမအတွက် "သတ္တိမေ ဥပါသိကေ", သီတင်းကြီး–သီတင်းငယ် ရဟန်း သာမဏေများ အတွက်"သတ္တိမေ ဘန္တေ""သတ္တိမေ အာဝုသော ဗောဇ္ဈင်္ဂါ" ဟုဆိုင်ရာထည့်၍ ရွတ်သင့်ပါသည်။

ဘ။ ဥပါသက–ရတနာသုံးရပ်ကို, မပြတ်မလပ်, ဆည်းကပ်မြတ်နိုး, အားကိုးလေ့ရှိသော ဥပါသကာ ဒါယကာကြီး၊ ဘဂဝတာ–မြတ်စွာဘုရားသည်၊ သမ္မ (သမ္မာ)–ရှေ့ဉာဏ်တော်ဖြင့် ပိုင်းဖြတ်၍

http://www.dhammadownload.com



အကောင်းမြတ်ဆုံးဖြစ်ရလေအောင်၊ အက္ခာတော-ဟောပြတော်မူအပ်ခဲ့သော၊ သတိသမ္ဗောဇ္ဈင်္ဂေါ-မိမိရုပ် နာမ်, ခန္ဓာပေါ်၌, သတိထား၍ နေရခြင်းဟူသော သမ္ဗောဇ္ဈင်တရားသည်၊ ဘာဝိတော-မိမိတို့သန္တာန်၌ ဖြစ်စေအပ်သည်ရှိသော်၊ ဗဟုလီကတော-ကြိမ်ဖန်များစွာ, အလေ့အလာပြု အပ်သည်ရှိသော်၊ အဘိညာယ-သစ္စာလေးပါးတရားကို ထူးသောဉာဏ်ဖြင့်သိခြင်းငှာ၊ သမ္ဗောဓာယ-မဖောက်မပြန် အမှန်အတိုင်း သိခြင်းငှာ၊ နိဗ္ဗာနာယ-ရုပ်နာမ်ခပ်သိမ်းတို့၏ အေးငြိမ်းရာ နိဗ္ဗာန်အကျိုးငှာ၊ သံဝတ္တတိ-စင်စစ်ကေန်, အမှန်ပင်ဖြစ်နိုင်ပေ၏။

၂။ ဥပါသက-ဒါယကာကြီး...၊ ဘဂဝတာ-သည်၊ သမ္မ (သမ္မာ)-အောင်၊ အက္ခာတော-သော၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ-ရုပ်နာမ် တရားတို့ကို စိစစ်၍ နေရခြင်းတည်းဟူသော ဓမ္မဝိစယ သမ္ဗောဇ္ဈင်တရားသည်၊ ဘာဝိတော-သော်၊ ဗဟုလီကတော-သော်၊ အဘိညာယ-ငှာ၊ သမ္ဗောဓာယ-ငှာ၊ နိဗ္ဗာနာယ-ငှာ၊ သံဝတ္တတိ-၏။

၃။ ဥပါသက-ဒါယကာကြီး...၊ ဘဂဝတာ-သည်၊ သမ္မ (သမ္မာ)-အောင်၊ အက္ခာတော-သော၊ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ-ကြိုးစား အားထုတ်ခြင်းဟူသော ဝီရိယ သမ္ဗောဇ္ဈင်တရားသည်၊ ဘာဝိတော-သော်၊ ဗဟုလီကတော-သော်၊ အဘိညာယ-ငှာ၊ သမ္ဗောဓာယ-ငှာ၊ နိဗ္ဗာနာယ-ငှာ၊ သံဝတ္တတိ-၏။

http://www.dhammadownload.com



၄။ ဥပါသက-ဒါယကာကြီး…၊ ဘဂဝတာ-သည်၊ သမ္မ (သမ္မာ)-အောင်၊ အက္ခာတော-သော၊ ပီတိသမ္ဗောဇ္ဈင်္ဂေါ-နှစ်သက်ခြင်းဟူသော ပီတိသမ္ဗောဇ္ဈင်တရားသည်၊ ဘာဝိတော-သော်၊ ဗဟုလီကတော-သော်၊ အဘိညာယ-ငှာ၊ သမ္ဗောဓာယ-ငှာ၊ နိဗ္ဗာနာယ-ငှာ၊ သံဝတ္တတိ-၏။

၅။ ဥပါသက-ဒါယကာကြီး…၊ ဘဂဝတာ-သည်၊ သမ္မ (သမ္မာ)-အောင်၊ အက္ခာတော-သော၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ-ကိုယ်စိတ် နှစ်ပါး၏ အေးငြိမ်းခြင်းဟူသော ပဿဒ္ဓိသမ္ဗောဇ္ဈင်တရားသည်၊ ဘာဝိတော-သော်၊ ဗဟုလီကတော-သော်၊ အဘိညာယ-ငှာ၊ သမ္ဗောဓာယ-ငှာ၊ နိဗ္ဗာနာယ-ငှာ၊ သံဝတ္တတိ-၏။

၆။ ဥပါသက-ဒါယကာကြီး…၊ ဘဂဝတာ-သည်၊ သမ္မ (သမ္မာ)-အောင်၊ အက္ခာတော-သော၊ သမာဓိသမ္ဗောဇ္ဈင်္ဂေါ-စိတ်တည်ကြည်ခြင်း ဟူသော သမာဓိသမ္ဗောဇ္ဈင်တရားသည်၊ ဘာဝိတော-သော်၊ ဗဟုလီကတော-သော်၊ အဘိညာယ-ငှာ၊ သမ္ဗောဓာယ-ငှာ၊ နိဗ္ဗာနာယ-ငှာ၊ သံဝတ္တတိ-၏။

၇။ ဥပါသက-ဒါယကာကြီး…၊ ဘဂဝတာ-မြတ်စွာဘုရားသည်၊ သမ္မ (သမ္မာ)-ရွှေဉာဏ်တော်ဖြင့် ပိုင်းဖြတ်၍ အကောင်းမြတ်ဆုံး ဖြစ်ရလေအောင်၊ အက္ခာတော-ဟောပြတော်မူအပ်သော၊ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ-လျစ်လျူရှုခြင်း ဟူသော ဥပေက္ခာသမ္ဗောဇ္ဈင်တရားသည်၊ ဘာဝိတော-သော်၊ ဗဟုလီကတော-သော်၊

http://www.dhammadownload.com



အဘိညာယ–၄ငှာ၊ သမ္ဗောဓာယ–၄ငှာ၊ နိဗ္ဗာနာယ–၄ငှာ၊ သံဝတ္တတိ–ဖြစ်နိုင်ပေ၏။

*ဥပါသက–ဥပါသကာ ဒါယကာကြီး၊ ဘဂဝတာ–သည်၊ သမ္မ(သမ္မာ)–ရှေ့ဉာဏ်တော်ဖြင့် ပိုင်းဖြတ်၍ အကောင်းမြတ်ဆုံး ဖြစ်ရလေအောင်၊ အက္ခာတာ–ဟောပြတော်မူအပ်ကုန်သော၊ ဣမေ သတ္တမောဖ္ဖင်္ဂါ–ဤ မောဖ္ဖင်ခုနစ်ပါး, မြတ်တရားတို့သည်၊ ဘာဝိတာ–မိမိတို့သန္တာန်၌ ဖြစ်စေအပ်ကုန်သည်ရှိသော်၊ ဗဟုလီကတာ–ကြိမ်ဖန်များစွာ, အလေ့အလာ ပြုအပ်ကုန်သည်ရှိသော်၊ အဘိညာယ–သစ္စာလေးပါးတရားကို ထူးသောဉာဏ်ဖြင့်သိခြင်းငှာ၊ သမ္ဗောဓာယ–မဖောက်မပြန် အမှန်အတိုင်း သိခြင်းငှာ၊ နိဗ္ဗာနာယ– ရုပ်နာမ်ခပ်သိမ်းတို့၏ အေးငြိမ်းရာ နိဗ္ဗာန်အကျိုးငှာ၊ သံဝတ္တန္တိ–စင်စစ်ကေန်, အမှန်ပင်ဖြစ် နိုင်ပါပေကုန်၏။

ပါဠိတော် မောဖ္ဖင်သုတ်နိဿယ ပြီး၏။

မဟာဂန္ဓာရုံ ဝတ်ရွတ်စဉ် ပြီးပြီ။

http://www.dhammadownload.com



# နောက်ဆက်တွဲ

## အစာအာဟာရ၌ ပဋိကူလာကာရအားဖြင့် ဆင်ခြင်ပုံ ခြင်းရာ(၁၀)ပါး

## မာတိကာ

### သင်္ဂဟ ဂါထာ

ဂမနာ သေနာ ဘောဂါ, အာသယာ စ နိဓာနတော၊
အပက္ကာ စ ပက္ကာ ဖလာ, နိဿန္ဒတော စ မက္ခနာ၊
ဝဝံ ဒသာဟာ•ကာရေဟိ, ဣက္ခေယျာ ပဋိကူလတာ။

ဂမနာ–ဆွမ်းခံသွားရခြင်းအားဖြင့် လည်းကောင်း၊ သေနာ–အစာရှာရခြင်း အားဖြင့်လည်းကောင်း ဘောဂါ–သုံးဆောင်ခြင်း အားဖြင့်လည်းကောင်း၊ အာသယာ စ–အခြားစီ ဖြစ်တတ်သော သလိပ်, သည်းခြေ, သွေး, ပြည် အားဖြင့်လည်းကောင်း၊ နိဓာနတော–စု၍ တည်နေရာ အစာသစ်အိမ် အားဖြင့်လည်းကောင်း၊ အပက္ကာ စ–မကျက် မကြေသေးသော အားဖြင့်လည်းကောင်း၊ ပက္ကာ စ–ကြေကျက်ပြီး အားဖြင့်လည်းကောင်း၊ ဖလာ–အကျိုးရင်း အားဖြင့်လည်းကောင်း၊ နိဿန္ဒတော စ–ထိုမှ ဤမှ ယိုစီးစိမ့်ထွက်သော အကျိုးဆက် အားဖြင့်လည်းကောင်း၊ မက္ခနာ–လူးလည်းခြင်း အားဖြင့်လည်းကောင်း၊ ဝဝံ–ဤသို့၊ ဒသဟိ အာကာရေဟိ–ဆယ်ပါးသော အခြင်းအရာတို့ဖြင့်၊ ပဋိကူလတာ–စက်ဆုပ်ရွံရှာ, ထွီဖွယ်ရာ အဖြစ်ကို၊ ဣက္ခေယျ–ရှုဆင်ခြင်အပ်၏။

http://www.dhammadownload.com



## (၁) ခွမ်းခံသွားရခြင်း "ဂမန" အားဖြင့် ဆင်ခြင်ပုံ လင်္ကာ

မဟာနုဘော်, ရဟန်းတော်တို့, ရှင်ပျော်ညည့်လုံး, ကျင့်သုံးဓမ္မ, စောစောထ၍, စေတိယင်္ဂဏ, စသည့်ဝတ်ဝတ်, မချွတ်ပြုကာ, ချိန်ခါလင့်ထ, အာသနဒ္ဒ, ဝီသတိသာ, ဝါရာပတ်လုံး, ပိုက်ကြုံး စီးဖြန့်၊ သင်္ကန်းသပိတ်, ပရိက္ခရာ, ယူဆောင်ကာလျှင်, သာယာ ပြန့်ပြူး, ဆန်းထူးစိမ့်စုံ, ရဂုံမြိုင်ဝ, ဝိဝေကကို, အာဟာရတွက်, မငဲ့ကွက်ပဲ, စားမက်ရှာရေး, သုသာန်ပြေးသည့်, တောခွေး အလား, ရွာသို့သွားသော်, စဉ်အားရောက်အောင်, ကွင်းမရှောင်ရ, အိမ်မြှောင် ကြွက်ချေး, လင်းနို့ ချေးနှင့်, ခိုချေး ရှဉ့်ချေး, လူ ချေး ရွံ့ပွက်, ချောက်နက် သစ်ငုတ်, အကောင်ပုတ်ပြွမ်း, ဆွမ်းခံ လမ်းသို့, ကြိုးပမ်းချီရ, တံခါးဝက, မျှားလှဘေးဘျမ်း, ခွေးကြမ်း နွားဆိုး, ဆင် မြင်းဆိုးကြောင့်, ငုတ်လျှိုးမျက်လွှာ, မနေသာခဲ့၊ မျှော်ကာကြည့်ရ, ပြန်ကာလလည်း, သေနယော, အာဟာရော သည်... အဟော စက်ဆုပ်ဖွယ်တကား။

## (၂) အစာရှာမှီးရခြင်း "ပရိယေသန" အားဖြင့် ဆင်ခြင်ပုံ လင်္ကာ

အိုးတိုလက်စွဲ, ဘုန်းစားနဲသို့, ရှင်မွဲရှောင်ချောက်, အိမ်စဉ် လျှောက်၍, ညှိုးအောက်မျက်နှာ, ခွာရာရွံ့ပွက်, တင်ရောက်တက် သား, တစ်ဖက်ဖြင့်ကြွ, တစ်ဖက်မ တည်း, ကာလနွေမူ, လေ ဆောင်ယူသည့်, ဖုံမြူ မြက်မှိုက်, ကိုယ်၌ရစ်ဝိုင်း, အိမ်ဝတိုင်း၌, ယင်ရိုင်းသဲသဲ, ငါးမဲပုပ်စပ်, ချွဲ နှပ် တံတွေး, လူသေး ခွေးဘင်, နွား မစင်က, စသည်များစွာ, ရွံဖွယ်ရာကို, မိုတ်ကာချဉ်းကပ်,

http://www.dhammadownload.com



မှိုင်ကာရပ်လည်း၊ ပုပ်စပ်ကျန်ကြွင်း၊ ထမင်း မုန့်ဟောင်း၊ ကောင်း မကောင်းကို၊ မလောင်းတချို့၊ လောင်းတချို့နှင့်၊ တချို့က ဆဲ၊ ဦးပြဲရဟန်း၊ ဖိုချောင်ခန်းမှာ၊ ကျီးကန်းသဘော၊ ရှာရမောသည်... အဟော စက်ဆုပ်ဖွယ်ပါတကား။

### (၃..၄..၅) အစာသုံးဆောင်ခြင်းစသော "ပရိဘောဂ၊ အာသယ၊ နိစာန" သုံးပါးတို့ဖြင့်ဆင်ခြင်ပုံ လင်္ကာ

စားမည့်စိတ်ရှိ၊ လက်နှိုက်မိမှု၊ မြွတ်ဘိသူကို၊ ဖိတ်လှူမတင့်၊ ပုရှိန်သင့်၍၊ ချွေးနှင့်စိုရွှဲ၊ လက်ဆုပ်ထဲမှ၊ ချေခွဲတစ်တန်၊ အာသို့နံ့သော်၊ ညှီနံ့ တံတွေး၊ ကြေးညစ်မြွေးကို၊ လုံးထွေးပေါင်းစု၊ ထောင်းထုဝါးလျှင်း၊ ခွေးစားကျင်းမှာ၊ ထည့်ခွေးစာသို့၊ ရှုရာမလှ၊ မမြင်ရလို့၊ မြိန်ကြနိုင်ပါ...၊ မျိုသောခါလည်း၊ ဝင်ကာဆင်း လျှောက်၊ စာအိမ်ပေါက်သို့၊ မရောက်ခင်သေး၊ ပြည် သွေး သည်းခြေ၊ သလိပ်တွေဟု၊ လေးထွေအာသယ၊ ရောထဆင်ကွဲ...၊ မွေးကတဲက၊ အနဲငယ်မျှ၊ မဆေးရဘူး၊ လဲလူးရွံဖွယ်၊ အိမ်ဝယ်တည်မော၊ အာဟာရောသည်... အဟော စက်ဆုပ်ဖွယ်တကား။

### (၆..၇..၈) အစာမကြေ စသော "အရိပက္က၊ ပရိပက္က၊ ဖလ" သုံးပါးတို့ဖြင့်ဆင်ခြင်ပုံ လင်္ကာ

ရွာဒွန်းစဏ္ဍား၊ တံခါးအထွက်၊ တံစိုပွက်သို့၊ စက်ဆုပ်ဖွယ်ရာ၊ မိုက်မဲစွာသား၊ အစာအိမ်ထဲ၊ ဟိုလဲ ဤနေ့၊ စားသရွေ့ကို၊ ပေါင်းပွေ့စုလျက်၊ ဓာတ်မီးချက်၍၊ ပရပွက်အူ၊ ကျိုက်ကျိုက် ဆူပွ၊ အမြှုပ်ထလျက်...၊ အူခေါင်းသက်၍၊ ချက်မြစ်ကျောက်ကုန်း၊ အူ အဆုံး ဟု၊ ပတုန်းပိတ်ဝယ်၊ ကျင်ငယ် ကျင်ကြီး၊ ဖြစ်ထပြီးလေ...၊

http://www.dhammadownload.com



ကောင်းစွာကြေက, ကေသာ လောမ, စသည်ရောယု, အပုပ်စုကို, ပြီးမှူစေပါ, မကြေခါမူ, နူနာစိုရွဲ, ပွေးဝဲ အစ, ရာမကာသည့်, ဖလ ရောဂေါ်, ဖြစ်စေသောကြောင့်……အဟော စက်ဆုပ်ဖွယ်တကား။

## (၉) အစာပေါင်းယိုစီးထွက်သော အကျိုးဆက် "နိဿန္ဒ" အားဖြင့် ဆင်ခြင်ပုံ လင်္ကာ

ဝမ်းမြောက် ရှင်ပြွယ်, လူပုံလယ်မှာ, တင့်တယ်ဘိခြင်း, တစ်ခံတွင်းက, သွင်းသည့်အစာ, တစ်ညဥ့်ကြာလျှင်, မျက်နှာညှိုးမှိတ်, နှာခေါင်းပိတ်လျက်, လူဆိတ်ကွယ်ရာ, စွန့်ရရှာသည်, ကြည့်ကာ တောင် မြောက်, ကိုးပေါက်ဒွါရ, အမာဝမှ, ယိုကျ ဖျင်းဖျင်း, ဆံမွေးတွင်းက, သက်ဆင်းကျလျော, အာဟာရောသည်… အဟော စက်ဆုပ်ဖွယ်တကား။

## (၁၀) ပေကျံခြင်း "သမ္မက္ခန" အားဖြင့် ဆင်ခြင်ပုံလင်္ကာ

စားသောအခါ, ခံတွင်းမှာတည်း, ရွံရာမသိ, ထွက်ပြန်ဘိလည်း, တံစိပွက်တွင်း, ချက်ထမင်းမှ, အမြှုပ်ထ၍, ဝါရှနုတ်ခမ်း, အိုးနှုတ်ခမ်းမှာ, လူးလည်းပါသို့, ကိုးဒွါရပေါက်, ဆံမွေးပေါက်မှ, စီးလျှောက်ယိုကျ, ခေဠ မျက်ချေး, နှပ်စေး နဖာ, သွားမှာသွားမြေး, ညစ်ကြေးမစင်, ကျင်ငယ်ဘင်တို့, ဝန်းကျင်လိမ်းကပ်, ရေသုံးသပ်လည်း, ကြပ်ကြပ်မပြယ်, ထွီဖွယ်သဘော, အာဟာရောသည်… အဟော စက်ဆုပ်ဖွယ်တကား။

[ပရမတ္ထသရူပဘေဒနီကျမ်း၊ ဒုတိယအုပ်(၃၇၆)မှ]